# မြနန္ဒါ

မေမန္တလေး

# မြနန္ဒာ

မေမန္တဝေး

# ရွှေသမင် စာပေ

ရွှေသမင် - စာပေ

အမှတ် ၃၉-၄၁၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၁-၂၉၆၁၁၀

စာမူခွင့်ပြုချက် = ၃၅၆/၂၀၀၃ (၃)

မျက်နှာဖုံးခွင့်ပြုချက် = ၃၅၉/၂၀၀၃ (၄)

= ၂၀၀၃ – ခုနှစ်
မေလ ပထမ အကြိမ်

အုပ်ရေ = ၅၀၀

တန်ဖိုး = ၁၅၀/-

ထုတ်ဝေသူ = ဒေါ်ကေခိုင်ဦး (ယာယီ – ၆၆၁)
ရွှေသမင် စာပေ
၃၇၊ ၄၄–လမ်း၊ ဗိုလ်တထောင်မြို့နယ်
ရန်ကုန်တိုင်း။

အဖုံး ပုံနှိပ်သူ = ဦးကျော်ဇင် (မြ – ၀၄၂၂၉)
ခိုင်ရည်မွန်ပုံနှိပ်တိုက်၊ တိုက်ခွဲ၁၄/၁၆
မဟာသုခလမ်းနှင့် ၈၁၊ဗိုလ်ချုပ်လမ်း
ပုဇွန်တောင်မြို့နယ်။

အတွင်း ပုံနှိပ်သူ = ဦးအောင်မြင့်သိန်း (၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်မြို့။

**နိုင်ငံတော်၏ ရည်မှန်းချက်**

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ,
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေသမင်စာပေ၏ တင်ဆက်မှု

# မြန်မာ



စိတ်လှုပ်ရှားစရာတော့ ကောင်းရဲ့။

သိပ်ကိုခေတ်မီတိုးတက်နေတဲ့

မဟာရန်ကုန်မြို့တော်ကြီးကို —

စွန့်စားမှုတာဝန်တစ်ခုနဲ့ ရောက်လာခဲ့တဲ့

မွန္တလေးသူစစ်စစ်

ကောင်မလေးတစ်ယောက်ပါ။

## ၁။

ဆီးရောင်မှန်ချပ်ကြီးများနှင့် အလှဆင်ထားသော မြင့်မားလှသည့် အဆောက်အုံကြီးကို နောက်တစ်ကြိမ် ထပ်မော့ကြည့်မိပြီးသောအခါ "ပြည့်"က ရှိစုရှိမဲ့ သတ္တိလေးတွေနှင့် ကြိုးစားပြီး အားတင်းထားလိုက်ပါသည်။ ဒီအထိရောက်လာခဲ့ပြီးမှ ပြည့် နောက်ပြန်လှည့်လို့ မဖြစ်။ ကိုယ့်ကို အားကိုးယုံကြည်လှတဲ့ သူတွေရဲ့ ယုံကြည်မှု၊ မျှော်လင့်ချက်တွေကို ပြည့် ရိုက်ချိုးလိုက်သလိုတော့ မဖြစ်စေရပါ။

တစ်ညလုံးလည်း ရထားပေါ်မှာ ပြည့် အိပ်မပျော်ခဲ့ပေ။ ပြည့် ရင်ဆိုင်ရတော့မည့် မနက်ဖြန် အနာဂတ်ဆိုတာအတွက်

ပြည့် ရင်ခုန်လှသည်။ စိတ်လှုပ်ရှားလှသည်။ နဂိုကမှ ပါးပါးလျလျလေးဖြစ်သော ပြည့်ရဲ့ ခန္ဓာကိုယ်နဲ့ မျက်နှာလေးဟာ ရထားစီးလာရတဲ့ ခရီးနဲ့၊ ဒီကိုမလာခင်ရက်တွေကတည်းက အဆောင်အရွှေ့အပြောင်း အတွက် အလုပ်ရှုပ်ပင်ပန်းတာရော၊ စိတ်လှုပ်ရှားတာတွေပါပေါင်းကာ ပိုလို့ပိန်သွယ်ပါးလျလို့နေလေသည်။ အခုချိန်မှာများ မှန်ရှေ့မှာ ရပ်မိရင်း ပြည့်ရဲ့ပုံစံသည် ဘယ်လိုဖြစ်နေမည်မသိ။

ခရီးဆောင်သေတ္တာ အလတ်စားတစ်လုံးနှင့် ဂျင်းကျောပိုးအိတ်ညိုညိုတစ်လုံးကို လွယ်လျက်၊ Taxi ပေါ်က ဆင်းပြီးကတည်းက အဆောက်အအုံကြီးရှေ့မှာ ဒီအတိုင်း ရပ်နေမိသော ပြည့်ကို လူတွေစူးစမ်းတဲ့ အကြည့်နဲ့ ကြည့်စပြုပြီ။ မထူးတော့ပါဘူးလေ။ မန္တလေးကနေတောင် ရန်ကုန်အထိ ရောက်လာခဲ့ပြီးပြီပဲ။ ရှေ့ဆက်ရုံသာ ရှိတော့တာပေါ့။

ပြည့်က ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်ကာ အဆောက်အအုံကြီးထဲသို့ ရဲရဲဝံ့ဝံ့ လှမ်းဝင်လိုက်ပါသည်။ ထိုအဆောက်အအုံကြီး၏ မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယ





ထပ်မှာ Shopping Mall ကြီးဖြစ်လေသည်။ ပြည့်သွားရမယ့် အထပ်က ဆဋ္ဌမထပ်၊ (၆)ထပ်ဆိုပါတော့။ ခေတ်မီအဆောက်အအုံကြီးမို့ Lift (ဓာတ်လှေကား)တော့ ရှိမှာပါ။ ပြည့်က Lift (ဓာတ်လှေကား)ကိုသာ အဓိကထားပြီး ဦးတည်ရှာဖွေလိုက်သည်။

မတွေ့။

Lift (ဓာတ်လှေကား)ကို ပြည့် အလွယ်တကူရှာမတွေ့ပါ။

သမားရိုးကျ အဆောက်အအုံတွေမှာတော့ Lift (ဓာတ်လှေကား)က အဆောက်အအုံရဲ့ အစွန်ဘက် ထောင့်ကျကျ နေရာတွေမှာ ရှိတတ်တာပဲ။ ပြည့်က ထောင့်စွန်ဘက်ကို တစ်ခေါက်လျှောက်ကြည့်လိုက်ပါသည်။ သေတ္တာကြီးကို ဟိုဟိုဒီဒီ လျှောက်ဆွဲနေရတာလည်း လေးလွန်းလှပါပြီ။ ပခုံးပေါ်က ကျောပိုးအိတ်ရဲ့ အလေးချိန်ကလည်း သိပ်တော့ မသက်သာလှ။ ရှစ်ထပ်ကို Lift (ဓာတ်လှေကား)နဲ့ မဟုတ်ဘဲ၊ ရိုးရိုးလှေကားကနေတော့ ပြည့် တက်မသွားနိုင်ပါ။ ကိုယ်ရှာမတွေ့

လို့ သူများကို မေးရအောင်ကလည်း ကိုယ့်ရှုး၊ ကိုယ့်စတိုင်လ်နဲ့ သိပ်မအပ်စပ်ဘူးလို့ ပြည့်က ယူဆလေသည်။

တော်ပါသေးရဲ့။

ပထမထပ်ရဲ့ ထောင့်ဆုံးမကျတကျ နားမှာတော့ Lift (ဓာတ်လှေကား)ရှိသည့် အခန်းလို့ ယူဆရသော အခန်းတစ်ခန်းကို ပြည့်တွေ့တော့သည်။ ပြည့်တို့ မန္တလေးက တချို့အဆောက်အအုံတွေမှာ Lift က အဲဒီလို အခန်းနဲ့လည်း ရှိတတ်သည်လေ။

အဲဒီအခန်းနား အရောက်မှ ထိုအခန်းထဲက ထွက်လာသူတစ်ယောက်။ ပြည့်ကို မြင်ဟန်မတူသေးဘဲ သူဝတ်ထားသော စတိုင်ဘောင်းဘီကို ဇစ်ပြန်တပ်၊ ခါးပေါ်ပြန်ဆွဲတင်နှင့် ...။

ဘယ်လိုကြီးပါလိမ့်။

ရန်ကုန်မြို့ဟာ သိပ်ကိုလွတ်လပ်တဲ့နေရာ၊ ယဉ်ကျေးမှုမရှိတဲ့နေရာတစ်ခု ဖြစ်နေခဲ့ပြီလား။ ပြည့်တို့ကြည့်ဖူးသော တချို့နိုင်ငံခြားရုပ်ရှင်တွေထဲကလို Lift (ဓာတ်လှေကား)ထဲ





မှာတောင် လုံခြုံမှု၊ ဣန္ဒြေသိက္ခာ အရှက်တရားတွေ မရှိတော့ဘူးတဲ့လား။

ကြက်သီးမွေးညင်း ထ,လာလျက် ပြည့် ခြေလှမ်းတွေဆက်ပြီး မလှမ်းရဲတော့ပေ။ နောက်ထပ် ဘယ်လိုတွေများတွေ့ရဦးမှာပါလိမ့်။

ထိုလူက သူ့ဘောင်းဘီကို ကိုယ်နေဟန်ကျ ပြုပြင်ပြီးမှ ပြည့်ကို တွေ့သွားဟန် ရှိလေသည်။ သူ့မျက်နှာက ရှက်ရွံ့သွားဟန် အထင်းသား။ သူ့ကို ဒီအတိုင်းရပ်ပြီး ကြည့်နေမိသော ပြည့်ကို ရင်မဆိုင်ရဲသလိုနှင့် ခေါင်းကိုငုံ့ကာ ခပ်သွက်သွက် လှမ်းလာသည်။ သူ ပြည့် အနားက ဖြတ်သွားပြီးမှ ပြည့်က မသိချင်ယောင်ဆောင်ကာ ရှေ့ကို လှမ်းလိုက်သည်။ Lift စီးရမှာတောင် ခပ်ကြောက်ကြောက်ရယ်။

"ဒီမှာ ... ဟိုတစ်ယောက် ..."

ပြည့် လှမ်းလိုက်တာနဲ့ ခေါ်လိုက်သံကြောင့် ဆတ်ခနဲတုန်သွားရသည်။ ဒါပေမယ့် ကိုယ်မကျင်လည်ဖူးတဲ့ အစိမ်းသက်သက်နေရာမှာ သိပ်ကြောက်တတ်တဲ့ပုံစံ ပြရင်တော့

လှတာကာ နိုင်စားတာ ခံရမှာ။ ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား။

လှည့်မကြည့်သေးပေမယ့်၊ ကိုယ့်ကို ခေါ်နေတယ်ဆိုတာတော့ သေချာတာမို့ ပြည့်က မျက်နှာကို အစွမ်းကုန် တင်းထားလိုက်ပါသည်။

"မင်း ... ဘယ်သွားမလို့လဲ"

ပြည့်က ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ဟိုလူ။ ခုနကလူ။ ရုပ်ရည်ကတော့ တော်တော်ကို ချောချောမောမောနဲ့ သန့်သန့်ပြန့်ပြန့် ရှိသားပင်။ အကျင့်စရိုက်နဲ့တော့ တခြားစီပါပဲ။ သနားဖို့တောင် ကောင်းသေးရဲ့။ ပြည့်က စိတ်ထဲက ကြိတ်ပြီး ဝေဖန်ရှုတ်ချလိုက်ပါသည်။

မျက်နှာထားကိုတော့ တင်းထားလျက်နှင့်ပင်။

"ကျွန်မဘာသာ ဘယ်သွားသွားပေါ့ ... ရှင်နဲ့ ဘာဆိုင်လဲ ... ရှင် မေးစရာ မလိုဘူး ... ကျွန်မလည်း ဖြေစရာမလိုဘူး"

ထိုသူ့မျက်နှာက ရယ်ချင်နေပုံ ပေါက်သွားသည်။ သူ





ကပဲ တစ်ပြုံးကြီး။ ပြည့်ကို ငနုံအထင်ပြီး ဘာတွေလုပ်စားဦးမယ် မသိ။

"ဟုတ်ပါတယ် ... မင်း ဘယ်သွားသွား ကိုယ်နဲ့မဆိုင်ပါဘူး ... ဒါပေမယ့် မင်းအခုဦးတည်နေတဲ့ နေရာက မင်း သွားချင်နေတဲ့နေရာ မဟုတ်ဘူးဆိုတာရော မင်းသိရဲ့လား"

"ရှင် ... ရှင် ... ရိုင်းလှချည်လား ... ရှင် ဘာစကားပြောတာလဲ"

"ဆောရီး ... တကယ့်ကို ဆောရီးပါ ... ကိုယ်က စေတနာနဲ့ပါ၊ ဒီအခန်းက အမျိုးသမီးတွေအတွက် မဟုတ်ဘူး၊ အမျိုးသားတွေ့ကြိုက်လက်ပါ ... မင်း အခန်းမှားမှာစိုးလို့ ကိုယ် စေတနာနဲ့ သတိပေးတာပါ"

သူပြောနေတုန်းမှာပဲ ထိုအခန်းထဲကနေ ယောကျ်ား နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ထွက်လာကြလေသည်။ တကယ်ပဲ ဒါဟာ ယောကျ်ားလေးအိမ်သာကိုး။ ပြည့်က Lift အခန်းနဲ့မှ မှားတော့တာပါလဲ။

ပြည့်မှာ ရှက်ကိုးရှက်ကန်းနှင့် ထိုသူ့ကိုတောင် ရဲရဲ

မကြည့်ရဲတော့။ ဒီတစ်ကြိမ် ခေါင်းကြီးငုံ့ပြီး ခပ်သွက်သွက် လှမ်းရသူက ပြည့် ဖြစ်နေပါသည်။

♥ ♥ ♥

Lift ထဲရောက်သည်အထိ ခုနက အဖြစ်အပျက်ကို တွေးမိကာ ခပ်ရှက်ရှက်နှင့် ရယ်ချင်လှစွာ ရှိနေရလေသည်။ မြည့်ကလည်း ပြည့်ပါပဲ။ ကိုယ့်ကိုယ်ကိုယ် လည်လှပြီဆိုပြီး ဟန်ကြီးပန်ကြီးနဲ့။ မမှားသင့်တဲ့နေရာကိုမှ မှားရတာ။ ဒါလည်း ပြည့် အပြစ်တော့ မဟုတ်ပါဘူးလေ။ အခန်း၀မှာ စာမှ ရေးမထားတဲ့ဥစ္စာ။ ဘာအမှတ်အသားမှလည်း ပြမထား။ ဒီအဆောက်အအုံရဲ့ တာ၀န်ရှိသူတွေကသာ ပေါ့လျော့တာ။

(၆)ထပ်ကို ရောက်သည်နှင့် Lift တံခါးက သူ့အလိုလို ပွင့်လာပါသည်။ အလေးအပင်ပစ္စည်း တစ်ပုံတစ်ပင်နှင့် ပြည့်မှာ Lift အပြင်ကိုတောင် မထွက်ရသေး၊ ထိုအထပ်မှာ စောင့်နေသော ပြည့်နှင့် မတိမ်းမယိမ်း ကောင်မလေးတွေ





လေးငါးယောက်က Lift ထဲ အလုအယက် ၀င်လာကြသည်။ လောကကြီးထဲမှာ သူတို့တွေပဲ ရှိတဲ့ ပုံစံမျိုးတွေနှင့် ...။ တစ်ယောက်က ပြည့် ခရီးဆောင်သေတ္တာကြီးကို ၀ုန်းခနဲ ၀င်တိုက်သည်။ တစ်ယောက်ကတော့ Lift တံခါးကို ပိတ်ဖို့ လက်အလှမ်း ...

"မပိတ်နဲ့ ..."

ပြည့်က အကျယ်ကြီး အော်ပစ်လိုက်သည်။ ဘယ့်နှယ်နော် ... ဘယ်လိုယဉ်ကျေးမှုမဲ့တာတွေနဲ့ လာတွေ့နေရတယ်မသိ။ Lift ရပ်တာနဲ့၊ ထွက်မယ့်သူ ရှိ မရှိ၊ စောင့်ပြီးမှ ကိုယ်က ၀င်ရတဲ့ဥစ္စာ။ ပြည့်တို့ မန္တလေးမှာဆို ဒီလို မဟုတ်ပါ။

လှမ်းပိတ်ဖို့ ပြင်နေသော ကောင်မလေးရော၊ တခြားကောင်မလေးတွေပါ ပြည့်ကို ခပ်စူးစူးစိုက်စိုက် ကြည့်လိုက်ကြလျက် ...

"ယူက ဆင်းမှာလား"

"ဆင်းမှာ ... ဒီအထပ်မှာ ဆင်းမှာ ... ဘယ့်နှယ် ...

ပါလာတဲ့လူ ဆင်း,မဆင်းကို မစောင့်ဘူး၊ အတင်းကို ပြေးဝင်လာကြတော့တာပဲ”

ပြည့်သည် သူတို့ကြည့်တာကို နည်းနည်းမှ ဂရုမစိုက်ဘဲ၊ ကိုယ်ပြောချင်တာကိုသာ ပြောရင်း ပစ္စည်းတွေနှင့် Lift ထဲက ထွက်လိုက်ပါသည်။ တကယ်ပဲ ... ဘယ်လိုကောင်မလေးတွေမှန်း မသိ။ ဒီဟာတွေနဲ့ တစ်ထပ်တည်းသာ အခန်းနီးနားချင်း ဆိုရင်တော့ ဒုက္ခ။

“စိတ်မဆိုးပါနဲ့ မြေဖြူတောင့်ရယ် ... ဟိဟိ ... ကိုယ့်သေတ္တာကြီးပေါ် ကိုယ်မှောက်ရက် လဲနေပါဦးမယ်”

အုပ်စုထဲက ဘယ်သူက ပြောလိုက်တယ် မသိ။ ပြည့်ကြည့်လိုက်ချိန်မှာ Lift တံခါးပိတ်သွားပြီ။ ခုနက Lift ကို အကြာကြီး ရှာထားရတာကို စိတ်မရှည်ချင်ရတော့တဲ့အထဲမှာ ပြည့် ပိုပြီး စိတ်ဂိုသွားရသည်။ ရန်ကုန်နဲ့ပြည်၊ တကယ်ကို ခြားတိမတည့်ဘူးလားတော့ မသိ။ လူကို အပြောခံလိုက်ရသေးရဲ့။ မြေဖြူတောင့်တဲ့။ ခရီး ရောက်မဆိုက်၊ နာမည်ဖျက်သူ တစ်ယောက်နဲ့တော့ တွေ့ပါပြီ။





ပြည့်က အလွတ်မှတ်ထားသော အခန်းနံပါတ်ကို အလယ်စင်္ကြံတစ်လျှောက်၊ လျှောက်လာရင်း ရှာရသည်။ တွေ့ပြီ။ ပြည့်တွေးထားခဲ့သလိုပင် ထောင့်ဆုံးခန်း ဖြစ်ပါသည်။ ဒါပေမယ့် ပြည့်သည် အခန်းဝက ဘဲလ်ကို ချက်ချင်းမနှိပ်ရဲသေး၊ နောက်ပြန်လှည့်ဖို့ အခွင့်အရေးတွေ ပြည့်မှာအများကြီးရှိသေးတာပဲ။ ဒါပြင်ဆင်ခွင့်အတွက် နောက်ဆုံးအချိန်ဖြစ်လေသည်။ လွန်ခဲ့တဲ့ ဆယ့်ကိုးနှစ်ကတည်းက ခွဲခွာခဲ့ရတဲ့ အဖေနဲ့ အစ်ကို့ကို ပြန်လည်ပိုင်ဆိုင်ရစေဖို့။ ဒီတံခါးတစ်ချပ် ပွင့်သွားတာနဲ့ အရာရာ ပြောင်းလဲသွားတော့မည်။

ပြည့် ဘယ်လိုဆုံးဖြတ်ရမှာတဲ့လဲ။

ပြည့်ဘဝတစ်လျှောက်လုံးမှာ၊ အဖေ့မေတ္တာ၊ အဖေ့ဂရုစိုက်မှုဆိုတာ မရခဲ့စဖူး။ ပြည့်သိတတ်စ အရွယ်ကစလို့၊ အဖေဆိုတာ ပြည့်ဘေးမှာ မရှိတော့။ မေမေ မဆုံးပါးခင်အထိ မေမေ တစ်ယောက်တည်းကသာ အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး စောင့်ရှောက်ပေးခဲ့တာ ဖြစ်သည်။

နှစ်ဆယ့်သုံးနှစ်ဆိုသော အသက်အရွယ်ရောက် မိန်းက

လေးတစ်ယောက်အနေနဲ့ ဘာ့ပဲပြောပြော မိခင်မရှိတော့တဲ့ အခါ၊ ဖခင်ရဲ့ အုပ်ထိန်းမှုအောက်မှာ ရှိနေသင့်သေးတာပဲ မဟုတ်လား။ ပြည့်သည် မေမေ့ကို သတိရလာမိကာ မျက်ရည်တို့က သူ့အလိုလို မျက်ဝန်းထဲ အိုင်ထွန်းလာကြပြန်သည်။

မထူးပါဘူးလေ။

အဖေနဲ့ အစ်ကို့မေတ္တာကို တစ်ရက်ပဲရရ၊ တစ်လပဲရရ၊ တစ်နှစ်ပဲရရ၊ ပြည့် ခံယူရမည်။

ပြည့်က ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်ကာ အခန်းဝက ဘဲလ်ဆီကို လက်လှမ်းလိုက်ပါသည်။

♥ ♥ ♥

နေမကောင်းဘူး ဆိုလို့ သတင်းလာမေးကြတာ ဆိုသော ဆက်ရက်မလေးတစ်သိုက် ပြန်သွားသည်နှင့် လူကပိုလို့အဖျားတက်သွားသလို ရှိလေသည်။ တော်တော်ရှုပ်တဲ့ ငတိမတွေ။ စကားပြောတဲ့ ဟန်အမူအရာကစလို့ ဝတ်ပုံစားပုံ





အဆုံး၊ မျက်စိနှောက်ချင်စရာ။ အခုခေတ်စားနေသော ခေါင်းလောင်းလက်နှင့် ကိုယ်ကျပ်အင်္ကျီတွေ၊ တိုတိုကပ်ကပ် ကျပ်ကျပ် စကတ်တွေ၊ ခါးပတ်တွေနှင့် ရှုပ်ယှက်ခတ်နေသော ဝတ်ပုံစားပုံတွေက သူ့အတွက်တော့ လှပပြီး ရှုချင်စဖွယ် မရှိလှပေ။

ခေတ်မမီဘူးဘဲ ပြောပြော၊ တောကျတယ်ပဲဆိုဆို သူကတော့ နှစ်ဆယ့်ခြောက်နှစ် ဆိုတဲ့ အသက်အရွယ်နဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာပေါက်စတစ်ယောက် ဖြစ်ပေမယ့် အဲဒီလို မိန်းကလေးတွေရဲ့ ပြင်ဆင်မှုကို သူ မနှစ်သက်။ ပိတောက်ကိုတောင် အခန်းနီးနားချင်းမို့ သူ ဆက်ဆံဖြစ်တာ။ တော်ရုံဆိုရင် ခေတ်လွန်အပြင်အဆင်နဲ့ မိန်းကလေးမျိုးဆို၊ သူ့အသိမိတ်ဆွေမဖွဲ့ဖြစ်။ မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေတတ်တာကတော့ သူ့ပင်ကိုစရိုက်လည်း ဖြစ်ပါသည်။ ငယ်ငယ်ကတည်းက ဖေဖေနဲ့သား နှစ်ယောက် တစ်ဘဝ ဖြစ်ခဲ့တာမို့ မိန်းမသားဆိုရင် အမေနဲ့တောင် တရင်းတနှီး နေခွင့်ရခဲ့တာ မဟုတ်။ မိခင်မေတ္တာ ငတ်မွတ်စွာနဲ့ ကြီးပြင်းလာခဲ့ရတာ။

ငယ်ငယ်တုန်းက အကြောင်းတွေ ပြန်စဉ်းစားမိရင်တော့ သူ့အသက် ခုနစ်နှစ်အရွယ်ထိ မိစုံဖစုံကလေးငယ်တစ်ယောက် အဖြစ် ပျော်ရွှင်စွာ နေခဲ့ရဖူးပါသည်။ ဖေဖေရယ်၊ မေမေရယ်၊ သူရယ်၊ ပြီးတော့ ... ညီမလေးရယ်။ မိသားစုလေးယောက်ရဲ့ ပျော်စရာကမ္ဘာလေး ဖြစ်ခဲ့ဖူးသည်။ မေမေ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စတစ်ခုကို ဖေဖေ မကျူးလွန်ခင် အချိန်ထိပေါ့။ အဲဒီအချိန် နောက်ပိုင်းမှာတော့ သူတို့မိသားစု တစ်ကွဲတစ်ပြားစီ ဖြစ်ခဲ့ရသည်။

မိုးဖွဲဖွဲ တစ်ညနေမှာ ညီမလေးလက်ကိုဆွဲပြီး မေမေ အိမ်က ထွက်သွားခဲ့တာ။ မေမေနဲ့အတူ လိုက်မယ်ဆိုပြီး သူ ငိုယိုနေခဲ့ပေမယ့် မေမေက သူ့ကိုခေါ်မသွားခဲ့ပေ။ အဲဒီ ကစလို့ မေမေနဲ့ ညီမလေးကို မတွေ့ရတော့တာ အခုချိန်ထိ ပဲ ဖြစ်သည်။ လွန်ခဲ့သောနှစ်များဆီကတော့ မေမေ ဆုံးပါး သွားခဲ့ပြီဆိုတာ သူ သိခဲ့ရသည်။ ညီမလေးတစ်ယောက်တည်း ဘယ်လိုများ ကျန်ရစ်ခဲ့မှာပါလိမ့်။ သူရော ဖေဖေပါ ညီမလေး ရဲ့ သတင်းကို စုံစမ်းခဲ့ကြသည်။ မကြာသေးခင်ကာလမှာ





တော့ ညီမလေးရှိနေရာကို ဖေဖေ ရောက်သွားခဲ့လေသည်။ သူက ကျောင်းတစ်ဖက်နှင့်မို့ မလိုက်ပါသွားခဲ့ရ။

ဖေဖေ ပြန်လာတော့ ညီမလေး ပါမလာခဲ့ပါ။ အနှစ် နှစ်ဆယ်နီးပါး ခွဲခွာခဲ့ကြတော့လည်း သူတို့အပေါ်မှာ ညီမ လေး သံယောဇဉ်နည်းပါးနေပြီ ထင်ပါသည်။ အိမ်က ထွက် သွားခဲ့ကတည်းက မေမေက မန္တလေးမှာ ဇာတ်မြှုပ်နေခဲ့တာ တဲ့။ အခုတော့ ညီမလေးက မန္တလေးသူကြီး ဖြစ်နေခဲ့ပြီ။

"ဖေဖေက ဖေဖေနဲ့ တစ်ခါတည်း လိုက်ခဲ့ဖို့ ခေါ်ပါ တယ် ... မလိုက်သေးဘူးတဲ့ ... သူ စဉ်းစားဦးမယ်တဲ့လေ ... သူ ဆုံးဖြတ်ပြီးမှ ရန်ကုန်ကို လာခဲ့ပါမယ်တဲ့ ... ပုံစံကတော့ မင်းမေမေ အတိုင်းပဲ ... ဖြူဖြူနုနု ပါးပါးလျားလျားပေမယ့် ခေါင်းမာမယ့်ပုံစံပဲ ... သူ လိုက်လာမှာတော့ သေချာပါတယ်၊ သမီးရဲ့ ရင်ထဲက ဆူးတစ်ချောင်း ပျောက်သွားတဲ့အချိန်ထိ ဖေဖေတို့ စောင့်တာပေါ့ကွာ"

မန္တလေးက ပြန်လာပြီးတော့ ဖေဖေက ထိုသို့ပြောခဲ့ ပါသည်။ အဲဒီနောက်ပိုင်းမှာတော့ သူရော ဖေဖေပါ တံခါး

က ဘဲလ်သံကြားတိုင်း ညီမလေးများလားဆိုပြီး တံခါးကို အပြေးဖွင့်ရတာ အမော။ အခုတော့ သုံးလေးလရှိသွားပြီမို့ မျှော်လင့်ချက်ကတော့ အားလျော့နေပါပြီ။

ဖေဖေကလည်း သူ့ကုမ္ပဏီကိစ္စအတွက် ပြည်ပခရီး ရက်(၂၀)ထွက်သွားတာမို့ အိမ်မှာ သူတစ်ယောက်တည်း။ ဖေဖေ သွားတာ နှစ်ရက်သာ ရှိသေးရဲ့။ သူတစ်ယောက် တည်း အထီးကျန်ဆန်နေပြီ။ နေမကောင်းတာမို့ ပိုလို့တောင် အထီးကျန်ရသည်။ ဖေဖေ မသွားခင်ကတည်းက သူ အအေး မိပြီး ဖျားချင်နေတာ။ ဖေဖေ သွားတဲ့နေ့မှာဲ သူ ဖျားလေသည်။ နီးရာဆေးခန်းတစ်ခုမှာ ဝင်ပြပြီး ဆေးကိုလည်း လေးရက်စာ ဝယ်ခဲ့ကာ ဒီရက်ပိုင်းမှာ သူ ဘယ်မှ မထွက်ဖြစ်တော့။ ဆိုက်ထဲမှာလည်း သူ မရှိရင်လည်း ဖြစ်တာ ကြောင့်ပါ။

ပိတောက်တို့ ပြန်သွားပြီးမှ သူ ကိုယ်ပြန်ပူလာသလို ရှိသည်။ ကော်ဖီပူတစ်ခွက်နဲ့ ဆေးသောက်ဖို့ စိတ်ကူးပြီး ထမင်းစားခန်းထဲဝင်တော့ ရေနွေးက အဆင်သင့် ရှိမနေ။ ဟုတ်ပေသားပဲ။ နံနက်ကတည်းက သူ ရေနွေးမတည်ဖြစ်။





ညတုန်းက ကျန်တဲ့ရေနွေးနဲ့သာ ကော်ဖီဖျော်လိုက်တာ။ တစ် ခါတည်း ပလပ်တပ်ပြီးတည်လို့ရသော ရေနွေးဓာတ်ဘူးမျိုး မို့ သိပ်တော့ အလုပ်မရှုပ်လှပါ။ ဆူတာနဲ့ သူ့အလိုလို ခလုတ်ပြန်ကျသွားမှာ။ ထိုဓာတ်ဘူးထဲ ရေထည့်၊ ပလပ်တပ် ပြီး အိမ်ရှေ့ဧည့်ခန်းကို ပြန်ထွက်လာလိုက်သည်။

ဧည့်ခန်း၊ ထမင်းစားခန်းနဲ့ မီးဖိုက တွဲလျက်ပါပြီး အိပ်ခန်း(၃)ခန်းပါသော ကွန်ဒိုမိနီယံ တိုက်ခန်းမို့သာ တော် ပါသေးသည်။ အရင်တုန်းကလို အိမ်အကျယ်ကြီး ဆိုရင်တော့ အခုလို တစ်ယောက်တည်း ရှိချိန်မျိုးမှာ ပိုပြီးအထီးကျန်မှန်း သိသာမှာ။ ဒီတစ်ခါတော့ ဖေဖေ စိတ်ကူးကောင်းတာကို သူ ထောက်ခံလိုက်မိပါသည်။

သုံးယောက်ထိုင် ဆိုဖာကြီးပေါ်မှာ အလျားလိုက် လှဲ အိပ်လိုက်ရင်း သူ့အတွေးတွေ ဟိုဟိုဒီဒီ ရောက်နေမိသည်။ မေမေနဲ့ ညီမလေးသာ ရှိနေခဲ့ရင် ...၊ သိပ်ကိုပျော်စရာကောင်း လိမ့်မယ် ထင်ပါရဲ့။ အခုလို သူနေမကောင်းချိန်မျိုးဆိုရင် လည်း မြူစွမ်ချိန် မြူစွမ်၊ ကော်ဖီချိန် ကော်ဖီ အဆင်သင့်နဲ့ ဘေးကနေ ဂရုတစိုက် ပြုစုမှာ။

အခုတော့ ...

" ... ... ..."

ငှက်ကလေးတစ်ကောင်ရဲ့ သီချင်းဆိုသံလို မြည်သော သူတို့အခန်းတံခါးရဲ့ ဘဲလ်မြည်သံ။ သူ ခေါင်းထောင်သွားသည်။ လာပြန်ပြီလား ဧည့်သည်။ ရင်းနှီးတဲ့ ဧည့်သည်ဆိုရင်တော့ အိမ်ရှင်ကိုပြန်ပြီး ပြုစုခိုင်းလိုက်ဦးမည်။

မလွှဲသာလို့သာ လှဲနေရာက ထ,လိုက်ရပေမယ့် လူက မူးနောက်နောက်နှင့် ခေါင်းထဲမှာ မကြည်လင်။ ပြောမနာဆိုမနာ ရင်းနှီးပြီးသား သူတစ်ယောက်ယောက်သာ ဖြစ်ပါစေ ဟူသော စိတ်ကူးမျိုးနှင့် သူက အခန်းတံခါးကို ဖွင့်လိုက်ပါသည်။

♥ ♥ ♥

ဟင်းခပ်ဇွန်းအကြီးစား ရှာမတွေ့တာမို့ ပြည့်က တွေ့သည့် စတီးလ်ဇွန်းအရှည်နဲ့ပဲ၊ ခေါက်ဆွဲကို နူးမနူးစမ်းကြည့်





လိုက်ပါသည်။ ကုန်ဆုံးရက်နီးနေသည့် တချို့ခေါက်ဆွဲတွေသည် ဘယ်လောက်ပြုတ်ပြုတ်၊ နူးအိမသွားတတ်။ မာဆတ်ဆတ်ကြီး ဖြစ်နေတတ်တာမို့ပါ။ ဒီခေါက်ဆွဲကတော့ ခဏလေးနဲ့တင် နူးအိသွားပြီ။

လိုအပ်တဲ့ အစာတွေကိုလည်း သင့်တင့်ရုံကြည့်ပြီး ထည့်လိုက်တာမို့ ခေါက်ဆွဲပြုတ်နံ့က တစ်ခန်းလုံး သင်းလာလေသည်။ ပြည့်တောင်မှ ဗိုက်ထဲက ဆာလာသလိုလိုပါ။ ဒါပေမယ့် ပြည့်က ခေါက်ဆွဲပြုတ်တွေ ဘာတွေမကြိုက်။ ဒီနံနက်ဘူတာမှာ ရထားဆိုက်ကတည်းက ပြည့် စိတ်ထဲ စားချင်တယ်ဆိုပြီး တောင့်တ,လိုက်မိတာ နံနက်တိုင်း အဆောင်ရှေ့မှာ လာရောင်းနေကျ ကောက်ညှင်းပေါင်းနှင့် မတ်ပဲကြော်။ ဒါဟာ ရန်ကုန်လေ၊ မန္တလေးမှ မဟုတ်တာဆိုပြီး ကိုယ့်စိတ်ကိုယ် ဖြေရသည်။

ဘယ်လောက်မှန်း မသိတဲ့ အချိန်အတိုင်းအတာ တစ်ခုအထိ ရန်ကုန်မှာ ပြည့်နေရဦးမှာ။ အရာရာမန္တလေးကိုသာ သတိရမနေဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးရလေသည်။

"ညီမလေးလည်း စားပါလား ... ဘူတာက တန်းပြီး လာတာဆိုတော့ ဗိုက်ဆာနေရောပေါ့ ..."

ကိုယ့်နောက်နားကနေ အသံထွက်လာတော့မှ ပြည့်က အတွေးစ ပြတ်သည်။ လက်ရှိ အခြေအနေကို သတိဝင်သည်။ ပြည့် ရန်ကုန်ရောက်နေခဲ့ပြီ။ ပြည့်ရဲ့ ... အဲလေ ... ခင်လပြည့်ရဲ့ အစ်ကိုနဲ့ အဖေရှိရာကို ရောက်နေခဲ့ရပြီ။ အဖေကတော့ နိုင်ငံခြားခရီး သွားပါသတဲ့။ ပြည့် တွေ့ရတာကတော့ ခင်လပြည့်ရဲ့အစ်ကို၊ ထွန်းသူရိန် ဖြစ်လေသည်။

တံခါးဝမှာ ဘဲလ်မတီးခင် အကြာကြီးရပ်ပြီး ပြည့် စဉ်းစားနေမိခဲ့သေးသည်။ လပြည့်ရဲ့ ဆန္ဒကို ပြည့် တကယ်ပဲ ကူညီရမယ်တဲ့လား။ ညီအစ်မရင်းချာတွေလို ချစ်ကြရသော လပြည့် စိတ်ချမ်းသာမယ်ဆိုရင် ပြည့်လည်း စိတ်ချမ်းသာပါသည်။ ပြီးတော့ ... မင်းခန့်။ မင်းခန့်ကပါ လပြည့်ဆန္ဒကို သဘောတူခဲ့လေသောအခါ ပြည့် မငြင်းရက်တော့ပါ၊

ဘဲလ်ကို နှိပ်အပြီး၊ တံခါးက ချပ်ခနဲ ပွင့်လာခဲ့ကာ၊ ခေါင်းစွပ်ဆွယ်တာ နီညိုရောင်နှင့် လူရည်သန့် တစ်ယောက်





ဘွားခနဲ ပေါ်လာခဲ့လေသောအခါ ပြည့်သည် လက်ဖျားခြေဖျားတွေ အေးစက်လျက် ရုတ်တရက် စကားမဆိုနိုင်ခဲ့။ ဖေဖေ ရှိနေလိမ့်မယ်လို့ ပြည့် မျှော်လင့်ထားခဲ့မိတာ ဖြစ်သည်။ မျက်လုံး၊ မျက်ခုံးနဲ့ မျက်နှာကျပုံကို ကြည့်ရုံနဲ့တင် ကိုကိုထွန်းသူရိန် ဆိုတာ သေချာနေတာမို့ ပြည့်သည် ဘယ်က ဘယ်လိုစပြီး စကားစရမယ်ဆိုတာ မသိ။

သူက အံ့ဩသလို မျက်ခုံးပင့်သွားလျက် ဇဝေဇဝါဟန်နှင့် ...

"ဘာကိစ္စရှိပါသလဲ ခင်ဗျာ ... ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ပြည့်က ကိုယ့်အသံကို ကိုယ်အနိုင်နိုင်ထိန်းကာ ...

"ကျွန်တော် ... ကျွန်တော် မန္တလေးက လာတာပါ ... ဖေဖေ ... ဖေဖေက ကျွန်တော့်ကို ...၊ ကိုကိုက ကိုကိုထွန်းသူရိန် မဟုတ်လား၊ ကျွန်တော် ... ခင်လပြည့် ... ပါ ..."

ပြည့်စကား အဆုံးမှာတော့ ပြည့်တို့ မကြာခဏ ကြည့်ဖူးသည့် ရုပ်ရှင်တွေထဲက မောင်နှမတွေ ပြန်ဆုံသည့် ဇာတ်

ဝင်ခန်းတစ်ခုလို ဆုံတွေ့မှုမျိုး ဖြစ်လာခဲ့လေသည်။ သူက ပြည့် ပခုံးကို ဝမ်းသာအားရနှင့် သိုင်းဖက်လိုက်လျက်၊ ပြည့်ရဲ့သေတ္တာကိုလည်း တစ်ဖက်ကဆွဲကာ အခန်းထဲကို သွင်းလိုက်လေသည်။ ပြည့်သည် သူ့ထက် ခေါင်းတစ်လုံးစာလောက် အရပ်နိမ့်တာမို့ သူ့ရင်ခွင်ထဲ အလိုလိုရောက်နေသလို ဖြစ်နေရကာ၊ လန့်တာရော၊ စိုးရွံ့စိတ်တွေပါရောကာ ရင်တွေ တလှပ်လှပ် ဖြစ်လာရသည်။

သူကတော့ ပြည့်ကို သူ့ညီမလေး အရင်းအချာလို ဆက်ဆံပေမယ့် ပြည့်မှာကတော့ ကိုယ်ဝမ်းနာကိုယ်သာသိ။

"ကိုယ် ဝမ်းသာလိုက်တာ ... အခုပဲ ညီမလေး အကြောင်းကို ကိုယ်တွေးနေသေးတယ် ... ဖေဖေ သွားကတည်းက ညီမလေး ဖေဖေနဲ့ အတူပါလာမယ်ထင်ပြီး ကိုယ်က မျှော်ရတာ၊ ဖေဖေကတော့ ပြောသွားသား ... ဒီရက်ပိုင်းမှာ ညီမလေး ရောက်လာမယ် ထင်တယ်တဲ့"

"ဖေ ... ဖေဖေ မရှိဘူးလား ..."

"ဖေဖေက စင်ကာပူနဲ့ ဟောင်ကောင်ကို ရက်နှစ်ဆယ်





ခရီးထွက်သွားတယ် ... သူ့အလုပ်ကိစ္စနဲ့ပါ ... ညီမလေး ကံကောင်းတယ် သိလား ... ခါတိုင်းဆိုရင် ဒီလိုအချိန်မျိုးဆို ကိုယ်ကလည်း ဆိုဒ်ထဲသွားတော့ အိမ်မှာ ဘယ်သူမှ မရှိတတ်ဘူး ... ညနေအထိ ညီမလေး စောင့်နေရမှာ ... ကိုယ်က ဒီနေ့ နေမကောင်းတာနဲ့ အိမ်မှာရှိနေလို့ ..."

အခုမှပဲ သူ့ကိုယ်ငွေ့က နွေးနေတာကို ပြည့်က သတိပြုမိသည်။ ဆွယ်တာအင်္ကျီကိုလည်း ဝတ်ထားတာ။ ခုနကတော့ ထူပူလန့်ဖျပ်နေတာမို့ ပြည့် သတိမပြုမိပေ။ ပြည့်ပခုံးပေါ်မှာ တင်ထားဆဲဖြစ်သော သူ့လက်တစ်ဖက်ကို ပြည့်က စမ်းကြည့်လိုက်တော့ ...

"ကိုယ် တော်တော်ပူနေတာပဲ ကိုကိုရဲ့ ... ဆေးသောက်ထားရဲ့လား ... ဘာဆေးသောက်ထားလဲ"

"အခုမှ ဆေးသောက်မလို့ ... ကော်ဖီဖျော်ဖို့ ရေနွေးမရှိတာနဲ့ ရေနွေးတည်ထားရင်းနဲ့ စောင့်နေတာ"

အဖျားရှိန်ကြောင့် သူ့မျက်နှာက ပန်းရောင်သမ်းကာနေသည်။ သူက လပြည့်နဲ့ တော်တော်ဆင်တာပါလား။

လပြည့်နဲ့ ဆင်တယ်ဆိုတော့ ပြည့်နဲ့လည်း ဆင်တာပေါ့လေ။ အထူးတလည် မေးစရာ၊ စစ်စရာတောင် မလိုဘဲ မျက်နှာကြည့်ရုံနဲ့တင် ပြည့်ကို သူ့ညီမလေးဆိုတာ သူယုံကြည်သွားဟန် တူပါသည်။ ပြည့်စိတ်ထဲမှာလည်း သူ့ကို အလိုလိုရင်းနှီးနေရသည်။

"ကိုယ်က တွေးနေတာ ... ဘဲလ်သံကြားတော့ ရင်းနှီးတဲ့သူဆိုရင်တော့ ကိုယ့်ကို ပြုစုခိုင်းမလို့ ... ကိုယ်တော်တော်ကိုနုံးနေတာ ... ဆေးသောက်ဖို့တောင် မနည်းကို အားတင်းထားရတယ်"

"အခု ကျွန်တော် ရောက်လာပြီပဲ ... ကိုကို့ကို ကျွန်တော် ပြုစုမှာပေါ့၊ ကိုကို ဘာစားချင်လဲ ... ကျွန်တော် လုပ်ပေးမယ် ... ကိုကို သက်သောင့်သက်သာဖြစ်အောင်သာ နေပါ"

နောက်ဆိုရင်လည်း ဒီအိမ်ကိုပဲ၊ ကိုယ့်မိဘအိမ်၊ ကိုယ့်အိမ် သဘောမျိုးနဲ့ နေရမှာမို့ ပြည့်က ဧည့်သည်ကြီးတစ်ယောက်လိုလည်း မနေချင်ပါ။ ပြီးတော့ သူကလည်း နေမ





ကောင်းတာမို့ ပိုဆိုးသေးသည်။ ကိုယ့်အိမ်ကိုယ့်ရာလို့ပဲသဘောထားပြီး ပြည့်က လုပ်ကိုင်ပေးရမှာ။

ဘာပဲဖြစ်ဖြစ်၊ ဒီအိမ်မှာ ပြည့်နေရတဲ့ အခိုက်အတန့်မှာတော့ ပြည့်က ခင်လပြည့်ပါပဲ။ ကိုကိုထွဋ်သူရိန်သည်လည်း ပြည့်ရဲ့ အစ်ကိုသာ ဖြစ်လေသည်။ နေမကောင်းတဲ့ အစ်ကိုကိုပြုစုပေးဖို့ ညီမလေးတစ်ယောက်မှာ အပြည့်အဝ တာဝန်ရှိတယ် မဟုတ်လား။

ခေါက်ဆွဲပြုတ်ရတော့ ခေါက်ဆွဲပြုတ်ပန်းကန်ကို သူ့ရှေ့မှာ ချထားပေးပြီး ဆေးသောက်ဖို့ပါ ကော်ဖီကို တစ်ဆက်တည်း ဖျော်နေတော့၊ သူက ထမင်းစားပွဲမှာထိုင်ပြီး ခေါက်ဆွဲပြုတ်ပူပူကို တစ်ဇွန်းချင်းသောက်ကာ ပြည့် လှုပ်ရှားနေမှုမှန်သမျှကို ကြည့်နေခဲ့လေသည်။

♥ ♥ ♥

# အပိုင်း(တစ်)

## ၂။

မျက်လုံးတို့ကို ဖွင့်လိုက်သည်နှင့် ခါတိုင်းလို ခြင်ထောင် အမိုးဝါဝါကို မတွေ့ရဘဲ မျက်နှာကြက် ဖြူဖွေးဖွေးနှင့် မီးဆိုင်းလှလှကို တွေ့ရတော့မှ ငါ အခု ရန်ကုန်မှာပါလား ဆိုသော အတွေးက ပြည့် စိတ်ထဲကို ရောက်လာသည်။ ညတုန်းက တော့ ခရီးပန်းတာရော၊ စိတ်မောရတာတွေရောကြောင့် အိပ်ရာထဲရောက်တာနဲ့ တစ်မှေးတည်း အိပ်ပျော်သွားခဲ့တာ။ နံနက်မိုးလင်းလို့ အိပ်ရာကနိုးတော့မှ ဒါ မန္တလေး မဟုတ်ပါလား ဆိုတာ ပြန်ပြီး အသိဝင်သည်။

အခန်းနံရံမှာ အဆင်သင့် ရှိနေသော နာရီကို လှမ်းကြည့်လိုက်တော့ နံနက်(၆)နာရီခွဲ။

သူ အဖျားမှ ကျရဲ့လား။

ညအိပ်ရာဝင်ခါနီး အချိန်ထိ အဖျားမကျသေးသော ကိုကို့ကို ပြည့် ချက်ချင်းသတိရသည်။ ဆရာဝန်ပေးထားတယ် ဆိုတဲ့ ဆေးတွေကတော့ မနည်းမနောပါပဲ။ ရောဂါနဲ့ဆေး၊ အစပ်အဟပ် တည့်ပါ့မလားတော့ မသိ။

မျက်နှာသစ်၊ ကိုယ်လက် သန့်စင်ပြီးတော့ ညဝတ်အင်္ကျီကို ရှပ်အင်္ကျီ ခပ်ပွပွတစ်ထည်၊ ယောလုံချည်နှင့် လဲလိုက်သည်။ မျက်နှာကိုတော့ သနပ်ခါးမတင်ရရင် မနေ တတ်သူမို့ သနပ် ခါးရေကျဲလေး လိမ်းလိုက်သည်။ မန္တလေးမှာက အပြင်ထွက်ရင် သနပ်ခါး မလိမ်းလို့မဖြစ်။ အညာ နေပူရှိန်ရဲ့ ဒဏ်ကို သနပ်ခါးကသာ ကာကွယ်နိုင်တာလေ။ သနပ်ခါး လိမ်းလွန်းလို့သာ ပြည့်ရဲ့ အသားအရေဟာ ဒီလောက် ဖြူနေနိုင်တာ။

အားလုံးပြင်ဆင်ပြီးသွားလို့၊ ပြည့်အခန်းပြင်ကို ထွက်





လာတော့ သူ့အခန်းတံခါးက ပိတ်ထားဆဲ။ မနိုးသေးဘူးထင်ပါရဲ့။ ဆေးထဲမှာ အိပ်ဆေးလည်း ပါလောက်ပါသည်။ ပြည့်က ခြေဖွဖွနင်းကာ အသံမထွက်အောင် ဂရုစိုက်ရင်း ဘုရားရှိခိုး၊ ဘုရားသောက်တော်ရေချမ်းကပ်၊ ရေနွေးတည်၊ အိမ်သန့်ရှင်းရေးလုပ်နှင့် မန္တလေးမှာနေတုန်းက ဝတ္တရားတွေအတိုင်း ဆက်တိုက်လုပ်သွားလိုက်ပါသည်။

ထမင်းစားခန်းထဲက နံရကပ်ဗီရိုတစ်ခုထဲမှာ ပလတ်စတစ်ပုံး အလတ်စားတစ်ခုနှင့် ဆန်ကိုတွေ့တာမို့ နို့ဆီဘူးတစ်လုံးစာကို ပြည့်အတွက် ထမင်းချက်ပြီး သူ့အတွက်လည်း ဆန်ပြုတ် ပြုတ်ထားပေးလိုက်သည်။ ဟင်းချက်စရာကတော့ ဘာမှ မရှိပါ။ ဖြစ်သလိုပဲ အပြင်မှာ ဝယ်စားကြပုံ ရပါသည်။ မီးဖိုချောင်သုံး ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆီတွေ၊ [illegible] တွေတောင်မရှိ။ ဆားတောင်မှ ရယ်ဒီမိတ် အထုပ်သေး[illegible] လေးတစ်ထုပ်ကိုသာ ကတ်သီးကတ်သတ် ရှာ[illegible]။ သားအ နှစ်ယောက်ဟာ တော်တော်ကို အစားအသေ[illegible]က် အတွ[illegible] စိ[illegible] မဝင်စားကြ[illegible]လား မသိ။ အလွ[illegible]ကူ ကြ[illegible]က်

ဥကြော်စားလိုက်တာမျိုး အတွက်တောင် အပြည့်အစုံ မရှိပေ။

ပြည့်က ကော်ဖီတစ်ခွက်ဖျော်ပြီး ကော်ဖီခွက်ကို ဘေးချကာ မီးဖိုချောင်အတွက် လိုအပ်တဲ့ စာရင်းတွေကို စာရွက်တစ်ရွက်မှာ ချရေးနေတုန်း။

"... ... ..."

ဖုန်းသံက မြည်လာပါသည်။ ဖုန်းတင်ထားရာ စင်နားကို ရောက်သွားပြီးမှ ကိုင်ရနိုး၊ မကိုင်ရနိုးနှင့် ပြည့် ဒွိဟဖြစ်နေပြန်သည်။ မထူးပါဘူးလေ။ နောက်ဆိုရင်လည်း အိမ်မှာ ဘယ်သူမှ မရှိချိန်မှာ ပြည့်ပဲ ဖုန်းကိုင်ရမှာပါပဲ။

"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်"

ပြည့် ထူးလိုက်တော့ တစ်ဖက်ကလည်း ဖုန်းကိုင်ထားတာသေချာပေမယ့် ဘာမှမပြော။ ပြည့်က တစ်မျိုးဖြစ်သွားရကာ ...

"ဟယ်လို ... အမိန့်ရှိပါရှင်"

နောက်တစ်ကြိမ် ပြန်ထူးတော့လည်း ဒီအတိုင်းပဲမို့ ပြည့်က ဖုန်းကို ပြန်ချထားလိုက်သည်။ ဘာဖြစ်လို့ မပြော





တော့တာလဲ။ မိန်းကလေးသံ ကြားလို့များလား။ အဲဒါဖြစ်နိုင်တယ်။ ကိုကို့ကောင်မလေးများလား။ ကိုကို့မှာ ကောင်မလေး ရှိတယ်တဲ့လား။ တွေးလိုက်မိရင်း၊ ပြည့် ရင်ထဲတွင် နှမြောသလိုလိုကြီး ဖြစ်လာသည်။

ကိုကို့မှာ ချစ်သူ ရှိနေပြီတဲ့လား။

အင်းလေ ... ဒီအရွယ် ရောက်မှတော့ ချစ်သူရှိနေလောက်ရောပေါ့

"... ......"

ဖုန်းတင်သည့် စင်ဘေးနားမှာ ငူငူငိုင်ငိုင်ကြီး ရှိနေမိတုန်း၊ အိမ်ရှေ့က လူခေါ်ဘဲလ်သံက မြည်လာပြန်သည်။ စောစောစီးစီး ဧည့်သည်က လာဦးမှာလား မသိ။ ကိုကိုကလည်း မနိုးသေး။

ပြည့်က စိတ်မပါတပါနှင့် တခါးကိုဖွင့်သည်။ တံခါးကို လုံးဝအပြည့်ကြီးလည်း မဖွင့်ရဲ၊ တိုက်ခန်းတွေမှာနေသည့် အလေ့အထ မရှိတာမို့ ပြည့်က လန့်ပါသည်။ မှုခင်းဂျာနယ်

တွေထဲမှာ ဖတ်ရသော တချို့အမှုတွေက ဘယ်သူဘယ်ဝါမှန်း မသိဘဲ တိုက်ခန်းတံခါးကို အရမ်း အရမ်းဖွင့်လို့ ဖြစ်ရတဲ့ အမှုတွေတဲ့။ ပြီးတော့ ... ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာလည်း မဟုတ်။

လူတစ်ကိုယ်စာ ဝင်နိုင်ရုံလေးသာ တံခါးကို ဖွင့်လိုက်ပြီး ပြည့်က ခေါင်းပြူကြည့်လိုက်ပါသည်။

"ကိုသူရိန် ရှိလား ..."

အမျိုးသမီးတစ်ယောက်။ ပြည့်တို့နဲ့ မတိမ်းမယိမ်း အရွယ်လောက်ပါပဲ။ စပန့်သားဂါဝန် ဒူးနားမရောက်တရောက်နှင့်။ ဆံပင်တို့ကလည်း ခေါင်းစည်းကြိုးတစ်ခုနှင့် ဖြစ်သလို စုစည်းထားပုံရလေသည်။ သူများအိမ်ကို လာလည်သော ညှေ့သည်တစ်ယောက် ပုံစံမျိုး မဟုတ်ဘဲ၊ အခုမှ အိပ်ရာက ဝုန်းဒိုင်းကြဲပြီး ထ,လာသော ပုံစံမျိုးနှင့်။

မေးတာကို မဖြေသေးဘဲ၊ ပြည့်က သူ့ပုံစံကိုသာ အသဲအမဲ အကဲခတ်နေတာမို့ အမျိုးသမီးက စိတ်မရှည်တော့ပုံနှင့် ကျွတ်ခနဲ စုတ်သပ်လိုက်ရင်း ...





"ဒါ ကိုကိုသူရိန်တို့ အခန်းတော့ ဟုတ်ပါတယ်ရှလေ တစ်ညတည်းနဲ့တော့ မပြောင်းသွားလောက်ပါဘူး" ကြို

"ဟုတ်တယ် ... ဒါ ... ကိုသူရိန်တို့ အခန်းပါ ... ကိုကို အိပ်နေတယ်၊ မနိုးသေးဘူး၊ ဘာကိစ္စရှိလို့ပါလဲ"

ဒီတစ်ကြိမ်တော့ ထိုအမျိုးသမီးက ပြည့်ကို တစ်လှည့်ပြန်ပြီး အသည်းအသန် အကဲခတ်သွားရလေသည်။ ရှိသမျှ မျက်ခုံးမွေးအားလုံးကို ပြောင်နေအောင် ရိတ်ထားပြီး၊ ကမန်းကတန်း ထလာတာမို့ မျက်ခုံးမွေးဆွဲ ခဲတံနဲ့ မဆွဲလာရဘူး ထင်ပါရဲ့။ မျက်ခုံးအစုံက ပြောင်ပြောင်ရှင်းရှင်းကြီး ဖြစ်နေရတဲ့အထဲ၊ မျက်ခုံးကို ရှုံ့ထားတာကြောင့်ပိုပြီး အကြည့်ရဆိုးသွားလေသည်။ ပြည့်သည် သူ့မျက်နှာကို ကြည့်ကာစိတ်ထဲတွင် ရယ်ချင်စိတ်နှင့် ယားကျိကျိ ဖြစ်လာရသည်။

ပြည့်ကို ကြည့်နေပုံကများ လူထူးလူဆန်းတစ်ယောက်ကို ကြည့်နေတဲ့ ပုံစံမျိုးနဲ့။

"ယူက ... ကိုကိုသူရိန်တို့အိမ်မှာ ညအိပ်တာ ... ဟုတ်လား ... မနေ့ကအထိ ယူ့ကို မတွေ့ပါဘူး ... ယူက

တွေ့ရ ... သ ... ပူရိန့်အခန်းကို ...၊ မဟုတ်မှလွဲ ...းလာတာတော့ မဟုတ်ပါဘူး

ထိုအမျိုးသမီးမေးလိုက်ပုံကို မေမေသာ ရှိခဲ့ပြီး တွေ့ရင်တော့ ဆပ်ပြာသည့် လင်ပျောက်သလိုပဲဆိုပြီး ပြောမှာ သေချာပါသည်။ သူ့ပုံစံကိုကြည့်ပြီး ပြည့်က အသည်းယားလွန်းတာကြောင့် တမင်သက်သက်ပင်။

"အဲဒါကိုတော့ ပြောခွင့်မရှိဘူး ... ကိုကို့ ခွင့်ပြုချက် မရသေးဘူး၊ အစ်မမှာ အရေးတကြီးကိစ္စများ ရှိလို့လား ... ကိုကိုက မနိုးသေးဘူး၊ လာရတာ အပန်းမကြီးဘူးဆိုရင် ခဏနေမှ ပြန်လာလိုက်ပါလား"

"ဩော် ... ဩော် ... ဒါဆိုရင်လည်း ပြီးရောလေ ... ကိုကိုသူရိန် နိုးလာရင်တော့ ပီတောက် လာသွားတယ်လို့ ပြောလိုက်ပါ"

ပြောပြီးတာနဲ့ ချာခနဲ လှည့်ထွက်သွားတာမို့ ပြည့်မှာ





ဘာမှ ပြန်မပြောနိုင်တော့ဘဲ ဒီအတိုင်း လိုက်ငေးနေရလေသည်။ ဘယ်ကနေများ အိပ်မှုန်စုံမွှား ပုံစံမျိုးနဲ့ ဝုန်းဒိုင်းကြဲပြီး ရောက်လာရတာပါလိမ့်။ ဖုန်းထဲကနေ မိန်းကလေးသံကြားတာနဲ့ အသည်းအသန် ထ,ပြေးလာတာတော့ သေချာပါသည်။ ကိုကိုနဲ့ ဘယ်လိုများ ပတ်သက်လဲတော့ မသိ။ တမင်သက်သက် ရွဲ့ပြီးဖြေလိုက်မိတာတောင် မှားသွားသလားမသိပါ။

ပြည့်က အဝေးကြီးက လာတယ်ထင်ပြီး Lift ရှိရာဘက်ကို ဦးတည်မယ်ထင်ထားပေမယ့် ထိုအမျိုးသမီးက ပြည့်တို့အခန်းနဲ့ တစ်ခန်းကျော်က ဖြစ်နေလေသည်။ သူတို့အခန်းတံခါးကို မကျေမနပ်နဲ့ ဝုန်းခနဲ ဆောင့်ပိတ်သွားတာ၊ ပြည့်တောင် ရင်တုန်သွားရရဲ့။

ဩော် ... လက်စသတ်တော့ ဟိုဘက်အခန်းက အပျိုဖြန်းဇာတ်လမ်းကိုး။ အဲဒါကြောင့် ဖုန်းချပြီးတာနဲ့ ချက်ချင်းရောက်လာခဲ့တာ။ ပြည့်က ပြုံးစိစိနှင့် တစ်ယောက်တည်းသဘောကျကာ အခန်းတံခါးကို ပိတ်ကာ ပြန်အဝင် ...

"ညီမလေး နိုးနေပြီကိုး ... စောစောစီးစီး အလှူခံလားညီမလေး"

သူက နိုးနေခဲ့ပြီ။ မွေးပွတဘက်ကို ပခုံးနှစ်ဖက်ပေါ်မှာ တင်လျက်၊ သူ့မျက်နှာက လန်းလန်းဆန်းဆန်းပင်။ ပြည့်သည် ပြုံးလက်စ အပြုံးကို အရှိန်မသတ်နိုင်သေးဘဲ ...

"ဟုတ်ကဲ့ ... နိုးနေပြီ ကိုကို ... မင်္ဂလာ နံနက်ခင်းပါ ... ကိုကို အဖျားကျရဲ့လား"

"လူကတော့ ပေါ့ပေါ့ပါးပါး ဖြစ်သွားတာပဲ ... ကျပြီ ထင်ပါတယ် ... ညီမလေးတော့ ရောက်တာနဲ့ လူမမာ ပြုစုလိုက်ရတာနဲ့ ပင်ပန်းသွားပြီ ထင်တယ်"

"မပင်ပန်းပါဘူး ကိုကိုရဲ့ ... ကိုကို့အတွက် ကျွန်တော် ဆန်ပြုတ်၊ ပြုတ်ထားပေးတယ် ... ဘာအသားငါးမှ မတွေ့တာနဲ့ လောလောဆယ်တော့ သကြားဆန်ပြုတ်ပေါ့၊ ဪ... ခုနက အလှူခံမဟုတ်ဘူး ကိုကို၊ ဟိုဘက်တစ်ခန်းကျော်က ..."

ပြည့်က နာမည်ကို မပြောသေးဘဲ၊ သူ့ကို တစ်ချက်





မျက်လွှာပင့်ပြီး ကြည့်လိုက်ပါသည်။ သူ့မျက်နှာထားက ဘာအပြောင်းအလဲမှ မရှိပေ။ တော်ပါသေးရဲ့။ ပြည့်က မျက်လွှာပင့်ကြည့်ပြီး အကြည့်ပြန်လွှဲလိုက်ကာ ...

"ဗိုတောက်တဲ့ ... လာသွားတယ်"

သူ့မျက်ခုံးနှစ်ခု ထိစပ်လုမတတ် ရှုံ့သွားပါသည်။

"စောစောစီးစီး ... ဘာလာရှုပ်ပြန်ပြီလဲ မသိဘူး ... ဘာကိစ္စတဲ့လဲ ညီမလေး"

ပြည့်က ချက်ချင်းမဖြေသေးဘဲ ထမင်းစားခန်းထဲကို ဆက်ဝင်လာခဲ့လိုက်သည်။ ကော်ဖီကတော့ နှပ်ထားပြီးသားပါ။ ဆန်ပြုတ်ကလည်း နွေးနေတုန်းပင်။ ပြန်မနွေးတော့ပါဘူးလေ။ ခပ်နွေးနွေးလေးပဲ ကောင်းပါတယ်။

"ပထမတော့ ဖုန်းဆက်တာ ... ကျွန်တော် ထူးလိုက်တော့ ဘာစကားမှ မပြောဘူး ဖုန်းချသွားတယ် ... ပြီးလည်းပြီးရော အခန်းဝကို ချက်ချင်းရောက်လာတာပဲ ... အိပ်မှုန်စုံမွှား ပုံစံနဲ့။ ကျွန်တော့်ကိုလည်း မေးလိုက်တာ စုံနေရော၊

ကျွန်တော်လည်း ဘာဖြေရမှန်း မသိတော့တာနဲ့ ကိုကို နိုးလာမှပဲ မေးပါတော့လို့ ပြောလိုက်တော့တယ်"

"ကောင်းတယ် ... အလကား ငရှုပ်မ ... ဖုန်းထဲမှာ ထူးထူးဆန်းဆန်း မိန်းကလေးသံကြားလို့ နေမှာပေါ့"

ဆန်ပြုတ်ပန်းကန်ကို သူ့ရှေ့နားမှာ ချပေးလိုက်ကာ ပြည့်က သူ့မျက်နှာရိပ်ကို အကဲခတ်မိပြန်သည်။ အဲဒီပိတောက်ဟာ သူ့အတွက် ဘာမှ သိပ်ပြီးအရေးမကြီးလှဘူး ထင်ပါရဲ့။ ပြည့်စိတ်ထဲတွင် နည်းနည်းတော့ ပေါ့ပါးလာသည်။ တစ်ခုခုများ ပတ်သက်တယ် ဆိုရင်တော့ ပြည့်ကပါလိုက်ပြီး ပတ်သက်ရင်းနှီးပေးရမှာ။ မျက်ခုံးမွှေး မရှိတာကို တွေးမိရုံနဲ့တောင် ပြည့်ပြုံးချင်ပါသည်။

"ဒါပေမယ့် ကျွန်တော်ကတော့ ယဉ်ယဉ်ကျေးကျေး လိမ်လိမ်မာမာပဲ ပြောလိုက်ပါတယ် ... ကိုကိုနဲ့ ဘယ်လိုဆိုတာ ကျွန်တော် မသိဘူးလေ ... တော်ကြာ ကျွန်တော့်အစ်မတော်ရမယ်ဆိုရင် ..."

ပြည့်က စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်





သည်။ သူကတော့ ပြည့် ဘာကိုဆိုလိုတယ် ဆိုတာကို သတိပြုမိပုံ မပေါ်သေးဘဲ ဆန်ပြုတ်ကို တစ်ဇွန်းချင်း သောက်နေရင်းမှ ပြည့်စကားကို အမှိပ္ပာယ်ပေါက်သွားပုံနှင့် ...

"ဟာ ... ကိုယ်က အဟုတ်မှတ်လို့ နားထောင်နေတာ... ညီမလေးက ကိုယ့်ကို ပိတောက်နဲ့ တစ်မျိုးထင်နေတာကိုး၊ ဘာမှ မဟုတ်ပါဘူးကွာ ... အခန်းနီးနားချင်းမို့ အလိုက်သင့်ဆက်ဆံတာမျိုးပါပဲ၊ ဘာမှ မပတ်သက်ပါဘူး"

"ကန်တော့နော် ကိုကို ... ကျွန်တော်က ကိုကို့ ကိုယ်ရေးကိုယ်တာကို စွက်ဖက်ချင်တဲ့ ဆန္ဒမျိုးနဲ့ မဟုတ်ပါဘူး၊ သူ့ပုံစံကို ကြည့်ရတာ ဒီအိမ်မှာ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရတာနဲ့ သရဲသဘက်တွေ့သလိုပဲ၊ ကိုကို့အတွက် အရမ်းကို စိုးရိမ်ထိတ်လန့်သွားတဲ့ ပုံစံမျိုး ဖြစ်နေလို့ပါ"

"ကိုယ်စိတ်မဆိုးပါဘူး ... တောင်းပန်စရာလည်း မလိုပါဘူး ညီမလေးရယ် ... သူများ ကိုယ်ရေးကိုယ်တာမှ မဟုတ်တာ၊ ကိုယ့်အစ်ကိုရဲ့ ကိုယ်ရေးကိုယ်တာက ညီမလေးရဲ့ကိုယ်ရေးကိုယ်တာပဲပေါ့၊ ညီမလေးရဲ့ ကိုယ်ရေးကိုယ်တာကလည်း

ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာပဲလေ ... မဟုတ်ဘူးလား၊ ကိုယ်တို့မှာ ဒီလောကကြီးမှာ မောင်နှမဆိုလို့ ဒီမောင်နှမလေး နှစ်ယောက်ပဲ ရှိတဲ့ဥစ္စာ ... ညီမလေးက ကိုယ့်ကိုကြောက်နေ တယ်ထင်တယ် ... မကြောက်နဲ့နော် ... ကိုယ့်ကို သူငယ်ချင်း တစ်ယောက်လိုပဲ သဘောထား ...”

“ဟုတ်ကဲ့ ကိုကို”

ရောက်ခါစလည်းဖြစ်၊ ကိုယ်ကလည်း ကိုယ့်ဇာတ်လမ်း အစီအစဉ်တွေနဲ့ကိုယ်မို့၊ ကြောက်လန့်တဲ့စိတ်ကို မနည်းမွေး နေရတာ။ လောကကြီးမှာ ဘယ်လိုလူကိုမှ ပြည့် မကြောက် ပေ။ မှားယွင်းတဲ့ ခံယူချက်မျိုးနဲ့ အရှိအသေမဲ့ပြီး အကြောက် အလန့် မရှိတာမျိုးတော့လည်း မဟုတ်ပါ။ ကိုယ်က အမှန် တရားကိုသာ ကျေကျေနပ်နပ်လက်ကိုင်ထားတာမို့ မကြောက် တတ်တာမျိုးပါပဲ။ အခုတော့ ပြည့်လို အမှန်တရားစစ်စစ်ကို လက်ကိုင်ထားသူ ကိုယ်တိုင်ကိုက အတုလုပ်နေရတာ။ ရယ် ချင်စရာလည်း ကောင်း၊ စိတ်ရှုပ်စရာလည်း အကောင်းသား ပင်။





အဲဒါတွေအားလုံး စတာန့်ထွင်ချင်လွန်းတဲ့ လပြည့် ငရှုပ် မကြောင့်။ ငရှုပ်မ ဇာတ်လမ်းတွေ ထွင်သမျှ၊ ပြည့်က လိုက် ပြီး ဖြည့်ဆည်းပေးနေရတာ။ ကိုယ့်အလုပ်အကိုင်တွေဖျက်၊ ကိုယ့်တပည့်တွေကို တခြားသူငယ်ချင်းတွေနဲ့ လွှဲထားခဲ့ရကာ၊ “မေပြည့်ဝေ”ဆိုတဲ့ ဘဝကို ခေတ္တပြည်ဖုံးကားချထားခဲ့ရတာ။ ဒီကိုလာခါနီးတုန်းကတောင် လပြည့်ကို ပြည့် ပြောခဲ့ပါသေး သည်။

“ကျုပ်တော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲနော် ဒေါ်လပြည့်၊ တစ်ခုခုများ အမှားအယွင်း ဖြစ်သွားပြီး ရှင့်အဖေနဲ့ ရှင့်အစ်ကို က ခပ်ဆိုးဆိုးဆိုရင် ကျုပ်တော့ လိမ်လည်မှုဆိုပြီး လက် ကောက်ဆင်တူ ဝတ်ရမှာနော်၊ ရှင် ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်နဲ့”

“အေးပါ ... စိတ်ချပါ ရွှေပြည့်ရယ် ... ရှင် ဒုက္ခရောက် မယ့် ကိစ္စမျိုးကို ကျုပ်က လုပ်ပါ့မလား ... ရှင်က ကျုပ်ရဲ့ အခက်အခဲတွေကို ကူညီပေးတဲ့ ကျေးဇူးရှင်ပါ ... ကျုပ်က ရှင့်ကို တစ်သက်လုံး ကျေးဇူးတင်နေရတာ”

သူ့ဆန္ဒကို လိုက်လျောပေးပြီ ဆိုရင်တော့ လပြည့်က အဲဒီလို လေချိုသွေးလေးနှင့် ကျေကျေနပ်နပ် ဆိုတတ်လေသည်။ အခုလည်း ပြည့်က တော်ရုံလူဆိုရင် မလိုက်လျော၊ မကူညီနိုင်တဲ့ ကိစ္စမျိုးကို လပြည့် အတွက် စွန့်စွန့်စားစား ကူညီပေးခဲ့ရတာ။ ဟိုးငယ်စဉ် ကလေးဘဝကတည်းက လပြည့်ရဲ့ ဆန္ဒဆိုရင် ပြည့် မလိုက်လျောဘူး ဆိုတာ ဘယ်တုန်းကမှ မရှိဘူးခဲ့။ လပြည့်ကလည်း ထိုနည်းလည်းကောင်းပါပဲလေ။ ပြည့်အတွက် ဆိုရင် အမြဲတမ်း အရာရာ အဆင်သင့်ရှိတတ်တာ။ ပြည့်တို့နှစ်ယောက်က တကယ့်ကို နှစ်ကိုယ့်တစ်စိတ် ဖြစ်သည်။

ကော်ဖီခွက်ကို ရှေ့ချပြီး ပြည့်အတွေးတို့ လပြည့်ရှိရာ မန္တလေးကို ရောက်နေရတာမို့၊ အိမ်ရှေ့က ဖုန်းသံမြည်လာတာကိုလည်း မကြား။ သူက ဖုန်းကိုင်ဖို့ ပြည့်ရှေ့ကနေ ထ, ထွက်သွားတော့မှ ပြည့်က လက်ရှိ အခြေအနေကို သတိဝင်သည်။ ဖုန်းလာပြန်ပြီ။ သူပြောသော အခန်းနီးနားချင်းဆိုတဲ့ ပိတောက်ဆီက ဆိုတာ ဗေဒင်ဆရာလို အတတ်ဟောလိုက်ချင်ပါသည်။





ပြည့် မှန်းထားသည့် အတိုင်းပင် သူက ဖုန်းကို မနည်းစကားဖြတ်ကာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထမင်းစားခန်းထဲ ပြန်ဝင်လာသည်။

"ထင်တဲ့အတိုင်းပဲ ... ပိတောက်ဆီကလေ ... ညီမလေးကို ဘယ်သူလဲ ... ဘာလဲဆိုပြီး စပ်စုနေလိုက်တာ မပြီးတော့ဘူး၊ ကိုယ်ပြောတာကို မယုံနိုင်ဘူး ဖြစ်နေတယ်၊ ကိုယ်က သိပ်ရှည်ရှည်ဝေးဝေး မပြောချင်တာနဲ့ ... တကယ်ကို အလိုက်မသိတဲ့မိန်းမ"

အင်းပေါ့လေ။ ဘယ်သူက ကိုယ့်မိသားစုရဲ့ ပြဿနာကို အပြင်လူကို ပြောချင်ပါ့မလဲ။ အသက်နှစ်ဆယ်ကျော်၊ အပျိုကြီးဖားဖား ညီမတစ်ယောက် နတ်ပြည်က ကျလာသလို ဝုန်းခနဲ ရောက်လာတဲ့ အကြောင်းရင်း အမှန်ကိုသာ ရှင်းပြရရင်တော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါးက ဖေဖေ့ရဲ့ အမှားတွေကိုပါ ဖော်ထုတ်ရမှာပင်။

အခုလည်း ဖေဖေ့ အမှားကြောင့် ဖြစ်ခဲ့ရတဲ့ အကြောင်း

တွေကိုတော့ ဖေဖေ့သားက ဘယ်တကူးတကက ရှင်းပြတူးဖော်ချင်ပါ့မလဲလေ။ ဒါဟာ အမှန်ပဲ။

"ကိုယ်တို့ နှစ်ယောက်ကို မောင်နှမအရင်းခေါက်ခေါက်ဆိုတာ၊ သူ လုံးဝမယုံနိုင်ဘူးတဲ့၊ မောင်နှမတွေလို ခံစားရတဲ့ ခံစားမှုမျိုးကို ရင်ထဲမှာ မခံစားရဘူးတဲ့ ..."

တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွားရပါသည်။ တကယ်ပဲ မောင်နှမတွေလို မခံစားရဖူးတဲ့လား။ အဲဒီလို ခံစားမှုမျိုးကို ပြည့် နားလည်သည်။ မိန်းကလေး တစ်ယောက်နဲ့ ယောက်ျားလေးတစ်ယောက်ကို တွဲပြီး တွေ့လိုက်တာနဲ့ သူငယ်ချင်းလား၊ ရည်းစားလား၊ လင်မယားလား၊ မောင်နှမလားဆိုတာ မသိစိတ်ကနေ အလိုလိုခံစားရတဲ့ ခံစားမှုမျိုး ရှိပါသည်။ ပြည့်လည်း ခံစားဖူးတာပဲ။ ပီတောက် အဲဒီလိုပြောလာမယ်လို့တော့ ပြည့် မျှော်လင့်မထားပေ။

ကိုယ်ကို မသိမသာ ကျုံ့ထားလိုက်ရင်း ဘာမှမဖြစ်သလိုနှင့် ...

"ဟုတ်လား ... သူမို့လို့ ရှာရှာဖွေဖွေ ပြောတတ်တယ်





ကျွန်တော်တို့ နှစ်ယောက် မျက်လုံး မျက်ခုံးရော၊ မျက်နှာကျပုံရော၊ ဒီလောက် ဆင်တူနေတာကိုမှ မောင်နှမဆိုတာ မယုံဘူး ဆိုရင်တော့ ဘယ်လိုမှ ယုံမလဲ မသိဘူးနော်"

"အလကားပါကွာ ... သူ့ အတော်ကြီး အသည်းအသန်ထလာတာကို ကိုယ်ဟားမှားစိုးလို့ ပြန်ပြီး ကာဗာယူတဲ့သဘောပါ"

ပြည့်သည် အနည်းငယ် စိတ်အေးသွားလျက် ...

"ရန်ကုန်သူတွေက အဲဒီလိုပဲ ထင်တယ်နော် ကိုကို ... စကားပြောကလည်း ပါးနပ်၊ စပ်စုချင်စိတ်ကလည်း များနဲ့၊ ကျွန်တော်တို့ မန္တလေးမှာဆိုရင် အဲဒီလောက်တော့ မစပ်စုပါဘူး။ သူများရဲ့အိမ်တွင်းရေးကို ..."

"ဂလိုဘယ်လိုင်ဖေးရှင်းလေ ... ရန်ကုန်မှာက ကမ္ဘာကြီးနဲ့အပြိုင် လိုက်နေတဲ့ ကောင်မလေးတွေ မနည်းဘူး ... ပီတောက်ကလည်း အဲဒီထဲက တစ်ယောက်ပဲလေ ... ပွင့်လင်းတာ ရဲတင်းတာဟာ မိန်းကလေးတွေအတွက် ရှိသင့်တဲ့ အရည်အချင်းလို့ ထင်နေကြတာ ... ဒါနဲ့ ညီမလေး မေးစေ့

အောက်နားက အမာရွတ်ကလေးက ငယ်ငယ်တုန်းက မှဲ့နက်လေး ရှိတဲ့နေရာ မဟုတ်လား”

သူက ပြောရင်းနှင့် ပြည့်မျက်နှာကို မျက်တောင်မခတ်တမ်း ကြည့်လိုက်ကာ မေးလာတာမို့ ပြည့် ယောင်ရမ်းပြီး ကိုယ့်အမာရွတ်လေးကို ကိုယ်ပြန်တို့ထိလိုက်မိပါသည်။ မေးလာပြီ။ ပြည့်တို့ ကြိုတင်မျှော်လင့်ထားခဲ့တဲ့ မေးခွန်းကို မေးလာခဲ့ပါပြီ။ လျှာရှည်ပြီး ဆိုင်ကယ်စီး သင်မိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်တောင် ကျေးဇူးတင်ရတော့မလိုလို။ အဲဒီတုန်းက ဆိုင်ကယ်မှောက်ပြီး သွေးသံရဲရဲနဲ့ အစိမ်းချုပ် ချုပ်ရတုန်းကတော့ ငိုလိုက်ရတာ။ ကိုးတန်းကျောင်းသူဆိုတဲ့ အရွယ်ကိုမှ ဂရုမစိုက်နိုင်။

လပြည့်ကတော့ “မငိုပါနဲ့ ရွှေပြည့်ရယ် ... ရှင်ပဲမှတ်ပုံတင်မှာ ကျုပ်လို ထင်ရှားသည့် အမှတ်အသား ထည့်စရာ မရှိလို့ဆို ... အခုတော့ မေးစေ့တွင် အမာရွတ်ရှိ၊ ဆိုပြီး ထည့်လို့ရပြီပေါ့” ဆိုပြီး ပေါက်ပေါက်ရှာရှာ နှစ်သိမ့်ခဲ့သေးသည်။





“ဟုတ်တယ် ... ကိုးတန်းတုန်းက ဆိုင်ကယ်စီးသင်ရင်း ဆိုင်ကယ် မှောက်တာလေ ... သုံးချက်ချုပ်လိုက်ရတယ်၊ လမ်းပေါ်က ခဲအချွန်တစ်ခုနဲ့ မှောက်ရက် မျက်နှာအပ်မိတာ၊ မှဲ့လေးနေရာကိုပဲ၊ ဆရာဝန်က ကွဲသွားတဲ့ အသားကို နှစ်ဖက်ဆွဲပြီး ပြန်ချုပ်ပေးတာ၊ မှဲ့ကိုတော့ မရတော့ဘူး ... အဲဒီတုန်းက ကျွန်တော် ငိုလိုက်ရတာ၊ အခုထိ မှတ်မိသေးတယ်”

“ဟုတ်လား ... ကိုယ်လည်း အခုမှ ညီမလေး မျက်နှာကိုကြည့်ပြီး သတိရသွားလို့ပါ၊ အရင်တုန်းကတော့ မေးစေ့မှာ မှဲ့ရှိတဲ့ ကောင်မလေးတွေတွေ့ရင် ညီမလေးများလားဆိုပြီး လိုက်ကြည့်မိတတ်သေးတယ်၊ တကယ့် ညီမလေးကိုလည်းတွေ့ရော မှဲ့လေးရှိမရှိကို သတိမထားမိတော့ဘူး”

တော်ပါသေးရဲ့။ ပြည့်က ခပ်တိုးတိုး ပင့်သက်ရှိုက်လိုက်ရသည်။ အဲဒီတုန်းက ဆတ်ဆော့ခဲ့မိတာကိုပဲ အခါတစ်ရာ ပြန်ဝမ်းသာနေရလေသည်။ ပြည့် တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ သူများကို မလိမ်ညာခဲ့စဖူး။ လိမ်မယ့်လိမ်၊ ညာမယ့်ညာတော့လည်း တကယ့်ကို အကြီးအမား။

ဒီကိုရောက်တော့မှ ပြည့်သည် နေ့တိုင်း လေးပါးသီလသာ ခံရဲတော့လေသည်။ ပြည့်က မုသာဝါဒကံကို အပြည့်အဝ ကျူးလွန်နေရသူ မဟုတ်ပါလား။

♥ ♥ ♥

အိမ်ကို ရောက်ပြီး လေးရက်မြောက်သော နေ့မှာ စင်ကာပူကို ရောက်နေသော ဖေဖေနှင့် ဖုန်းပြောခဲ့ရပါသည်။ ပြည့် စ,ရောက်တဲ့နေ့ကတည်းက ဖျားနေခဲ့သော သူကလည်း နောက်ရက်တွေမှာ အဖျားလုံးဝမကျသေးဘဲ ခပ်ငွေ့ငွေ့ရှိနေတာကြောင့် အလုပ်မသွားသေးဘဲ အိမ်မှာ ရှိနေခဲ့လေသည်။ (ပြည့်ကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ဖို့ စိတ်မချလို့လားတော့ မသိဘူးပေါ့နော်)။ ဖေဖေ့ဆီက ဖုန်းဝင်လာတော့ ညဘက်(၇)နာရီ တရုတ်ကားကြည့်ရင်း မောင်နှမနှစ်ယောက် ရောက်တတ်ရာရာတွေ ပြောနေကြချိန် ဖြစ်သည်။





ဖုန်းသံမြည်လာတော့ သူက စကားပြောရင်း လက်စနှင့် ဖုန်းထကိုင်သည်။ ရောက်ခါစ နံနက်တုန်းက သူ မနိုးသေးလို့ ပြည့် ဖုန်းကိုင်ပေးမိပါတယ်။ ပိတောက်နဲ့တွေ့ပြီး တော်တော်ဖယားရှုပ်သွားတာမို့ နောက်ပိုင်းမှာတော့ တတ်နိုင်သမျှ ပြည့်က ဖုန်းမကိုင်တော့ပေ။

သူက ဖုန်းထကိုင်ပြီး ခပ်တိုးတိုး ပြောနေတာမို့ ပြည့်က နားစွင့်မနေဘဲ တရုတ်ကားဆီကိုသာ အာရုံစိုက်ထားလိုက်ပါသည်။ ဆယ်မိနစ်လောက်ပြောနေပြီးမှ သူက ပြည့်ဘက်ကို လှည့်ကာ ...

"ညီမလေး ... လာပြောလိုက်ဦး ... ဖေဖေ့ဆီက ဖုန်း ..."

ဖေဖေ့ဆီကဖုန်း ဆိုသော စကားကြောင့် ပြည့် ဆတ်ခနဲ တုန်သွားရသည်။ တကယ်ဆိုရင် ဒီကို ရောက်လာကတည်းက ဖေဖေနဲ့ တွေ့ရမှာ။ ဖေဖေ ရှိမနေသေးလို့သာ။ ဒါပေမယ့်လည်း မန္တလေးကို ဖေဖေ လာခဲ့တုန်းက ပြည့်နဲ့ တွေ့ခဲ့ပြီးသားပါ။ ပြည့်တို့ရှိတဲ့ အဆောင်ကို ဖေဖေ ရှာဖွေ

ပြီး ရောက်လာခဲ့တာ။ အဲဒီလို ရောက်လာခဲ့လို့လည်း အခုလို အယောင်ဆောင် ဇာတ်လမ်းတွေ ဖြစ်လာခဲ့တာ ဖြစ်သည်။

ဖုန်းတင်သည့် စင်ပုလေးနားကို လျှောက်သွားသော ပြည့် ခြေလှမ်းတွေသည် ယိုင်ချင်ချင်။ ဘာကိုကြောက်မှန်း တော့မသိ။ ဖေဖေ ဘာတွေများပြောဦး၊ မေးမြန်းဦးမှာပါလိမ့်။ ပြည့်ကို စကားပြောဖို့ မခေါ်ခင်မှာလည်း သူနဲ့ ဆယ်မိနစ် လောက် ပြောသေးတာ။ ပြည့်ရဲ့ အကြောင်းတွေပဲ ဖြစ်မှာ အသေအချာ။

ပြည့်သည် တံတွေးကို အနိုင်နိုင် မျိုချလိုက်ရင်း ...

"ဟယ်လို ... ဟုတ်ကဲ့ ဖေဖေ ... ကျွန်တော်ပါ ... လပြည့်ပါ"

"သမီးလေး ... လပြည့်၊ ဖေဖေက သမီးကို မျှော်နေတာ ... ဒါပေမယ့် သမီး ဒီလောက် မြန်မြန်ဆန်ဆန် ရောက်လာမယ်တော့ မထင်ဘူး၊ သမီး လာမယ်မှန်းသိရင် ဒီ trip ကို ဖေဖေ နောက်ဆုတ်လိုက်ပါတယ်ကွာ"

ဖေဖေ့အသံသည် ရွှင်လန်းတက်ကြွနေကာ ဝမ်းသာ





နေဟန် အထင်းသား။ ပြည့် နည်းနည်းတော့ အားတက်လာသည်။ စိတ်ထဲမှာလည်း တကယ့်မိသားစုရင်းချာလို နွေးထွေးလာသည်။

"ရပါတယ် ဖေဖေ ... ကျွန်တော်ကလည်း ဖြုန်းစားကြီး လာလိုက်လို့ပါ ... ဖေဖေက ဖုန်းနံပါတ်တွေ ပေးခဲ့ပေမယ့် ကျွန်တော် ဖုန်းမဆက်ခဲ့ဘူး"

"သမီးလေးစိတ်က ဝေ့ အတိုင်းပဲ ... အင်းလေ ... ဝေ့ သမီးဆိုတော့လည်း ဝေနဲ့ တူမှာပေါ့ ... ဖေဖေ ဒီကကိစ္စတွေကို တတ်နိုင်သမျှ အမြန်ဆုံးဖြတ်ပြီး ပြန်ခဲ့မယ်နော် ... သမီး၊ အမှန်က သမီးကို ဖေဖေကိုယ်တိုင် ဘူတာရုံမှာ ဝမ်းသာအားရလာကြိုချင်တာ၊ အခု သမီးကိုကိုကရော ... သမီးကို ဂရုစိုက်ရဲ့လား၊ သမီး ဘယ်နေရာတွေ ရောက်ပြီးပြီလဲ ... ရွှေတိဂုံဘုရားရော ... ဖူးပြီးပြီလား"

ပြည့်က ပြည့်ဘေးမှာ ထိုင်နေပြီး ပြည့် ဖုန်းပြောနေတာကို ဒီအတိုင်း ထိုင်ကြည့်နေသော သူ့ကို တစ်ချက်ကြည့်လိုက်ကာ ...

"ဂရုစိုက်ပါတယ် ဖေဖေ ... ဒါပေမယ့် ကျွန်တော် ရောက်ကတည်းက ကိုကို နေမကောင်း ဖြစ်နေတော့၊ ဒီနေ့မှ တော်တော် သက်သာတယ်၊ နေကောင်းရင်တော့ ကျွန်တော့်ကို နေရာအစုံ ပို့ပေးမယ် ပြောပါတယ်"

"ဩော် ... ဩော် ... သမီးက လူမမာကို ပြန်ပြုစု နေရတာကိုး ... သားကြီးကတော့စံပဲကွာ၊ ညီမလေးကို ရောက်တာနဲ့ ခိုင်းနေပြီ ထင်တယ်"

ဖေဖေက ဟက်ဟက်ပက်ပက် ရယ်နေတော့ ပြည့်လည်း အလိုက်သင့် ရယ်မောရပြန်သည်။ ဒါပေမယ့် ရင်ထဲမှာ တင်းကျပ်မှု တစ်ခုကတော့ ရှိနေဆဲ။ ဖခင်မေတ္တာကို ခံယူခွင့် မရတော့။ အခုတော့ လပြည့်ရဲ့ ဖေဖေကိုသာ ပြည့်က ဟန်ဆောင်ပြီး သမီးတစ်ယောက် အနေနှင့် နေပေး နေရသည်။ လပြည့်ရဲ့ အစီအစဉ်တွေ အဆင်ပြေပြီး အားလုံး နဂိုနေရာမှန်ကို ပြန်ရချိန်မှာတော့ ဒါတွေအားလုံး ပြီးဆုံး သွားတော့မှာ။





ရယ်ရင်းနှင့် ပြည့် မျက်နှာလေး ညှိုးရိပ်သမ်းသွားတာကိုလည်း သူက သတိပြုမိသည်။

"သားကြီး နေကောင်းတာနဲ့ သမီး သွားချင်တဲ့ နေရာတွေကို ပို့ခိုင်း ... သိလား ... သမီး၊ နောက်ပြီးတော့ ကိုတင်မောင်တို့အိမ်ကိုလည်း သွားပြီးနှုတ်ဆက်ဖြစ်အောင် နှုတ်ဆက်လိုက်ဦး၊ သားကြီးကိုလည်း ဖေဖေ မှာပြီးပြီ ... သူတို့ခမျာလည်း ဟိုတစ်ခါ ဖေဖေ မန္တလေး လာကတည်းက သမီးကို တွေ့ချင်နေကြရှာတာ၊ ဖိုးကျော်နဲ့လည်း ရင်းနှီးရတာပေါ့"

ဖိုးကျော် ...။

ဖိုးကျော် တဲ့ ...။

လပြည့် မလာရဲသေးခြင်း၏ အဓိက အကြောင်းအရာသည် ဖိုးကျော်ဟု တရင်းတနှီး ခေါ်ကြသော ကျော်တင်မောင်။ ဖေဖေ့ အချစ်ဆုံး ငယ်သူငယ်ချင်း လင်မယား ဖြစ်သော ဦးတင်မောင်နှင့် ဒေါ်လှလှတို့၏ တစ်ဦးတည်းသောသား။ အရွယ်ရောက်လာတဲ့အခါ ဖိုးကျော်နဲ့ လပြည့်ကို လက်ထပ်

ပေးကြဖို့ ဟိုးကလေးဘဝကတည်းက သဘောတူညီထားခဲ့ကြတာ။ တရုတ်ကားတွေထဲကလို ကတိကဝတ်တွေထားပြီး အမေတွေ ဆွဲထားတဲ့ ဆွဲကြိုးချင်းတောင် လဲခဲ့ကြသတဲ့။ အခု ပြည့်ဆီမှာ လပြည့် ပေးလိုက်သော ထိုနှစ်ကျပ်သား ရွှေဆွဲကြိုး ပါလာပါသေးသည်။

မန္တလေးကို ဖေဖေ ရောက်လာကတည်းက ဖေဖေနဲ့ ပြန်လိုက်၊ မလိုက် မသေချာသေးတာတောင် လပြည့် ရန်ကုန်ကို ပြန်ရောက်တာနဲ့ ဖိုးကျော်နဲ့ ကိစ္စကို စီစဉ်ဖို့ ဖေဖေက စကားစနေသေးရဲ့။ အဲဒါကြောင့်လည်း လပြည့်ရောမင်းခန့်ပါ အလန့်ကြီး လန့်သွားကြပြီး မင်းခန့် ပြန်ရောက်လာမှ သွားရမယ်တွေ ဘာတွေ ဖြစ်ကုန်တာ။ သူတို့နှစ်ယောက် ကြားမှာ ပြည့်က ဘုမသိ ဘမသိနဲ့ ဝင်ပြီး ပါရမီဖြည့်ပေးရတာ။

ကျော်တင်မောင်က လပြည့်ဆိုသော မိန်းကလေးကို စိတ်ပျက်လက်ပျော့ပြီး လက်ထပ်ဖို့ နောက်ဆုတ်သွားသည်အထိ၊ ပြည့်က ကြိုးပမ်းပေးရမတဲ့။ ဖေဖေက သိပ်ကိုဆန္ဒရှိနေတယ်ဆိုရင်တော့ အခက်သားပင်။ အခုမှ သမီးအဖြစ်





ပြန်ရောက်လာရုံ ရှိသေးတယ် ဖေဖေ့ကို ဆန့်ကျင်တယ်ဆိုတော့လည်း ဘယ်ဟုတ်ပါ့မလဲနော်။

"ဟုတ်ကဲ့ ဖေဖေ ... ကျွန်တော် သွားလိုက်ပါ့မယ်... မန္တလေးကပါလာတဲ့ လက်ဆောင်တွေပါ ယူသွားလိုက်ပါ့မယ်"

နောက်ထပ် ဆယ့်မိနစ်လောက် ဖေဖေကမှာတမ်းတွေ ခြွေနေသေးပေမယ့် ပြည့်နားထဲကို ဝင်တစ်ချက်၊ မဝင်တစ်ချက်။ ပြောသမျှ အားလုံးကို ဟုတ်ကဲ့ လိုက်ရင်း ပြည့်စိတ်မပါတော့။ အစကတော့ ဒီကိစ္စကို လွယ်လွယ်ကူကူ အပျော်သဘော သာသာပဲ သဘောထားခဲ့မိတာ။ တကယ်တမ်းလက်တွေ့ရင်ဆိုင်ရတော့မှ သိပ်မလွယ်ကူဘူးဆိုတာ နားလည်လာရသည်။ အခန့်မသင့်ရင် လပြည့် ကိုယ်စား ဖိုးကျော်ဆိုတဲ့လူကို လက်ထပ်ရင် လက်ထပ်ရဦးမှာ။

ဟူး ... မလွယ်လှပါလား။

ဖေဖေ ဖုန်းချသွားတော့မှ မသိမသာ ပင့်သက်ရှိုက်ရသည်။ သူကလည်း ပြည့်ကို အကဲခတ်နေမှန်း ပြည့် သိတာ

မို့ ဘာမှမဖြစ်သလို ပုံစံမျိုးဖြစ်အောင် မျက်နှာထားကို ကြိုးစားပြင်ရပါသည်။ မလွယ်။ ဘယ်လိုမှကို မလွယ်ပါ။

"စိတ်ညစ်သွားပြီလား ... ဖိုးကျော်ဆီ သွားရမယ်ဆိုလို့"

"ဟုတ် ..."

တော်ပါသေးရဲ့။ သူ ထင်နေတာနဲ့ ပြည့် စိုးရိမ်တာနဲ့ မတူလို့။

"ကိုယ်ကလည်း ညီမလေး ရောက်လာတာနဲ့ ဝမ်းသာအားရတွေဖြစ်ပြီး အန်ကယ်မောင်တို့အိမ်ကို အကြောင်းကြားဖို့ မေ့သွားတယ် ... သူတို့ကလည်း ညီမလေးကို သိပ်တွေ့ချင်ကြရှာတာ ... အန်တီလှက ညီမလေးကို သိပ်ချစ်တာလေ ... ဒါနဲ့ ညီမလေးကို မေမေက အဲဒီဆွဲကြိုးလေး ပေးထားခဲ့သေးလား"

အစစ်အမှန် ဟုတ်၊ မဟုတ် စုံစမ်းတာတွေ၊ လေ့လာတာတွေကို ပြည့် သိပေမယ့် တွေးမနေအားတော့ပါ။ ပိုက်ဆံအိတ်ထဲမှာ သိမ်းထားသော ထိုဆွဲကြိုးကို သွားယူပေးရင်း





လူက အားလျော့နေရသည်။ တွေ့ရဦးမယ်။ ဖိုးကျော်၊ အန်ကယ်မောင်၊ အန်တီလှတဲ့။ ဘယ်လိုပုံစံတွေနဲ့တွေ့ပြီး၊ ဘယ်လိုဆက်ဆံရဦးမယ် မသိ။

ပြည့်ကတော့ ရင်ဆိုင်ရမှာတွေကို တွေးမိတိုင်း၊ လပြည့်ကိုသာ မေတ္တာပို့နေမိတော့သည်။

♥ ♥ ♥

၃။

ပြည့်က ခြင်းတောင်းအလွတ်တွေ စီထပ်ထားရာကနေ တစ်လုံးကို ယူလာခဲ့လိုက်ကာ အသား၊ ငါးတွေကို အဆင်သင့် ပက်ကင်ထုပ်တွေနှင့် ထည့်ထားသော အအေးသေတ္တာကြီးတွေမှာ စိတ်ကြိုက်ရွေးနေလိုက်သည်။ နံနက်စောစောပိုင်းမှာသာ စုံလင်တတ်သော ဈေးတွေမှာ တိုးကြိတ်ပြီး လုဝယ်ရတာ၊ ဈေးသည် အလေးခိုးမှာ၊ ရေထိုးထားမှာကို ကြည့်ရတာနဲ့စာရင်တော့ အခုလို ရှော့ပင်းစင်တာကြီးတွေမှာ ဝယ်ရတာက ပိုပြီး အဆင်ပြေပါသည်။ ဈေးနှုန်းကလည်း သိပ်မကွာခြား။ ဈေးဝယ်သူချင်းလည်း အလုအယက် တိုးကြိတ်မနေရဘဲ Air-

con ခန်းထဲမှာ အေးအေးလူလူနဲ့ သက်သောင့်သက်သာ ရှိလှပါသည်။

ဒီရုပ်ပါဝမ်းရှော့ပင်းစင်တာကြီး ဖွင့်ခါစတုန်းက ပြည့်တို့လည်း ရန်ကုန်ရောက်တုံးရောက်ခိုက်နဲ့ ကြုံတာမို့၊ တစ်ကြိမ်တော့ ရောက်ဖူးပါသည်။ အဲဒီတုန်းကတစ်ရက်၊ နှစ်ရက်ရတဲ့ အချိန်လေးနဲ့ ကိုယ်သွားချင်သမျှ နေရာတွေ အစုံအစေ့သွားရတာမို့ အချိန်ကြာကြာအေးအေးဆေးဆေးတော့ မဟုတ်။ လပြည့်ကလည်း နေရာတကာမှာ စိတ်မရှည်သော ခပ်လောလောသမားမို့ ဘယ်ကိုမဆို ရောက်တယ်ဆိုရုံ။

သူကတော့ လပြည့်နဲ့ တခြားစီ ဖြစ်နေလေသည်။

အိမ်မှာ ဘာမှ ဟင်းချက်စရာ မရှိတော့ဘူးနော်ဆိုပြီး ပြည့်က ပြောပါများလာတာကြောင့်ရော၊ သူလုံးဝနေကောင်းသွားတာကြောင့်ပါ။ ဒီနေ့ ကျိုက္ကဆံရုပ်ပါဝမ်းကို ရောက်ခဲ့ရလေသည်။ ရုပ်ပါဝမ်းထဲ ဝင်တာနဲ့ ...

"ညီမလေး အေးအေးဆေးဆေး ဝယ်နော် ... ဝယ်မယ့်ပစ္စည်းတွေ အားလုံးကို ခြင်းတစ်ခုထဲမှာ စုထည့်ထားလိုက်၊





ကိုယ်ပြီးရင် လာရှင်းပေးမယ် ... အခု ကိုးနာရီခွဲဆိုတော့၊ ဆယ်နာရီခွဲမှာ ကိုယ်တို့ဒီမှာပဲ ပြန်ဆုံမယ် ... ကိုယ် ဒီအထဲမှာပဲ ရှိမှာနော် ညီမလေး"

ပြည့်လက်ထဲကို ငါးရာတန် အရွက် တစ်ရာအုပ်တစ်အုပ်ထည့်ပေးကာ ပြည့်ဘေးနားက ပျောက်သွားတော့သည်။ ဈေးဝယ်ဖို့ပဲလား၊ တခြားအလုပ်ကိစ္စ တစ်ခုခုပဲရှိလို့လားတော့ ပြည့်လည်း မသိ။ စပ်လည်း မစပ်စုတော့ပါ။ လက်ထဲထည့်ပေးသွားသည့် ငွေငါးသောင်းကတော့ မနေ့ညကတည်းက မုန့်ဖိုးလိုရင်ပြော ဆိုပြီး ပြောနေပါသေးသည်။ ပြည့်က ဘာမှ မလိုဘူး ပြောထားခဲ့တာ။

ရှော့ပင်းစင်တာထဲ ရောက်မှ လက်ထဲကို ထည့်သွားတော့မှ ပြည့်လည်း မငြင်းနိုင်တော့။ ဘယ်လောက်ကုန်မှာတဲ့လဲ။ တစ်ပတ်စာလောက် ဟင်းရံတွေဝယ်ရုံနဲ့တော့ ငွေငါးထောင်တောင် မကုန်။ မန္တလေးမှာ ဆိုရင်တော့ ပြည့်တို့နှစ်ယောက်ရဲ့ ဟင်းလျာစရိတ်ကို တစ်လ တစ်သောင်းငါးထောင် သတ်မှတ်ထားပါသည်။ တစ်နေ့ကို ဈေးဖိုး ငါးရာ

ထက် ပိုမသုံးရ။ ပြည့်နဲ့ လပြည့်က တစ်ယောက်ကို ခုနစ် ထောင့်ငါးရာစီ စိုက်ပါသည်။ ကျန်တဲ့ ကုန်ကျစရိတ်တွေ ကိုတော့ ဈေးဖိုးလို တစ်ယောက် တစ်ဝက်စီ မဟုတ်ဘဲ နှစ်ယောက်သား ကြုံရင်ကြုံတဲ့ သူသာ။ မိဘမဲ့ဘဝနဲ့သာ နှစ်ယောက်စလုံး တစ်သက်လုံး ရပ်တည်သွားရဖို့ သေချာ သလောက် ရှိတာမို့ ချွေတာသင့်တာ ချွေတာ၊ စုဆောင်း သင့်တာ စုဆောင်းရမယ်ဆိုတာ ပြည့်တို့ နားလည်ထားပါ သည်။

အခုလို လပြည့်ရဲ့ အဖေနဲ့အစ်ကို ရုတ်တရက် ပေါ် လာလိမ့်မယ်ဆိုတာ ထင်မှ ထင်မထားခဲ့ဘဲ။ လပြည့်ရဲ့အဖေ ဟာ နာမည်ကြီး ကုမ္ပဏီကြီး တစ်ခုကို ပိုင်ဆိုင်ထားသော သူဌေးကြီးတစ်ယောက် ဆိုတာ ပြည့် ဘယ်တုန်းမှ မစဉ်းစား မိဘူးသော အရာတစ်ခုပင်။

လောလောဆယ်တော့ ပြည့်က ခင်လပြည့်ရဲ့ ဘဝမှာ ခင်လပြည့်အဖြစ် သရုပ်ဆောင်နေရပါသည်။ လပြည့် တစ် ယောက်တော့ ဘယ်လိုနေပါလိမ့်။ ရွှေဒင်္ဂါးပြား‌ပုံစံထုပ်ပိုး





ထားသော ချောကလက်များကို တွေ့သောအခါ လပြည့်ကို တန်းတန်းမတ်မတ် သတိရမိပြန်သည်။ လပြည့် သိပ်ကြိုက်တဲ့ ချောကလက်တွေ။ ဘယ်လောက်ပဲ ချွေတာ၊ ချွေတာ၊ ချော ကလက် အတွက်ဆိုရင်တော့ လပြည့်က အကုန်ခံနိုင်တာ။

ပြည့်က လပြည့်ကို သတိတရနှင့် ချောကလက်တစ်ဘူး ကိုပါ ခြင်းထဲကို ထည့်လိုက်သည်။ မန္တလေးလူကြုံရှိရင်တော့ လပြည့်ကို ထည့်ပေးဦးမှာပါ။ ဒါမှမဟုတ် အမြန်ချောပို့နဲ့ ဖြစ်ဖြစ်ပေါ့။

ပြီးတော့ လပြည့် ကြိုက်တတ်တဲ့ စတော်ဘယ်ရီယို လေး အထဲမှာပါသော သကြားလုံး။ ပြည့်က ထိုသကြားလုံး ထုပ်ကို လက်အလှမ်း၊ ပြည့်လှမ်းလိုက်သော ထိုအထုပ်ကို အရင်လှမ်းယူလိုက်သောလူ ...။ လှမ်းနေသော ပြည့်ရဲ့လက် တွေသည် လမ်းတစ်ဝက်မှာတင် ရပ်တန့်သွားရင်း ပြည့်က ထိုလူကို မကျေမနပ်နှင့် လှည့်ကြည့်လိုက်ပါသည်။

ဗုဒ္ဓေါ ...။

ပြည့်က ဘုရားတ,လိုက်မိသည်။

ရန်ကုန်ကို ပြည့် စရောက်တဲ့နေ့က Lift ကို ရှာရင်း တွေ့ခဲ့တဲ့သူ။ ပြည့်က သူ့ကို တစ်မျိုးတွေထင်ကာ ကိုယ့်စိတ်ထဲကနေ အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချခဲ့မိတာ။ သူကတော့ ပြည့်ကို Toilet ချင်း မှားတယ်ထင်ပြီး ပြောခဲ့သေးသည်။ ဖြူဖွေးသန့်စင်ကာ , တော်တော်ကို ချောချောမောမောဟု ပြောရလောက်သော သူ့ရုပ်ရည်ရူပကာဟာ ဘယ်လိုမှ မမှတ်မိစရာမရှိ။

ဟိုတစ်နေ့က သူ သတိပေးခဲ့သော ကိစ္စအတွက် ရှက်သွားရတာကို ပြန်သတိရသွားကာ ပြည့် မျက်နှာထားက အလိုလို တည်သွားရလေသည်။ သူကလည်း ပြည့်ကို မှတ်မိဟန်နှင့် ပြုံးမယောင်ပြုသွားပြီးမှ ပြည့် မျက်နှာထားကို ရိပ်မိသွားပုံနှင့် ...

"ဆောရီးနော်"

ပြည့်က မကြားချင်ယောင် ဆောင်နေလိုက်ပြီး နောက်တစ်ထုပ်ကိုယူဖို့ ကြည့်လိုက်ပါသည်။ မရှိတော့ပါ။ ပြည့်လိုချင်သည့် စတော်ဘယ်ရီယိုပါသော သကြားလုံးထုပ်မျိုး မရှိ





တော့။ နာနတ်ယို၊ သီဟိုဠ်စေ့တို့ ပါသော အထုပ်တွေသာ ကျန်တော့သည်။

မကျေမနပ်နှင့် ပြည့် မျက်နှာလေး ပိုပြီးတည်သွားရင်း ထိုသူ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"စတော်ဘယ်ရီ မရှိတော့ဘူးလားဟင် ... ဒီအမျိုးအစားထဲကပဲပေါ့"

မလှမ်းမကမ်းမှာ ရှိနေသော အရောင်းဝန်ထမ်း အမျိုးသမီးငယ်လေးကို လှမ်းမေးလိုက်ပါသည်။ အရောင်းဝန်ထမ်းအမျိုးသမီးငယ်လေးက ပြည့်အနားကိုရောက်လာ၊ ပြည့်ညွှန်ပြတဲ့ သကြားလုံး အမျိုးအစားကိုကြည့်၊ စတော်ဘယ်ရီမရှိတော့ကြောင်း ပြောတာတွေကို အစကနေ အဆုံးအထိ သူကနေရာကမရွေ့သေးဘဲ ကြည့်နေလေသည်။ သူ ကြည့်နေတာကို ပြည့်မျက်လုံးထောင့်ကနေ မြင်နေရတာကြောင့် ပြည့်တော်တော်ကို အသည်းယားနေရသည်။ ဘယ်ဘဝက ရေစက်လည်းတော့ မသိပါ။ ကြည့်လို့မရတဲ့ဘမှ ဘယ်လိုမှကို ဟန်ဆောင်ပန်ဆောင်နဲ့တောင် ကြည့်လို့မရတာ။

မရှိတော့ပြီမို့ ပြည့်က တခြားသကြားလုံးတွေလည်း ကြည့်မနေ၊ ဝယ်မနေချင်တာကြောင့် တခြားကောင်တာတွေဘက်ကို ဆက်လျှောက်ခဲ့လိုက်သည်။ ကိုယ့်နောက်က တစ်ယောက်ယောက် ပါလာမှန်းကို အလိုလို သိနေလျက်၊ ထိုတစ်ယောက်က ဘယ်သူဆိုတာမှန်းလည်း အလိုလို သိနေရလေသည်။

ဒီလိုပဲလား။

ရန်ကုန်က ကောင်လေးတွေဟာ အကြည့်ချင်း တစ်ချက်လောက် ဆုံဖူးရုံ၊ အမှတ်မထင် နှစ်ကြိမ်လောက် တွေ့ကြရုံနဲ့ ဇာတ်လမ်းရှာတတ်ကြတာပဲလား။ ငါလိုက်ရင် ဒီကောင်မလေးတော့ ပြန်ကြည့်မှာပဲလို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်ကြသလား။ မန္တလေးမှာလို စက်ဘီးစီးရင်း ဘေးကနေ ဘီးချင်းယှဉ်ပြီး လိုက်လာတာမျိုးဆိုရင်တော့ ပြည့်က နည်းနည်းမှမကြောက်။ လမ်းဘေးပလက်ဖောင်းနဲ့ကပ်ပြီး ရှေ့ဆက် ဘယ်လိုမှ စက်ဘီးစီးလို့ မရတော့အောင် လုပ်ရမလား၊ လမ်းဘေးမြောင်းထဲကျအောင် လုပ်ရမလား၊ ဘာမဆို အလွယ်လေးပင်။





အခုတော့ သူ့ဘက်ကလည်း ဘာမှ လှုပ်ရှားမလာသေးတာမို့ ပြည့်က မသိချင်ယောင် ဆောင်နေရသည်။

"ဒီမှာ ... ဟိတ် ... ဒီမှာ"

ဇာတ်လမ်းကတော့ စ,ပါပြီ။ ပြည့်က မျက်နှာကို အတည်ဆုံး ထားလိုက်ကာ ...

"ဘာလဲ ... ခင်ဗျား ဘာကိစ္စရှိလို့လဲ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘာကိစ္စမှ ပတ်သက်စရာ မရှိဘူး ... လာမရှုပ်ပါနဲ့"

"မဟုတ်ပါဘူး ... ရှုပ်တာလည်း မဟုတ်ပါဘူး ... ကိုယ်က စေတနာနဲ့ပါ ... ဒီက ဝယ်မယ်ဆိုတဲ့ သကြားလုံးက မရှိတော့ဘူးဆိုရင် ကိုယ် မဝယ်တော့ဘူးလို့ ပြောမလို့ပါ။ ကိုယ်က ဘယ်သကြားလုံးထုပ်ကိုဝယ်ဝယ် ရပါတယ်၊ အဲဒါကြောင့်ပါ"

"မလိုပါဘူး ... ကျွန်တော် ဝယ်ချင်ဝယ်မယ်၊ မဝယ်ချင် မဝယ်ဘူး၊ ခင်ဗျား ဘာမှ ပြောနေစရာ မလိုဘူး၊ မနှောင့်ယှက်နဲ့နော်"

"ကိုယ်က စေတနာနဲ့ပါ ... ဒီက တစ်မျိုးတစ်မည် မထင်ပါနဲ့"

"စေတနာနဲ့ဆိုရင်လည်း ကျေးဇူးတင်ပါတယ်နော် ... ပိုပြီး ကျေးဇူးတင်သွားရအောင် ကျွန်တော့်ကို မနှောင့်ယှက်ပါနဲ့တော့"

ထိုလူ့မျက်နှာကို ခပ်တင်းတင်း ကြည့်ကာ တစ်ခွန်းချင်းပြောပြီး ပြည့်က ငွေရှင်းကောင်တာရှေ့မှာ သွားရပ်နေလိုက်ပါသည်။ ပြည့်တို့နှစ်ယောက်၏ ပဋိပက္ခကို တချို့တလေက ရိပ်မိစပြုကာ ကွက်ကြည့် ကွက်ကြည့် ဖြစ်ကုန်ပြီမို့ ထိုသူလည်း ရှိန်သွားပုံနှင့် ဖုန်းနဲ့ ဖုန်းပစ္စည်းတွေ ရောင်းသည့်ကောင်တာဘက်ကို ဆက်လျှောက်သွားလေသည်။

ကိုကိုက ငွေမရှင်းထားနဲ့ ဆိုပေမယ့် သူပေးသွားသော ပိုက်ဆံငါးသောင်းက ပြည့်လက်ထဲမှာ ရှိနေတာမို့ ပြည့်က ငွေရှင်းလိုက်သည်။ ငွေရှင်းကောင်တာရှေ့မှာလည်း ရပ်မိပြီးသား ဖြစ်နေသည်လေ။ အစကတော့ သူပြောခဲ့တဲ့ အချိန်မစေ့သေးတာမို့ အပေါ်ထပ်တွေကိုပါ တစ်ပတ် လျှောက်ပြီး





ကြည့်ဖို့ စိတ်ကူးထားတာပါ။ ဒါပေမယ့် ခုနက ကိစ္စကြောင့် စိတ်ထဲ မကြည်လင်တော့။ အဲဒီလူလည်း မပြန်သေးဘူးဆိုရင် တစ်နေရာမှာ မဟုတ် တစ်နေရာမှာ ဆုံနေရဦးမှာ။

ကားနားမှာပဲ ရပ်စောင့်နေလိုက်ဖို့ ဆုံးဖြတ်လိုက်ကာ ပြည့်က အထုပ်တွေဆွဲကာ ကားဆီကိုပဲ လှမ်းလာခဲ့လိုက်သည်။ သူ့ကားက အခုနောက်ဆုံးနံပါတ်နီးပါး၊ နံပါတ်မြင့်မြင့်၊မော်ဒယ်မြင့်မြင့် VISTA ကားဖြစ်သည်။ ပြည့်တို့မန္တလေးမှာတော့ စက်ဘီးကိုယ်စီနဲ့ သွားကြတိုင်း တစ်ခါတစ်ရံ တွေ့ရတတ်သော ကားအမျိုးအစား။ အခုတော့လပြည့် ကျေးဇူးနှင့် ထိုဇိမ်ခံကားကြီး ရှေ့ခန်းမှာ ပြည့်က အခန့်သား စီးနေရပါသည်။ ဒါတွေဟာ ခေတ္တခဏ၊ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ အရာတွေဆိုတာကိုတော့ ပြည့် ကောင်းကောင်း နားလည်သည်။

ကားဘေးနားမှာ ပြည့် စောင့်နေပြီး ဆယ့်ငါးမိနစ်လောက်တောင် မကြာသေးခင် သူက အထုပ်တွေ အပိုးတွေ တစ်ပွေ့တစ်ပိုက်နှင့် ရောက်လာသည်။ သူစောင့်ခိုင်းတဲ့ နေ

ရာမှာ ပြည့်က စောင့်မနေတာကို စိတ်ဆိုး၊ စိတ်မရှည်တဲ့ အရိပ်အယောင် မရှိတဲ့အပြင် သူ့မျက်နှာက ခပ်ပြုံးပြုံးမို့ ပြည့် နည်းနည်းတော့ စိတ်အေးသွားရပါသည်။ သူ့စကား နားမထောင်လို့ ပြည့်ကို အစ်ကိုတစ်ယောက်ရဲ့ အာဏာတွေ အပြည့်အဝသုံးပြီးတော့များ ဆူတော့မလား၊ ဟောက်တော့ မလားဆိုပြီး ပြည့်က တွေးကြောက်နေမိတာပါ။

"ညီမလေးက ကားနားမှာ စောင့်နေတာကိုး ... ကိုယ်က ထင်သားပဲ၊ တော်သေးတယ် ... ကိုယ်လည်း မြန်မြန် ဝယ်ပြီးသွားလို့"

"air-con က အရမ်းအေးတော့ ကျွန်တော် ချမ်းလာလို့ပါ ... ကိုကို စိတ်မရှိပါနဲ့နော်"

ဘာကြောင့်မှန်းမသိ။ သူစိတ်ခုသွားမှာကိုတော့ ညီမတစ်ယောက်လို စိုးရိမ်တာမျိုး မဟုတ်ဘဲ ပြည့်ရင်ထဲမှာ အလိုလို သိမ်ငယ်ရလေသည်။ သူက တစ်ချက်ရယ်မောလိုက်ကာ ကားတံခါးကို ဖွင့်ပေးလိုက်ရင်း ...

"မန္တလေးသူက အအေးကြောက်တာပဲ၊ အိမ်မှာဆိုရင်





ကိုယ်က air-con တွေ အအေးမြှင့်လိုက်၊ ညီမလေးက လျှော့လိုက်နဲ့ လုပ်နေကြတာ ... ကိုယ် မေ့သွားတယ်"

"အအေးကြောက်တာတော့ မဟုတ်ပါဘူး ... အထဲမှာ အရမ်းအေးနေပြီးမှ အပြင်ကို ထွက်လိုက်တော့လေ ... ခေါင်းထဲမှာ မူးသွားတတ်လို့ပါ"

"ဪ ... ဪ ... ကိုယ်တောင် အထဲမှာ ဖိုးကျော်နဲ့ တွေ့ခဲ့သေးတယ်၊ အတော်ပဲလို့၊ နေ့လယ်ကျရင် သူတို့အိမ် သွားဖို့ စီစဉ်ထားတာနဲ့လေ၊ မေ့ကို မုန့်တစ်ခုခု လုပ်ထားလို့ မှာလိုက်တယ်၊ ညီမလေး ရောက်နေတဲ့ အကြောင်းတော့ မပြောလိုက်သေးဘူး၊ ရောက်သွားမှ အံ့ဩသွားအောင် လေ..."

"မေ ..."

ပြည့်က သူ့စကားကို သံယောင်လိုက်ကာ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ လပြည့်ပြောပြထားခဲ့သမျှတွေထဲမှာ မေ ဆိုသော နာမည်ကို ပြည့် မကြားဘူးခဲ့ပါ။ သိသိသာသာ ရိပ်မိသွားမှာ စိုးတာကြောင့် မသိသလိုပုံစံမျိုးနဲ့လည်း မမေး

ရဲ့။ ဘယ်သူမှန်း သိမထားရင်လည်း တကယ်တမ်းတွေ့ရတဲ့ အခါ အဆင်မပြေဖြစ်မှာ စိုးတာကြောင့် ပြည့်မှာ ဘယ်လို နည်းနဲ့ မေးရပါ့မလဲဆိုပြီး ကားနောက်မှီကူရှင်ကို ခပ်လျော့ လျော့ချလျက် မျက်စိစုံမှိတ်ကာ အကြံထုတ်ရသည်။ သူက ပြည့်ဇဝေဇဝါ ဖြစ်သွားတာကို ရိပ်မိဟန်နှင့် ...

"မေ ... မေဆိုတာ ပေါက်ပေါက်ကို ပြောတာလေ ညီမလေးရဲ့၊ ဖိုးကျော်ရဲ့အောက်က ညီမလေ၊ ညီမလေးနဲ့ ခြောက်လလောက်ပဲကွာမယ် ထင်တယ်၊ ညီမလေး မှတ်မိ မှာပါ၊ ငယ်ငယ်တုန်းက အမြဲတမ်း ညီမလေးနဲ့ အရုပ်တွေ မုန့်တွေ လုပြီးငိုကြတာလေ၊ ဘယ်လောက် အရုပ်တွေ အများ ကြီးရှိရှိ ညီမလေးနဲ့ မေက အရုပ်တစ်ခုတည်းကိုပဲ လုကြ တယ် ..."

"အင်း ... ပေါက်ပေါက် ...၊ ပေါက်ပေါက်ကိုတော့ ကျွန်တော် မှတ်မိတယ် ... တစ်ခါ ကျွန်တော်နဲ့ မုန့်လုပြီး ကျွန်တော်က ပေါက်ပေါက်ကို တွန်းလှဲလိုက်တာလေ၊ ပေါက် ပေါက် ခေါင်းပေါက်သွားတယ် မဟုတ်လား၊ ဖေဖေက စိတ်





ဆိုးပြီး ကျွန်တော့်ကို ရိုက်တာ၊ ကျွန်တော် မှတ်မိပါသေးတယ်၊ ကိုကိုက မေဆိုတော့ ဘယ်သူမှန်းလဲလို့"

"ပေါက်ပေါက်ရဲ့နာမည်အရင်းက 'မေတင်မောင်'လေ၊ အခု သူက အရင်က ပေါက်ပေါက် မဟုတ်တော့ဘူး၊ အရမ်း မိန်းမ ပီသပြီး အရမ်းလှတဲ့ ကောင်မလေး ဖြစ်နေပြီ၊ ညီမ လေးနဲ့လည်း လုတော့မယ့် ပေါက်ပေါက် မဟုတ်တော့ပါဘူး"

အရမ်းမိန်းမပီသပြီး၊ အရမ်းလှသတဲ့။ ပြည့်က ဒီကို မလာခင် မှန်ရှေ့မှာ တွေ့ခဲ့သော ကိုယ့်ပုံစံကို ပြန်မြင်ယောင် မိသွားသည်။ အသားကဖြူဖြူ၊ အရုပ်မြင့်မြင့် ပိန်ပိန်သွယ် သွယ်နဲ့ သနပ်ခါး ပါးပါးကလွဲလို့ မျက်နှာမှာ အလှအပ တစ်စက်မှ မရှိတာ။ အချက်အပြုတ်၊ အချုပ်အလုပ်စတဲ့ အိမ်တွင်းမှုကိစ္စတွေ နိုင်နင်းပေမယ့် သိပ်ကြီး မိန်းမ ပီသ လှတာတော့ မဟုတ်။ လပြည့်က ပြည့်ထက်ပိုပြီးတော့တောင် မိန်းမ၊ မပီသပါသေးသည်။ ကြက်ဥ တစ်လုံးကိုတောင် ဖြောင့် အောင် မပြုတ်တတ်။ အခု ပြည့် မရှိချိန်မှာတောင် လပြည့် ဘယ် လောက် အစားအသောက် ဒုက္ခရောက်နေမယ် မသိပါ။

မေ့အကြောင်း ပြောနေသော သူ့မျက်နှာက နူးညံ့စွာ ပြုံးနေလေရဲ့။ သူနဲ့မေ၊ ဘာများပတ်သက်ကြပါသလဲ။ ဘယ်လိုမှန်းမသိပေမယ့် မေ့အပေါ် သူ့အလေးထားမှန်းကိုတော့ သူ့ပြောစကားတွေအရ၊ အကဲခတ်လို့ ရပါသည်။ လပြည့်နဲ့ အဆက်အသွယ်ရရင်တော့ သူ့အစ်ကိုတော်နဲ့ ပတ်သက်တဲ့ မိန်းကလေးတွေအကြောင်းကို ပြောရပါဦးမည်။

ပြည့်ရောက်တာနဲ့ တွေ့ရတဲ့ ပိတောက်၊ အခု မေ။ သူ့အစ်ကို ကိုဖိုးစွံအကြောင်းကိုကြားရင် လပြည့် တစ်ယောက် ရယ်ပဲ ရယ်နေမလား၊ ဒါမှမဟုတ် ယောကျ်ားတွေဟာ ဒီလိုပဲလို့ပဲ ပြောမလားတော့ မသိ။

"ဒီနေ့ နေ့လယ်စာ မချက်နဲ့တော့ ညီမလေး၊ ကိုယ်တို့ အပြင်မှာ ထွက်စားကြမယ်၊ ညီမလေးကို ရန်ကုန်က ချစ်တီးထမင်းကောင်းကောင်း လိုက်ကျွေးမယ်၊ ဒီကိုရောက်ကတည်းက ကိုယ်က နေမကောင်း ဖြစ်နေတာနဲ့ ညီမလေးကို ဘယ်ကိုမှ လိုက်မပို့ပေးရသေးဘူး၊ ဖေဖေကတောင် ဖုန်းထဲမှာ မေးနေသေးတယ် ... ညီမလေးကို ဘယ်နေရာတွေ ပို့ပြီးပြီလဲ





တဲ့ ... ဒီနေ့ ညနေဘက်ကျရင်တော့ ရွှေတိဂုံဘုရားကို ပို့ပေးမယ်၊ ညီမလေး တခြားသွားချင်တဲ့ နေရာရှိရင်လည်း ပြောနော်၊ ကိုယ် ပို့ပေးမယ်"

"ကျွန်တော် ဘယ်ကိုမှ မသွားချင်ပါဘူး ... မန္တလေးမှာလည်း စာသွားသင်ရတဲ့ အချိန်တွေကလွဲရင် ကျွန်တော် အဆောင်မှာပဲ [illegible]နေတာပဲ"

"စာသွားသင်တယ်"

သူ မေးလိုက်တော့မှ ပြည့်သည် ကိုယ်ပြောလိုက်မိတာကို ကိုယ့်ကိုယ်ကိုယ် သတိရတော့သည်။ စရောက်ကတည်းက ဒီအကြောင်းအရာကို ပြည့် မပြောခဲ့မိဖူးပါ။ လပြည့်လည်း စာတော့ သင်တာပါပဲ။ ဒါပေမယ့် လပြည့် တပည့်တွေက ပြည့်ရဲ့ တပည့်တွေလို ကိုးတန်း ၁၀ တန်း မဟုတ်။ လူကြီးတွေဆိုရင် သူတို့ရစ်ပြီး မေးနေသမျှ၊ ဆရာဝတ္တရားကလည်း ရှိတော့ ဖြေရမှာတဲ့၊ ကလေးတွေကို သင်ရတာပဲ စိတ်ရှည်တယ်ဟုဆိုကာ လပြည့်ရဲ့ တပည့်တွေသည် မူလတန်းကလေးငယ်များသာ။

"ဟုတ်ကဲ့ ... ကိုကို့ကို ကျွန်တော် မပြောရသေးဘူး၊ မန္တလေးမှာတုန်းက ကျွန်တော့်အလုပ်က ဟုမ်းကျူရှင်ဆရာမလေး၊ စတာ့ဒီဂိုက်(study guide)လို့ ခေါ်လည်းရတာပေါ့၊ ကျွန်တော့်မှာ တပည့်တွေ အများကြီးပဲ၊ ဒီကိုလာတော့တောင် ကျွန်တော့် တပည့်တွေကို သူများနဲ့ လွှဲပေးခဲ့ရတယ်၊ တချို့ဆိုရင် MC မှန်းပြီး ကြိုးစားနေတဲ့ တပည့်တွေတောင်ရှိတယ် ကိုကိုရဲ့၊ သူတို့ခမျာ ကျွန်တော် မရှိတော့ တော်တော်အားလျော့ကုန်ကြတယ်"

"ညီမလေးက အခု ကျောင်းပြီးသွားပြီနော် ... ဘာမေဂျာနဲ့ ... ဖေဖေကတော့ ပြောတယ်၊ ကိုယ်လည်း မှတ်ရတာတွေ များပြီး မေ့တော့တော့ရယ် ..."

"IR လေ၊ နိုင်ငံတကာ ဆက်ဆံရေး၊ ဒီနှစ်မှ ပြီးတာလေ၊ ဘွဲ့တောင် မယူရသေးဘူး"

"ဟုတ်လား ... ဘွဲ့မယူရသေးဘူးဆိုရင် ကောင်းတာပေါ့၊ ညီမလေး ဘွဲ့သွားယူတဲ့အခါ ကိုယ်နဲ့ဖေဖေနဲ့ လိုက်ရတာပေါ့၊ ကိုယ်ဘွဲ့ယူတဲ့ရက်နဲ့တောင် သိပ်ကွာမှာ မဟုတ်





ဘူး၊ မောင်နှမနှစ်ယောက် တစ်လှည့်စီ အဖော်လိုက်ရမယ် ထင်တယ် ... ပျော်စရာကြီးနေမှာပဲ"

ပြည့် ဘာမှပြန်မဖြေဘဲ ပြုံးရုံသာ ပြုံးနေလိုက်ပါသည်။ အင်းပေါ့လေ ... အဲဒီအချိန်ကျရင်တော့ လပြည့်အနားမှာ အဖေရယ်၊ အစ်ကိုရယ်၊ ချစ်တဲ့သူရယ်၊ ဝိုင်းဝိုင်းလည်နေလိမ့်မယ်။ ပြည့်ကတော့ ကိုယ့်ဘေးမှာ အပြုံးပန်း တဝေဝေနဲ့ လိုက်နိုင်မယ့် ကိုယ့်မိတဆွေမျိုးသားချင်းလည်းမရှိ၊ ချစ်သူလည်း မရှိမို့ ဘွဲ့နှင်းသဘင်တက်ဖို့ ကိစ္စကို နည်းနည်းလေးမှ စိတ်မကူးပါ။ ကိုယ့်ဒုက္ခ၊ ကိုယ့်ဝမ်းနည်းမှုကို ကိုယ်မရှာချင်၍ ဖြစ်ပါသည်။

ချစ်သူ ... တဲ့။

ပြည့်ရဲ့ဘဝက်ဟာ လပြည့်နဲ့ ကွာခြားလွန်းလှပုံများကတော့ ကိုယ်ချစ်တဲ့သူကတောင် ကိုယ့်ကို မချစ်ခဲ့။ ချစ်သူဆိုသော လူတစ်ယောက်သည် ပြည့် မပိုင်ဆိုင်နိုင်သော ရတနာတစ်ခုသာ ဖြစ်လေသည်။

အိမ်အပြန်လမ်းတစ်လျှောက်လုံး ပြည့်က ကားကူရှင်

နောက်ကျောကို ခပ်လျော့လျော့မှီကာ မျက်လုံးစုံမှိတ်ပြီး ကိုယ့်ခံစားချက်နဲ့ကိုယ် ငြိမ်သက်နေမိတာမို့ သူကလည်း အလိုက်တသိ စကားမဆိုဘဲ ငြိမ်သက်ပေးနေခဲ့ပါသည်။

♥ ♥ ♥

ရဲတိုက်ကြီးတစ်ခုနှယ် ခမ်းနားလှသော သုံးထပ်တိုက်ဝါဝါမြင့်မြင့်ကြီးကို တွေ့သောအခါ ပြည့်သည် ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစားလိုက်ရပါသည်။ လပြည့်တို့အသိုက်အဝန်းဟာ သိပ်ကို မြင့်မားကြွယ်ဝလှတာ။ လပြည့်နဲ့သဘောတူထားသည်ဆိုသော ကျော်တင်မောင်တို့ မိသားစုဟာတော်တော်ကို မြင့်မြင့်မားမား ကြွယ်ကြွယ်ဝဝထဲကဆိုတာ သူတို့နေတဲ့ ရပ်ကွက်နဲ့ သူတို့အိမ်ကို တွေ့ရုံနဲ့တင် ပြည့်က သိလိုက်ပါသည်။

"ဒါ ဖိုးကျော်တို့အိမ်လေ ညီမလေးရဲ့ ... မှတ်မိတယ်မဟုတ်လား၊ ကိုယ်တို့အိမ်က ဒီအိမ်နဲ့ သုံးခြံကျော်လေ၊ ငယ်





ငယ်တုန်းကဆိုရင် ကိုယ်က ညီမလေးကို ကျောမှာပိုးပြီး မေမေ လစ်တာနဲ့ ဒီဘက်အိမ်ကို ဆော့ဖို့ ပြေးလာတာပဲ၊ ညီမလေး မှတ်မိသေးလား၊ တစ်ခါ ကိုယ် မိုးရွာကြီးထဲမှာ အဆောင်းမပါဘဲ ညီမလေးကို ခေါ်သွားတာ၊ မိုးမိပြီး ညီမလေးကဖျားရော၊ မေမေဆူပြီး ကိုယ့်ကို ရိုက်တယ်လေ"

အဲဒီလောက် အသေးစိတ်တွေကိုတော့ လပြည့်က ပြောပြမထားတာကြောင့် ပြည့်က ဒီအတိုင်းသာ ငြိမ်သက်နေဖြစ်ပါသည်။ သူပြောတာကို ပြည့်က ဘာမှမထောက်ခံ၊ မကန့်ကွက်၊ ဖြည့်စွက်လည်း မပြောဘဲ ဒီအတိုင်းသာ ငြိမ်သက်နေတာကို၊ ပြည့် မမှတ်မိတော့ဘူးလို့ ထင်သွားပုံနှင့် ...

"အင်းလေ ... ညီမလေး မှတ်မိတော့မှာ မဟုတ်ပါဘူး၊ ညီမလေးက အရမ်းငယ်သေးတာကို"

သူက ပြောပြောဆိုဆိုနှင့် ခြံတံခါးကြီးရှေ့မှာ ကားကို ရပ်လိုက်ပြီး ဟွန်းနှစ်ချက်ဆင့်ကာ တီးလိုက်ပါသည်။ ခြံတံခါးကို ဖွင့်ပေးမည့် ခြံစောင့်ဟု ထင်ရသော လူတစ်ယောက်၊ တိုက်အိမ်ကြီး၏ အနောက်ဘက်မှ ပြေးထွက်လာလေသည်။

မကြာသေးတဲ့ အချိန်တစ်ခုမှာ အင်တာဗျူး တစ်ခုလို အားလုံးရဲ့ဝိုင်းပြီး စိတ်ဝင်တစား မေးမြန်းကြည့်ရှုတာကို ကျဉ်းကျပ်စွာ ခံရဦးမှာ။ ခင်လပြည့် ဆိုတာ သူတို့ယုံကြည်လက်ခံသည်အထိ ပြည့်က သရုပ်ဆောင်ပေးရဦးမည်။

အခု လတ်တလောမှာတောင် ပြည့်စိတ်ကျဉ်းကျပ်လှပါပြီ။ စူပါဝမ်းမှာတုန်းက သူ ဝယ်လာခဲ့သော အထုပ်အပိုးတွေသည် ပြည့်အတွက် အဝတ်အစား အသုံးအဆောင် ပစ္စည်းတွေချည်းသာ ဖြစ်နေခဲ့လေသည်။ အင်္ကျီတစ်ထည် တစ်ထည်ရဲ့ တန်ဖိုးဟာ လေးငါးခြောက်ထောင်ထက် မနည်းဘူးဆိုတာ ကြည့်ရုံနဲ့တင် ပြည့်သိသည်။ သူကတော့ သူ့ညီမလေး ခင်လပြည့်အတွက် ရည်ရွယ်ပေးမယ့် ပြည့်ကတော့ ကိုယ်က ခေတ္တခဏသာ အစားဝင်ရသူမို့၊ ထိုပစ္စည်းတွေအတွက် ပိုလို့တောင် စိတ်ရှုပ်ရပါသေးရဲ့။ ဝတ်လည်းမဝတ်ချင်၊ မဝတ်လို့လည်း မရ။ လပြည့်ကိုတော့ အကျိုးအကြောင်း ပြောပြထားဦးမှာပါ။

ရွှေဝါရောင်နှင့် ရွှေဖြူရောင် နှစ်ရောင် ရောထားသော





ယလက်တီနံဆွဲကြိုးနှင့် ဟန်းချိန်းအပြင်၊ စိန်လော့ကတ်သေးသေး တစ်ခုကိုပါ ပေးခဲ့သောအခါ ပြည့်က ငြင်းလို့လည်း မရ၊ စိတ်ရှုပ်လှပါသည်။

"ရွှေတွေ စိန်တွေ ဝတ်တာ ကျွန်တော် ဝါသနာမပါဘူး ကိုကို"

ငြင်းလို့ရသလောက် ပြည့်က ငြင်းသေးသည်။

"ဝါသနာမပါလည်း ဝတ်ရမှာပဲ ညီမလေးရဲ့ ... ဖေဖေ့သမီးတစ်ယောက် အနေနဲ့ ဒီလောက်တော့ လှုမြင်ကောင်းအောင် ဝတ်ထားရမှာ၊ ဒါတောင်မှ ကိုယ်က စိန်တွေ ဘာတွေ သိပ်နားမလည်လို့ ဒါလေးတွေပဲ ဝယ်လာရတာ၊ နောက်မှ နားလည်တဲ့ သူငယ်ချင်းတွေဆီမှာ အမျိုးအစားကောင်းကောင်း မှာထားရမယ်"

ဤသို့ဖြင့် ပြည့်သည် သူဆင်သော အဝတ်အစား၊ လက်ဝတ်လက်စားတွေနှင့် အန်ကယ်မောင်တို့အိမ်ကို ပါလာရလေသည်။ ဖိုးကျော် ဆိုသော ကျော်တင်မောင်ကိုရော၊ ပေါက်ပေါက် ဆိုတဲ့ မေတင်မောင်ကိုရော တွေ့ရတော့မည်။

ပြီးတော့ လပြည့်ကို အခုချိန်ထိ ချွေးမတော်ချင်ဆဲဆိုသော အန်တီလှလှ။

ခြံတံခါးကြီး ပွင့်သွားပြီး ကွန်ကရစ်လမ်းအတိုင်း ကား ကိုမောင်းဝင်လာခဲ့သောအခါ ပြည့်သည် ပို၍ ရင်ခုန်လာပါ သည်။

အိမ်ရှေ့ပေါ်တီကိုအောက်မှာ ကားကိုရပ်လိုက်သော အခါ ပြည့် ခြေဖျားလက်ဖျားတွေ အေးစက်လာရပြီး သူ့လက် မောင်းကို အားကိုးတကြီး ဖက်တွယ်ထားလိုက်မိလေသည်။

♥ ♥ ♥

သူ့ဘေးမှာ ကျုံ့ကျုံ့လေး ထိုင်နေရင်း ပြည့်က အန် ကယ်မောင် မေးသမျှကို တစ်ခွန်းချင်း ပြန်ဖြေနေရလေသည်။ အန်တီလှလှနဲ့ ဖိုးကျော်ကအပြင်ခဏသွားသတဲ့။ တော်ပါသေး သည်။ လေးယောက်စလုံးနဲ့များ တစ်ချိန်တည်းတွေ့ရင် သူ တို့မေးသမျှ ဖြေရမှာနဲ့တင် ပြည့်တော့ မူးလဲသွားလောက်ပါ





သည်။ အခု အန်ကယ်မောင်နဲ့ မေ(ပေါက်ပေါက်) နှစ်ယောက် နဲ့တင် ပြည့်ခေါင်းတွေ နောက်နေပြီ။

မေက တော်တော်ကို မှတ်ဉာဏ်ကောင်းသော မိန်းက လေးပါ။ လပြည့်နဲ့ ဟိုးငယ်ငယ်တုန်းက ကစားကြတာတွေ၊ အဖြစ်အပျက်တွေကို အားလုံးနီးပါးမှတ်မိလေသည်။ ပြည့်က တော့ ကာယကံရှင်လည်း မဟုတ်ရုံမကဘဲ လပြည့် ပြောသ လောက်ကို မှတ်ထားသမျှသာ သိတာ။ မေက ပြောလိုက် တာနဲ့ "အင်း"ဆိုပြီးလည်း ချက်ချင်းမထောက်ခံရဲ၊ မဟုတ်ဘဲ နဲ့ တမင်သက်သက် စမ်းသပ်တာမျိုးဆိုရင် ပြည့် ဒုက္ခရောက် ရဦးမည်လေ။ ဟုတ်နေရက်နဲ့ "ဟင့်အင်း"ဆိုရင်လည်း မှား ပြန်ဦးမှာ။

ပြည့်မှာ တော်တော်သတိထားပြီး စကားပြောရလေ သည်။

မေက သိပ်ပြီး မိန်းမပီသတယ်၊ အဘက်ဘက်က ထူးချွန်တယ် ဆိုတာကိုတော့ ပြည့် လက်တွေ့ကြုံရပါသည်။ ဧည့်ခန်းရဲ့ အပြင်အဆင်ဟာ နိုင်ငံခြား အိမ်အလှပြုပြင်ရေး

ကတ်တလော့က်တွေထဲကအတိုင်း အပိုအလိုမရှိ လှပရှင်းသန့်၍ နေသည်။ မီးအလင်းရောင်က အစ အကောင်းဆုံး အနေအထား ဖြစ်လေသည်။

နံနက်က ရှုပါဝမ်းမှာ ဖိုးကျော်နဲ့တွေ့တုန်းက "အိမ်လည်လာမယ်နော်၊ မုန့်တွေလုပ်ထား"ဆိုပြီး သူက မှာထားခဲ့တာကြောင့် မေက ရခိုင်မုန့်တီ လုပ်ထားပါသည်။ ရခိုင်မုန့်တီအပြင် ကောက်ညင်းရွှေကြည်၊ ကျောက်ကျော၊ လက်ဖက်သုပ် အစုံကိုပါသေးရဲ့။ အဲဒီအစားအစာတွေ အကုန်လုံးမေ တစ်ယောက်တည်း လုပ်ထားတာ ဆိုသောအခါ ပြည့်သည် တအံ့တသြ။

"ကိုကိုကျော်က နံနက်ကတည်းက ကိုကိုထွန်း လာမယ်ဆိုပြီး ဖုန်းလှမ်းဆက်ထားတယ်လေ ... အဲဒါနဲ့ ရခိုင်မုန့်တီ လုပ်ထားတာ၊ လပြည့် ပါလာမယ် ဆိုတာမှမသိဘဲ၊ သိရင်တော့ လပြည့် ကြိုက်နိုင်မယ့် တစ်ခုခု စီစဉ်ထားပါတယ်"

"ရပါတယ် ... ရခိုင်မုန့်တီလည်း ကျွန်တော် ကြိုက်





ပါတယ် ... မန္တလေးမှာဆိုရင် ရခိုင်မုန့်တီစားရဖို့ သိပ်မလွယ်ဘူး၊ ရာသီဥတုကလည်း ပူတော့လေ"

"လပြည့်က တကယ် မန္တလေးသူ စစ်စစ်ကြီးကို ဖြစ်သွားတာပဲနော်၊ စကားပြောရင်လည်း ကျွန်တော်၊ ကျွန်တော်နဲ့၊ မန္တလေးမှာ နေရတာ အဆင်ပြေရဲ့လား၊ တို့က ဆယ်တန်းအောင်စာရင်း ထွက်တုန်းကတောင် ကိုကိုကျော့်ကို ပြောသေးတယ်၊ လပြည့် တစ်ယောက် ဂုဏ်ထူးတွေ ဘယ်နှခုများပါသေးလဲ မသိဘူးလို့၊ တို့ကတော့ စာမေးပွဲနီးမှ တိုက်ဖို့ကြက်ဖြစ်တာလေ၊ မဖြေတော့ဘူးဆိုပြီး ငိုယိုနဲ့၊ မေမေတို့က ဖြေလိုက်ပါဆိုတာနဲ့၊ ဂုဏ်ထူးတော့ မပါဘူး ..."

ဒီတစ်ခုတော့ လပြည့်ရော ပြည့်ပါ မေ့ထက် သာသွားရပါသည်။ ပြည့်တို့နှစ်ယောက်စလုံး ဂုဏ်ထူးသုံးခုစီနဲ့ အောင်ကြတာပါ။ အဲဒီကိုအမှတ်မီပေမယ့် ရန်ကုန်မှာ အဆောင်နေပြီးသွားတက်ရမှာကို လပြည့်မေမေက ခွင့်မပြုတာမို့ မန္တလေးမှာရှိတဲ့ မေဂျာကိုသာ ယူလိုက်ကြရတာ။

"ကျွန်တော်ကတော့ ဂုဏ်ထူးသုံးခု၊ အဲဒီကိုရတယ်လေ၊

မေမေက ရန်ကုန်မှာ မတက်စေချင်တာနဲ့ မန္တလေးမှာပဲIR ယူလိုက်တာ”

“အန်တီက ရန်ကုန်ကို တော်တော်စိတ်နာသွားတာပဲ နော်”

ပြောမိပြီးမှ မေသည် မှားသွားဟန်နှင့် အားတုံ့အားနာ ဖြစ်သွားလေသည်။ သူက မေ့ အခြေအနေကို သိတာမို့၊ မေ အနေမခက်အောင် ...

“ဟုတ်တယ် ... မေမေက တော်တော်ကို စိတ်ဓာတ်မာတာ၊ ကိုယ့်ကိုတောင် သားတစ်ယောက် ဆိုပြီး အသိအမှတ်ပြုတာ သတိရတာ မရှိတော့ဘူး၊ အခုချိန်မှာ မေမေ ရှိသေးရင် ညီမလေးကိုတောင် ကိုယ်တို့ အခုချိန်ထိ တွေ့ရမှာ မဟုတ်ဘူး”

“ကိုကိုထွဋ် ကလည်း ... လပြည့်က စိတ်ဆိုးနေပါဦးမယ်”

“မဆိုးပါဘူး ... ကျွန်တော် နားလည်ပါတယ် ပေါက်ပေါက်ရဲ့ ဒီကနေ ထွက်သွားကတည်းက မေမေက





အားလုံးကို မေ့ပစ်ရမယ်လို့ ကျွန်တော့်ကို အမြဲမှာတာ၊ ဆုံးသွားသည်အထိ ရန်ကုန်ကိုလည်း ပြန်ခြေမချတော့ဘူးလေ၊ တော်ပါသေးရဲ့၊ ဖေဖေနဲ့ ကိုကိုက ကျွန်တော့်ကို အတင်းရှာပြီး ပြန်ဆက်သွယ်လို့၊ မဟုတ်ရင် ကျွန်တော် တစ်သက်လုံး ဆွေမဲ့မျိုးမဲ့ နေသွားရဦးမှာ”

ပေါက်ပေါက် ဆိုသော အခေါ်အဝေါ်ကို မေက မနှစ်သက်ကြောင်းကို စကားအလိမ္မာနှင့် ချက်ချင်းတုံ့ပြန်လေသည်။

ပြည့်ကလည်း တမင်သိရက်နဲ့ ဘယ်လိုများ တုံ့ပြန်မလဲဆိုပြီး ပေါက်ပေါက်လို့ ခေါ်လိုက်တာပါ။

“အခုချိန်မှာများ တို့တွေအပြင်မှာ ပြန်တွေ့ကြရင်တော့ တစ်ယောက်နဲ့ တစ်ယောက် မှတ်မိတော့မှာ မဟုတ်ဘူးနော်၊ တို့ကိုလည်း ငယ်နာမည် ပေါက်ပေါက်နဲ့ ဘယ်သူမှ မသိကြတော့လေ၊ အားလုံးက မေတင်မောင်ပဲ သိကြတော့တယ် ... ခုနက လပြည့်က တို့ကို ပေါက်ပေါက်လို့ ခေါ်လိုက်တော့ တို့ ရုတ်တရက် ကြောင်သွားတာပဲ၊ ဘယ်သူ့ကိုများ ပြောလိုက်တာလဲလို့ ...”

"အင်း ... ကျွန်တော်က ငယ်ငယ်တုန်းက အခေါ်ပဲ နှုတ်ကျိုးနေလို့၊ ကိုကိုခေါ်သလို မေလို့ပဲ ခေါ်တော့မယ်နော်"

သူ့ကို ပြည့်က ခွင့်တောင်းသလို လှမ်းကြည့်တော့ သူက ပြည့်ကို ကြည်ကြည်နူးနူး ပြုံးကြည့်နေတာနဲ့ ဆုံသည်။ သူကတော့ သူ့ညီမလေးကို ချစ်စနိုး အကြည့်နဲ့ကြည့်တာ၊ ပြည့်က လပြည့် မဟုတ်တာမို့ ရင်ထဲမှာ နေမထိ၊ ထိုင်မသာ ဖြစ်လာရသည်။ လပြည့်နဲ့ ဖုန်းပြောရတဲ့အခါ အလော့တကြီး ပြောဖို့ အကြောင်းအရာ နောက်တစ်ခု တိုးလာပြန်ပါပြီ။ "နင့်အစ်ကိုက နွေးထွေးတဲ့ အကြည့်တွေနဲ့ ကြည့်တဲ့အခါ ငါ သိပ်အနေရခက်တယ် လပြည့်ရေ"လို့ ပြောဖြစ်မယ် ထင်ပါရဲ့။

ရင်မဆိုင်ရဲလှစွာနဲ့ ပြည့်က အကြည့်လွှဲလိုက်မိချိန်မှာပဲ အိမ်ရှေ့က ကားဟွန်းတီးသံ ကြားလေသည်။

"ဟော ... ကိုကိုကျော်နဲ့ မေမေ ပြန်လာကြပြီ၊ လပြည့်ကိုတွေ့သွားရင် သူတို့အရမ်းဝမ်းသာကြမှာ။ လာ လပြည့်၊ မေတို့ သွားကြိုရအောင်"





မေက ပြည့်လက်ကို တယုတယ လာတွဲခေါ်တာမို့ ပြည့်က အလိုက်သင့် ထ,လိုက်ရပါသည် မေ့အရပ်သည် ပြည့်နဲ့ မတိမ်းမယိမ်း။ စပို့ရှပ်သားဆန်ဆန်၊ ခပ်ပျော့ပျော့ အဆန်းတစ်မျိုးကို ကိုယ်နဲ့အတိ ဂါဝန်ရှည်ဝတ်ထားတာမို့ ကိုယ်လုံးအလှက ပေါ်လွင်လှပါသည်။ ပြည့်နဲ့တော့ ကွာပါ့။ ပြည့်ကတော့ နှာမည်နဲ့ မလိုက်လှစွာ၊ ပိန်ပိန်ရှည်ရှည်။ အသားအရေကတော့ ရန်ကုန်သူစစ်စစ် မေ့ကို ပြည့် ယှဉ်နိုင်ပါသည်။ မေ့အသားက ဖြူတယ်ဆိုရုံလေး။ ပြည့်ကိုတော့အင်မတန် အသားအရေ လှသည်ဟု လူတိုင်းက ပြောစမြဲ။

အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရပ်လာသော ကားကြီးသည် နောက်ဆုံးပေါ် သိန်းထောင်ချီတန်သော အဖြူရောင် ကားမြင့်မြင့်ကြီး။ ကားမှန်တွေက ခပ်ညိုညိုတွေမို့ ကားထဲက သူတွေကို ချက်ချင်း မမြင်ရသေး။ ရုတ်တရက် ကားမောင်းသူဘက်မှ တံခါးက ချပ်ခနဲ ပွင့်လာလေသည်။

ဆင်းလာသူကို တွေ့သောအခါ ပြည့်သည် ပြုံးဖို့ရယ်

ဖို့ ဘာတစ်ခုမှ သတိမရဘဲ ကျောက်ရုပ်တစ်ရုပ်လို အတောင့်သား ဖြစ်နေရသည်။

ရန်ကုန်ကို စ,ရောက်တဲ့နေ့က Lift လိုက်ရှာရင်း ကမောက်ကမ ဆုံခဲ့ရတဲ့ ...

ဒီနံနက်မှာပဲ ရုပ်ပါ၀မ်းမှာ ပြည့် ရန်တွေ့ခဲ့တဲ့ ...

သူဟာ ...

ကျော်တင်မောင် ... တဲ့လား။

♥ ♥ ♥



၄။

ပြည့် ဆွဲထားသော ခြင်းတောင်းထဲကို ပြည့်လည်း ဘာမှ မထည့်ရဘဲနှင့် ပစ္စည်းတွေ အလိုလို ပြည့်လာလေသည်။ ပြည့်က အလန့်တကြားဖြစ်ကာ ခြင်းထဲက ပစ္စည်းတွေကို ကြည့်တော့ ပြည့် လိုချင်ရက်နဲ့ မ၀ယ်ခဲ့ရသော သကြားလုံးထုပ်တွေ။ ဘယ်သူကများ ပြည့်ရဲ့ခြင်းထဲ ထည့်နေတာပါလိမ့်။

ပြည့်က ဘေးဘီဝဲယာကို ကြည့်တော့လည်း ဘယ်သူမှရှိမနေ။ စိတ်တိုတိုနှင့် ခြင်းထဲက ပစ္စည်းအားလုံးကို ဘေးမှာ သွန်ချလိုက်သည်။ မရ။ သွန်ချလို့လည်း မရပြန်ပါ။

ဘာတွေ ဖြစ်ကုန်ပြီလဲ။ ပြည့်သည် တစ်ယောက်တည်း ရှုပ်ယှက်ခတ်သွားရကာ ခြင်းကိုပါ လက်ထဲက လွှတ်ချသည်။ ဆွဲခြင်းတောင်း လက်ကိုင်ကိုင်းက ပြည့် လက်ဖဝါးမှာ ကော်နဲ့ကပ်ထားသလို ကပ်နေရကာ လွှတ်ချလို့လည်း မရ။

- ဘာတွေ ဖြစ်ကုန်ပြီလဲ။

ပြည့် အရမ်းထိန်လန့်လာရကာ ဘေးဘီကို အကူအညီတောင်းဖို့ကြည့်တော့ လူတစ်ယောက်က မခိုးမခန့် အပြုံးမျိုးပြုံးလျက် ပြည့်ကို ကြည့်နေလေသည်၊

ကျော်တင်မောင် ...။

ပြည့်က မုန်းတီးလှစွာနှင့် ရေရွတ်လိုက်မိသည်။

သိပ်မုန်းတာပဲ။ ဘယ်ဘဝက ရေစက်မှန်းကိုမသိ။ တူးတူးခါးခါးကို မုန်းတာ။ ပြည့်ရင်ထဲမှာ အမုန်းတွေ များပြားပြည့်ကျပ်လာရကာ ပြည့်က စူးစူးဝါးဝါး အော်လိုက်မိသည်။

"မလာနဲ့ ... အနားကို မလာနဲ့ ..."

ရှေ့ကို တစ်လှမ်း တိုးလာတာနဲ့ ပြည့်က ရန်းကန်





အော်ဟစ်လိုက်ကာ လက်နှစ်ဖက်ကို ဘေးကို ယမ်းလိုက်ပါသည်။

" ... ... ..."

တစ်စုံတစ်ခုကို ထိခိုက်မိကာ ကြမ်းပြင်ဆီကို ကျကွဲသွားသံ။

ပြည့်ရဲ့ မျက်လုံးအစုံက အလိုလို ပွင့်ရက်သား။ မျက်လုံးတို့ကို ဖွင့်လိုက်တာ ကိုယ့်စိတ်က သိပေမယ့် မှောင်မိုက်ခြင်းက ကြီးစိုးနေရကာ အရာရာသည် အမှောင်ထုတွေချည်း။ ပြည့် ဘယ်ရောက်နေတာလဲ။ ခုနက အကြောင်းအရာတွေသည် အိပ်မက်တွေလား၊ တကယ်လား ဆိုတာကိုလည်း ချက်ချင်းဝေခွဲမရ။

ကြောက်လန့်စိတ်တို့ကြောင့် လူတစ်ကိုယ်လုံး ချွေးစေးတို့နှင့် အေးစက်ကာနေသည်။ အသက်ကို ပုံမှန်ပြန်ရှူရှိုက်ရင်း ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ပြန်ကြိုးစားနေဆဲ တံခါးခေါက်သံတစ်ခုနှင့်အတူ ...

"ညီမလေး ... ညီမလေး ... လပြည့်၊ ဘာဖြစ်တာလဲ၊ တံခါးဖွင့်ပါဦး"

ဒီတော့မှ ပြည့်သည် ကိုယ့်လက်ရှိ အခြေအနေကို အသေအချာ ပြန်သတိရသည်။ ပြည့်ရောက်နေတာ ရန်ကုန်မှာ၊ ပြီးတော့ ... ခင်လပြည့် အဖြစ်နဲ့ ဟန်ဆောင်ထားရတာ။

"ညီမလေး ... တံခါးဖွင့်ဦး ... ဘာသံမှလည်း မကြားရပါလား"

"ဟုတ်ကဲ့ ကိုကို ...၊ လာပါပြီ"

ညအိပ်ဝတ်စုံ ခပ်ပါးပါး ဝတ်ထားတာမျိုး မဟုတ်တာမို့ အဝတ်အစားတွေ ဘာတွေ အသည်းအသန် ထ,လဲစရာ မလိုပါ။ တံခါးဖွင့်တာ နှေးနေရင် သူ ပိုပြီး စိတ်ပူနေမှာစိုးတာကြောင့် ပြည့်က မီးခလုတ်ကို မဖွင့်သေးဘဲ တံခါးဆီကို မှောင်ထဲမှာပင် လှမ်းသွားလိုက်သည်။

"အမယ်လေး"

ချွန်ထက်သော အရာတစ်ခု။

ဘယ်ဘက်ခြေဖဝါးထဲကို နာနာကျင်ကျင် စူးဝင်သွား





ပြီဆိုတာ သိလိုက်ပြီး ရှေ့ဆက်လှမ်းလို့ မရအောင် လူက ခွေယိုင်သွားရသည်။ သွားပြီ။ တစ်ခုခုတော့ စူးသွားပြီ။ လောလောဆယ် အခန်းတစ်ခုလုံး မှောင်မိုက်နေတာမို့ ဒဏ်ရာကိုလည်း မကြည့်နိုင်သေး။ ပြည့်အသံကြောင့် သူ အပြင်ကနေ ပိုပြီး စိတ်ပူနေမှာ။

ပြည့်က အားတင်းပြီး တံခါးဆီကို လှမ်းသွားလိုက်သည်။

တံခါးဖွင့်လိုက်သည်နှင့် စိုးရိမ်တကြီး ဖြစ်နေသော သူက ဘွားခနဲ ရပ်လျက်သား၊ ဘယ်ဘက်လက်မှာ လက်နှိပ်ဓာတ်မီး အကြီးတစ်လက်ကိုင်ပြီးနောက် တစ်ဖက်မှာတော့ တစ်လက်မပတ်လည်လုံးလောက်ရှိသည့် သံချောင်းတစ်ချောင်းနှင့်။

"ဘာဖြစ်တာလဲ ညီမလေး ... သူခိုးလား ... ဘယ်ရောက်သွားပြီလဲ"

ပြောပြောဆိုဆို အခန်းထဲ လှမ်းဝင်လိုက်တာမို့ ပြည့်က သူ့ရင်ဘတ်ကို တွန်းထားလိုက်ရင်း ...

"ခဏလေး ကိုကို၊ သူခိုးမဟုတ်ပါဘူး၊ အရမ်းမဝင်နဲ့ဦး၊ ဖန်ကွဲစတွေ ရှိနေတယ်၊ မီးအရင်လင်းလိုက်ဦးမယ်"

"ဖန်ကွဲစတွေ ... ညီမလေးကို စူးသွားသေးလား၊ ညီမလေးလည်း ငြိမ်ငြိမ်နေလေ၊ စူးဦးမယ်"

ပြည့်က ပြန်မဖြေအားသေးဘဲ နံရံရှိ မီးခလုတ်ကို စမ်းကာ ဖွင့်လိုက်ပါသည်။ တစ်ခန်းလုံး မီးရောင်တွေ လင်းထိန်သွားရကာ ပြည့်သည် အလင်းရောင်ကို ချက်ချင်းမကြည့်နိုင်သေး။ မျက်လုံးကို ပြန်မှိတ်ထားလိုက်ရာကနေ ဖြည်းဖြည်းချင်း ပြန်ဖွင့်ရင်းနဲ့ ခြေထောက်က နာကျင်လာမှုကို သတိရလာရသည်။ ခုတင်ဘေးမှာ တင်ထားတဲ့ စားပွဲပုလေးပေါ်က မီးအိမ်လှလှလေးကို အိပ်မက်ယောင်ပြီး လက်နဲ့တိုက်မိသွားခဲ့တာ။

သူ ပြည့် အနား ရောက်လာတော့မှ ပြည့် အလိုလို အားရှိသွားရကာ ကိုယ့်ဒဏ်ရာကို ကြည့်ရဲတော့သည်။

"ကြည့်စမ်း ... ခြေထောက်မှာ စူးသွားတာကိုး ညီမ





လေးရဲ့၊ တော်တော်နက်တယ် ထင်တယ်၊ မှန်းစမ်း၊ သွေးလည်းတော်တော် ထွက်နေပြီ၊ ဆေးခန်းသွားလိုက်မှ ကောင်းမယ်ထင်တယ် ညီမလေး"

ကြမ်းပြင်တစ်လျှောက်မှာ သွေးတွေက သီသီသာသာကို စွန်းထင်းနေကြပြီ။ သူက ပြည့်ကို ဆတ်ခနဲ ကလေးတစ်ယောက် ချီသလိုမျိုး ပွေ့ချီလိုက်သည်။

"ရပါတယ် ကိုကိုရဲ့ ... အဲဒီလောက် မစိုးရိမ်ရပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ၊ စူးသွားတဲ့ ဖန်ကွဲစကိုလည်း ထုတ်ရဦးမှာ၊ အခန့်မသင့်လို့ ချုပ်ရမယ့် ဒဏ်ရာမျိုးဆိုရင် ဆရာဝန်နဲ့မှ ဖြစ်မှာပေါ့"

ပြည့်ကို အိမ်ရှေ့ဧည့်ခန်းမှာ ခဏချ၊ သူ့အိပ်ခန်းထဲ အမြန်ပြန်ဝင်သွားပြီး ကားသော့နှင့် ပိုက်ဆံအိတ်ကိုယူလာသည်။ ပြည့်က ဒဏ်ရာကို ဒီအတိုင်း လက်နှင့်အုပ်ထားတာတွေ့တော့ သူက တစ်ခေါက်ပြန်ဝင်ကာ ဖြူလွှလွှ မွေးပွတဘက်တစ်ထည်ကို ယူလာပြန်သည်။ ပြည့်ခြေထောက်မှာ သူကိုယ်တိုင် စိတ်ရှည်လက်ရှည် ပတ်ပေးတော့လည်း ပြည့်

မငြင်းနိုင်တော့။ သူ လှုပ်ရှားနေသမျှကိုသာ ဒီအတိုင်း ထိုင်ကြည့်နေဖြစ်တော့သည်။

"အဖော်ရအောင် ပိတောက်ကို အကူအညီ တောင်းမှ ထင်တယ်နော်၊ တော်ကြာ တစ်ခုခုဆိုရင် ကိုယ်တစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေလိမ့်မယ်၊ ညဥ့်တော့ အရမ်းနက်နေပြီ၊ အားနာနာနဲ့ပဲ အကူအညီ တောင်းရမှာပဲ"

သူ ပိတောက်ဆီကို ဖုန်းဆက်ပြီး ငါးမိနစ်အတွင်းမှာပင် ပိတောက် အိပ်မှုန်စုံမွှားနှင့် ရောက်လာပါသည်။ ဒီတစ်ခါတော့ ဟိုတစ်ခါတုန်းကလို မျက်ခုံးမွေး မဆွဲခဲ့ရတာ မဖြစ်တော့။ အညိုရောင်ဖျော့ဖျော့နှင့် မျက်ခုံးမွေးကို ပုံဖော်ဆွဲလာသည်။ စပို့ရှပ်ပွပွကြီးနှင့် သရီးကွာတား ဘောင်းဘီ မတိုမရှည်က ညအိပ်ဝတ်စုံပဲ ထင်ပါသည်။

ပိတောက်က ပြည့်လက်ကလေးကို တယုတယ လာကိုင်ထားကာ ...

"အရမ်းနာနေလား ... ဆေးခန်းရောက်လို့ ထုံဆေးတွေဘာတွေနဲ့ လုပ်ပေးရင် သက်သာသွားမှာပါ၊ ဩော် ... ကိုကို





သူရိန်၊ security guard (လုံခြုံရေးအစောင့်) တွေကိုလည်း ပိတောက် လှမ်းဖုန်းဆက်ပြီးပြီ၊ သူတို့ lift လည်း ဖွင့်ပေးထားမယ်၊ under ground (မြေအောက်ထပ်)က ကားပါကင် တံခါးလည်း ဖွင့်ထားပေးကြလိမ့်မယ်"

ပိတောက် သတိရှု၍သာ တော်ပါသေးသည်။ သူတစ်ယောက်တည်းသာဆိုရင် စိုးရိမ်စိတ်နဲ့ အရာရာကို သတိမမူ၊ မေ့လျော့နေတာ။ သူတို့အဆောက်အအုံကြီး၏ လုံခြုံရေးစနစ်က နည်းစနစ်ကျကျ ကောင်းမွန်လှပါသည်။ ညဘက် ညဥ့်နက်ချိန်ဆိုရင် အပြင်လူ အလွယ်တကူ ထွက်လို့မရပေ။ မြေအောက်ထပ် ကားပါကင်က ည(--)နာရီမှာ ပိတ်ပါသည်။ ကိုယ်ညဘက် အိမ်ပြန်နောက်ကျတာဖြစ်စေ၊ အရေးပေါ်ကိစ္စတစ်ခုခုကြောင့် အပြင်ထွက်စရာရှိရင်ဖြစ်စေ လုံခြုံရေးဌာနကို အကြောင်းကြားရသည်။

"ကျေးဇူးပဲ ပိတောက်၊ ညကြီးမင်းကြီးဆိုတော့ အားတောင်နာတယ်"

"ရပါတယ်၊ အားနာရမယ့်သူတွေမှ မဟုတ်တာ ကိုကို

သူရိန်ကလည်း၊ အခန်းနီးနားချင်းတွေပဲ ဥစ္စာ၊ ကူညီရမှာ ပေါ့”

အစပိုင်းကတော့ သွေးပူနေတာမို့ ခြေထောက်က သိပ်မနာ။ တဖြည်းဖြည်းနှင့် သွေးက ပိုထွက်လာကာ နာကျင်မှုက သိသာလာသည်။ ကားဆီကိုသွားရင် သူ့နောက်တစ်ကြိမ် ပွေ့ချီတာကို မခံရဲတာမို့ ပြည့်က သူနဲ့ ပိတောက်ကို တွဲပြီး ဒီအတိုင်းလျှောက်ဖို့ ကြိုးစားသေးပေမယ့် မရ။

“မလျှောက်နဲ့လေ ညီမလေးရဲ့ ... သွေးအရမ်းထွက်နေတာကို၊ ခြေဖဝါးက အကြောတွေ ဆုံတဲ့နေရာ ဆိုတော့ အရေးကြီးတယ်”

ပြောပြောဆိုဆို သူက ပြည့်ကို ပွေ့ချီလိုက်ပြန်ပါသည်။ ကြုံရပြန်ပါပြီ ... နောက်တစ်ချီ။ သူ သိပ်ကို စိုးရိမ်နေမှန်း သူ့အမူအရာကို ကြည့်ရုံနှင့် ပြည့် သိသည်။ ညီမကို သိပ်ချစ်တဲ့ အစ်ကိုတစ်ယောက် ... သူ့အနားမှာ ဒီလိုပဲ ညီမလေးတစ်ယောက်လို နေရရင် ...။

ဒါပေမယ့် ...





အစားထိုးဝင်ရခြင်းဆိုတာ၊ အစစ်အမှန် ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာ ပြည့် သိနေပါတယ်။

ကိုယ့်အခြေအနေကို ကိုယ်ပြန်တွေးမိတော့ မျက်ရည်တို့က မျက်လုံးအိမ်ထဲကို အလိုလို အိုင်ထွန်းလာရလေသည်။ သူ မမြင်အောင် မျက်ခွံတို့ကို ပိတ်လိုက်ပေမယ့် သူက မြင်ဖြစ်အောင် မြင်ပြန်သည်။

“ကြောက်နေလို့လား ... မငိုနဲ့နော် ညီမလေး ...ကိုယ်ရှိတာပဲ၊ ပိတောက်လည်း ရှိတာပဲ၊ အားမငယ်နဲ့နော်၊ ဆေးရုံလည်း မတက်ရလောက်ပါဘူး”

သူက ဂရုတစိုက် ပြောလေ ပြည့်က ပိုပြီးငိုချင်လေ။ နောက်ဆုံးတော့ ပြည့်သည် “ငါဟာ အရင်က ဘယ်သူဖြစ်ဖြစ်၊ အခုတော့ ခင်လပြည့်ပဲ ဖြစ်ရမယ်၊ သူက ငါ့အစ်ကို၊ အစ်ကိုမှ အရင်းခေါက်ခေါက်” ဆိုပြီး ကိုယ့်စိတ်ကို ကိုယ်ချွန်းအုပ်ရလေသည်။ စိတ် မလှုပ်ရှားစမ်းပါနဲ့ မိန်းကလေးရယ်။ မဖြစ်နိုင်တဲ့ အရာကို မျှော်မှန်းရတာ ပင်ပန်းလွန်းလှပါတယ်။

၂၄ နာရီဖွင့်သော အနီးဆုံး ပုဂ္ဂလိက အထူးကုဆေးရုံကြီးတစ်ခုကို ရောက်ခဲ့ပါသည်။ ဖန်ကွဲစက ခြေဖဝါးအလယ်လောက်မှာ တော်တော်နက်နက် စိုက်ဝင်နေခဲ့ပြီး ဟသွားသော ဒဏ်ရာကိုလည်း ပြန်ချုပ်ဖို့ မလွယ်ပြန်။ ခြေဖဝါးက လက်ဖဝါးလိုပင် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ အလှုပ်ရှားဆုံးနေရာ ဖြစ်တာကြောင့် မချုပ်ဘဲ ဒီအတိုင်းထားတာကသာ ပိုကောင်းကြောင်း ဆရာဝန်က စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။ ဒဏ်ရာကို ဆေးထည့်၊ ကာကွယ်ဆေးတွေ၊ အနာကျက်ဖို့ အကိုက်အခဲပျောက်ဖို့ ဆေးတွေ ထိုးပေးတာတွေပြီးလို့ ဆေးရုံကပြန်တော့ နံနက် နှစ်နာရီ ထိုးသွားပြီ။

ပိတောက် ခုမျာလည်း နံနက်အထိ ပြည့် အဖော်ရအောင် နေပေးရမလား မေးနေရှာပါသေးသည်။ သူ့ကို ပိတောက် တော်တော် သံယောဇဉ် ရှိတယ်ဆိုတာ ပိတောက် မျက်ဝန်းတွေထဲကို ကြည့်ရုံနဲ့တင် မိန်းကလေးချင်း ပြည့်နားလည်ရသည်။ သူ့ဘက်ကတော့ သာမန်အခန်းနီးနားချင်း မိတ်ဆွေတစ်ယောက်လိုသာ သဘောထားမှန်းကိုလည်း ပြည့်





သိသည်။ ပိတောက်ကိုတော့ ပထမ တွေ့စတုန်းက ခေတ်ဆန်ဆန်နှင့် ပေါ့ပေါ့တန်တန် နေတတ်သော အပေါယံမိန်းကလေးတစ်ယောက်လို့သာ ပြည့် ထင်ထားခဲ့တာပါ။ လူတစ်ယောက်ရဲ့ တကယ့်စိတ်ရင်း အစစ်အမှန်ကို အခက်အခဲကြုံတဲ့ အချိန်မှာမှ သိနိုင်တယ်ဆိုတာ အမှန်သားပင်။

အခုတော့ တွေ့စတုန်းကလို ပိတောက်ရဲ့ ခေတ်ရှေ့ပြေးလွန်းတဲ့ စတိုင်လ်ကိုလည်း ပြည့် ကြည့်လို့တော့ နည်းနည်း ရသွားပါပြီ။ ပိတောက်ကိုလည်း ကြည်ကြည်လင်လင် ဆက်ဆံလာနိုင်သည်။

"ကျေးဇူးအများကြီး တင်ပါတယ်နော် ပိတောက်၊ ညကြီးမိုးချုပ် လိုက်ကူညီပေးရတာ အရမ်း အားနာတာပဲ၊ ပိတောက် အိမ်ကတော့ စိတ်ပူနေမှာပဲ"

"ပိတောက် ပြောခဲ့ပါတယ် ... မေမေကလည်း အန်ကယ်နဲ့ ရင်းနှီးနေတော့ နားလည်ပါတယ်၊ လိုတာရှိရင်လည်း ပြောနော်၊ ဖုန်းလှမ်းဆက်လိုက်ပေါ့"

ပိတောက်က ပြည့်ကို သူနဲ့အတူ၊ အိပ်ခန်းထဲအထိ

လိုက်တွဲပို့ပေးခဲ့ပြီးမှ ပြန်သည်။ သူက ပိတောက်ကို ပြန်လိုက်ပို့ပေးဖို့ ပြန်ထွက်သွားတော့ အိပ်ခန်းထဲမှာ ပြည့် တစ်ယောက်တည်း ကျန်ရစ်လေသည်။ လွန်ခဲ့တဲ့ နှစ်နာရီ ဝန်းကျင်လောက်တုန်းကတော့ ပြည့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့တာ။ အခုတော့ မယုံနိုင်စရာ၊ ပြည့်က လူမမာတစ်ယောက် ဖြစ်နေခဲ့ပြီ။

အိပ်မက်တစ်ခုကြောင့် ...။

ဒါတွေဟာ ချောက်ချားဖွယ်ရာ အိပ်မက်တစ်ခုကြောင့် ဖြစ်ခဲ့ရတာပေါ့။ ဘယ်ဘဝက ရေစက်တွေကြောင့်လည်းတော့ မသိပါ။ ကျော်တင်မောင် ဆိုသော လူတစ်ယောက်ကို အင်မတန်မှ ခါးသီးမုန်းတီးလှတာ။ ဒီကို စ,ရောက်တဲ့နေ့မှာ ဆုံခဲ့ရကတည်းက (ကျော်တင်မောင် ဆိုတာ သိတောင်မသိသေး) မုန်းမိခဲ့တာ။ ချောမောသန့်ပြန့်လှသော ပုံစံဟာ ပြည့်အတွက်တော့ သိပ်ကို အသည်းယားဖို့၊ အမြင်ကတ်ဖို့ ကောင်းလှသည်။ သူ့ကို ကျော်တင်မောင်အဖြစ် သိရတော့ ပိုဆိုးသေးရဲ့။





ကျော်တင်မောင်ကတော့ ပြည့်ကို သူနဲ့ လက်ထပ်ဖို့ ဟိုးကလေးဘဝ ကတည်းက လူကြီးတွေ စီစဉ်ထားသည်ဆိုသော ခင်လပြည့် အဖြစ် ပြည့်ကို ပြန်တွေ့ရတဲ့အခါ သိပ်ကိုပျော်ရွှင်သွားရတယ်ဆိုတာ ဖုံးမရ ဖိမရ။ ပြည့်ကို လပြည့်မှန်း မသိခင်ကတည်းက စိတ်ဝင်တစား ရှိလှတာကိုတော့ မိန်းကလေးတို့၏ မသိစိတ်အရ ပြည့် ခံစားလို့ ရပါသည်။ လတ်လတ်ဆတ်ဆတ် အတွေ့အကြုံအဖြစ် သကြားလုံး လုဝယ်မိတဲ့ အဖြစ်က ရှိနေသည်လေ။

လပြည့်ရဲ့ အကူအညီအတွက် ဘယ်လောက် အခက်အခဲတွေပဲတွေ့တွေ့၊ ပြည့်က စိတ်မပျက်ခဲ့ပါ။ ကိုယ်မရောက်ဖူး မနေထိုင်ဖူးတဲ့ ဒေသ၊ မိသားစုထဲမှာတောင် ပြည့်က လပြည့်ကို ထားရှိတဲ့ သံယောဇဉ်နဲ့ ကြိုးစားပြီး ကူညီဟန်ဆောင်ပေးနေသေးတာ။ ကျော်တင်မောင်ကို တွေ့မှ နောင်တရချင်သလိုတော့ ဖြစ်ရရဲ့။ လပြည့် သိရင်တော့ စိတ်ဆိုးမလားတောင် မသိ။ လက်ထပ်ဖို့ အခြေအနေထိ မရောက်ဘူးဆိုတာတော့ သိပေမယ့် လပြည့် နေရာမှာ လူစားဝင်နေသမျှ

ကာလပတ်လုံး ကျော်တင်မောင်ကို အလိုက်သင့်တော့ ဆက်ဆံနေရဦးမှာပင်။ ပြည့်က အဲဒါကို စိတ်ပျက်လှတာ။

ကျော်တင်မောင်ဟာ ပြည့်ကို ဘယ်လောက်အထိ ဒုက္ခပေးနိုင်သလဲတော့ မသိ။ အိပ်မက်ထဲမှာ မက်ရုံနဲ့တောင်၊ အကျိုးဆက်အဖြစ် ခြေထောက်က ဒဏ်ရာက သက်သေပြစရာ ပူပူနွေးနွေး ရှိနေလေသည်။

ရှေ့ဆက်ပြီး ကျော်တင်မောင်နဲ့ ဘယ်လိုခရီးဆက်ရမယ်တော့ မသိ။ သူ့ဘက်ကတော့ ပြည့်ကို အင်မတန်လိုက်လိုက်လှဲလှဲ ရှိလှပါသည်။ လပြည့် အဖြစ်နဲ့ ချက်ချင်းလက်ထပ်လို့ ရရင်တောင် လက်ထပ်မယ့်ပုံ။ ရှေ့ရေးအတွက်တော့ ပြည့် ရင်မောလှသည်။

"ဟောလစ်ပူပူလေးတော့ မအိပ်ခင် သောက်လိုက်ဦးနော် ညီမလေး၊ အားရှိသွားအောင်ပေါ့၊ ခုနတုန်းက လှုပ်ရှားထားတာတွေက များတော့ ဗိုက်ဆာနေလောက်ရောပေါ့"

အိပ်ရာပေါ်မှာ အသာလဲလျောင်းရင်း ပြည့် ဘယ်လောက် တွေးနေမိသည်မသိ။ သူ ပိတောက်ကို ပြန်ပို့ပေး





ပြီး ဟောလစ်တွေ ဖျော်ပြီး ပြည့် အနား ရောက်လာတော့မှ ပြည့် လက်ရှိ အခြေအနေကို ပြန်ရောက်လာပါသည်။

"ကျွန်တော်က ကိုကို့ကို ပြုစုရမှာ၊ ကိုကိုက ကျွန်တော့်ကို ပြန်ပြုစုနေရတယ်၊ အားနာစရာကြီး"

"ညီမလေးနော် ... ရှူးနေလား ... ပြေးကြည့်လို့မှ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတာကို၊ အားနာတယ်ဆိုတဲ့ စကားကို ညည်းပြောစရာလား၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့"

သူပြောတာလည်း ဟုတ်နေတာမို့ ပြည့် ဘာမှ ပြန်မပြောနိုင်တော့။ သူကတော့ ပြည့်ကို သူ့ညီမရင်းလို သဘောထားပြီး ပြောနေတာ။ ပြည့်ကတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ။ ကိုယ့်စိတ်ထဲကနေ သူ့ကို အစ်ကိုအရင်းတစ်ယောက်လို သဘောထားလို့မှ မရတာ။

သူက ပြည့် အခန်းထဲမှာ စောင့်အိပ်ပေးမယ်ဆိုပြီး ဒရင်းဘက်တစ်ခုနှင့် ပြင်ဆင်နေသောအခါ ပိုဆိုးတော့သည်။ ခုနကတည်းက တလှပ်လှပ် ဖြစ်ခဲ့ရတဲ့ နှလုံးသားဟာ တစ်

ညလုံး၊ သူ့မျက်နှာကို တွေ့နေရမယ် ဆိုရင်တော့ ပိုဆိုးတော့မှာ။ ပြည့်သည် အတုန်တုန် အလှုပ်လှုပ်နှင့် ...

"ကျွန်တော် ... ကျွန်တော် တစ်ယောက်တည်း အိပ်လို့ဖြစ်ပါတယ် ကိုကိုရဲ့၊ ဒရင်းဘက်(Dream Bed) ပေါ်မှာဆိုရင် ကိုကို အိပ်ရမှာ ကိုးလိုးကန့်လန့် ဖြစ်နေပါ့မယ်"

"ညီမလေး ခြေထောက်က လုံးဝထောက်လို့ မရသေးဘူးလေ၊ ရေချိုးခန်းဝင်ချင်ကာ ဘာညာဆိုရင် တွဲပို့မယ့်သူရှိမှ ဖြစ်မှာပေါ့၊ စိတ်ချလက်ချသာအိပ်၊ ခုနက ကြောက်စရာ အိပ်မက်တွေလည်း တွေးမနေနဲ့တော့၊ ညီမလေးနားမှာ ကိုယ်ရှိတယ်"

ကြောက်စရာအိပ်မက်တဲ့။ ကျော်တင်မောင်ကို မက်လို့ပါလို့ ပြောလိုက်ရင်တော့ သူ ဘယ်လိုတုံ့ပြန်မည် မသိ။ "ဖိုးကျော်ကိုမျှား ညီမလေးရယ် ... ကိုယ်နဲ့ တစ်[illegible]က်လုံး ပေါင်းသွားရ[illegible] သူ [illegible]" ဆိုရင်တော့ ဒုက္ခ"

သူကတော့ စိ[illegible]ပင်ပန်း၊ လူပင်ပန်းမို့ ထင်ပါသည်။ ပြည့် ခုတင်ဘေးမှာ ဒရင်း[illegible]က်ချပြီး လှဲလိုက်သည့် ခဏမှာ





ပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။ ပြည့်မှာသာ သူ့မျက်နှာကို မျက်တောင်မခတ်တမ်း ငေးနေမိရင်း၊ အိပ်လို့မပျော်။ သူဖျော်တိုက်သော ဟောလစ်အစွမ်းကလည်း ပြချင်လာတာမို့၊ ရေချိုးခန်းဝင်မယ်ဆိုရင်လည်း သူက တွဲပို့မယ်ဆိုထားတာကြောင့် ပြည့်မှာ မဝင်မိအောင် ထိန်းချုပ်ထားရသေးသည်။ ဆရာဝန်က အိပ်ဆေးတိုးပေးလိုက်ပေမယ့် ဘယ်လိုမှ အိပ်လို့မပျော်။

အိပ်ဆေးထိုးထားပြီးမှ အိပ်မပျော်တာ အခံရခက်သတဲ့။

မောင်နှမလို ဟန်ဆောင်ထားရက်နဲ့ မောင်နှမလို ဘယ်လိုမှ ကြိတ်မှိတ်ပြီး သဘောထားလို့ မရတာက ပိုပြီး အခံရခက်လှပါသည်။

♥ ♥ ♥

"ဒါဆိုရင် ရှင်က သိပ်ပြီး အပြုစုခံ လူတန်းစားဖြစ်နေတာပေါ့လေ"

"ကောင်စုတ်မ ..., ရယ်မနေနဲ့၊ အဲဒါ ရှင်ဒါရိုက်တာ အလုပ်ကောင်းတာလေ ... ဒီမှာလာပြီး အမျိုးမျိုး လိမ်ညာပြီး ဟန်ဆောင်နေရတယ် ... မပြောချင်ပါဘူး၊ သူကတော့ ပျော်လို့ရွှင်လို့ ရယ်လို့မောလို့"

ပြည့်စကားကို လပြည့်က သဘောကျဟန်ဖြင့် ခပ်တိုးတိုး ရယ်နေပါသည်။ လပြည့် ရယ်သံကို နားစွင့်ရင်း ပြည့်မှာ လှုချင်းလည်း မမြင်ရတာမို့ အသည်းယားလာသည်။ မိန်းမ။ ပြည့်ကိုတော့ ရန်ကုန်မှာ ကာဝန်တွေ တစ်ပုံတစ်ပင်နဲ့ တစ်ယောက်တည်း လွှတ်ထားပြီး သူကတော့ မန္တလေးမှာ ဘယ်လောက်များ ပျော်ရွှင်ပြီး စက်ဘီးတစ်စီးနဲ့ လိမ့်နေမယ် မသိ။

ပြည့်မှာသာ လျှို့ဝှက်စုံထောက်ကားတွေထဲကလို သည်းထိတ်ရင်ဖိုနဲ့ ဟန်ဆောင်နေရတာ။ သူကတော့ မန္တလေးမှာ ဘယ်လောက်ပျော်နေပါလိမ့်။

"ရယ်မနေနဲ့ ... အရူးမ၊ ဒီမှာပြင့် ဆီးတွေချုပ်၊ ဝမ်းတွေ





ချုပ်ပြီး သေတော့မလားတောင် ထင်ရတယ်၊ ခြေထောက်က နာနဲ့၊ တွေးကြည့်ပါဦး ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ကိုကိုက သူ့ညီမလေးကို အရမ်းချစ်လို့ အရမ်းဂရုစိုက်တာပါ ပြည့်ဝေရယ် ... ရှင် တစ်မျိုးမထင်ပါနဲ့၊ ကျုပ်အစ်ကိုက လူချောပါနော်"

"အမလေး ... ပေါက်ကရတွေ မပြောပါနဲ့ လပြည့်ရယ်၊ မိုးကြိုးတွေ ပစ်ကုန်ပါ့မယ်နော်၊ ကျုပ်ကို သူ့ရဲ့ တကယ့် ညီမလေးလို့ မှတ်ထားတာပါ၊ ရှင် အဝေးကြီးမှာနေပြီး ပြောင်ချော်ချော် လုပ်မနေနဲ့ လပြည့်၊ ရှင့်ကိစ္စတွေက မပြီးသေးဘူးလား၊ မင်းခန့်ဆီကရော ဘာအဆက်အသွယ်မှ မလာဘူးလား ..."

"အင်း ... ဖုန်းတော့ ဆက်ပါတယ်၊ မင်းခန့်ကလည်း ရှင့်ကို ကျေးဇူးတင်ပါတယ်တဲ့၊ မလောပါနဲ့ ပြည့်ဝရဲ့၊ အေးအေးဆေးဆေးပေါ့၊ အခုမှ ရန်ကုန်ရောက်တာ တစ်ပတ်လောက်ပဲ ရှိသေးတယ်၊ ဖေဖေနဲ့ တွေ့တောင် မတွေ့ရသေးဘူး ဥစ္စာ၊ လပြည့်ကို ပြည့် ရန်ကုန် စ,ရောက်ကတည်းက

လူလစ်တဲ့ အချိန်တိုင်းမှာ ဖုန်းခေါ်နေခဲ့တာ။ အဆောင်မှာ လပြည့်က ဘယ်တော့မှ မရှိတတ်ပေ။ စာသင်သွားတယ်၊ ထမင်းထွက်စားတယ်ဆိုသည့် အဖြေတွေကိုသာ ရနေခဲ့ပါသည်။ ဒီနံနက်မှ သူက အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ခဏထွက်သွားတုန်း ပြည့်က မန္တလေးကို ဖုန်းခိုးဆက်ရတာ။ ကံကောင်းထောက်မစွာ လပြည့်နဲ့ တွေ့ရတော့သည်။

ပြည့်အတွက် စိတ်ပူတဲ့ ပုံစံမျိုး ကိုကိုက ပြည့်ကို ပစ္စည်းတွေ ဆင်ပေးထားတယ်ပြောတော့လည်း အဲဒီအတွက် မကျေမနပ်တဲ့ ပုံစံမျိုးလည်း လပြည့်လေသံမှာ မပါ။ သူငယ်ချင်းနှစ်ယောက် အပျော်ခရီးတစ်ခုအတွက် ခွဲခွာနေကြရတဲ့ ပုံစံမျိုးနဲ့သာ အေးအေးဆေးဆေး ပြောနေတာ။ ငယ်ငယ်ကတည်းက လပြည့် သိပ်ကို သွေးအေးတာကို ပြည့်သိပါသည်။ ဘယ်ကိစ္စမဆို သွေးအေးအေး ဇွတ်တရွတ်လုပ်တတ်တာဟာ အခု ပြည့် ရန်ကုန်ကို ရောက်လာရတာက သက်သေဖြစ်သည်။

"အေးပါ ... အေးပါ ... ရှင်ကတော့ အခု ပွဲကြည့်





ပရိသတ် ဖြစ်နေတာကိုး၊ ဒီတစ်ခါ မင်းခန့် ဖုန်းဆက်ရင် မြန်မြန် ပြန်လာခိုင်းလိုက်တော့၊ သူပြန်ရောက်မှ ဒီမှာ ဝင့်ကျွတ်မယ်၊ တိုက်ခန်းမှာလည်း နေရတာ အသက်ရှူကျပ်တယ်၊ ပြီးတော့ ကျော်တင်မောင်ကလည်း တစ်ဇာတ်လမ်းနော်"

"စိတ်ချပါ ... ဖိုးကျော်က သဘောကောင်းပါတယ် ပြည့်ဝေရဲ့၊ လူကြီးလူကောင်း သားသမီးပါ"

"ဒေါ်လပြည့် ... ရှင် ဘာစကားပြောတာလဲ ... ကျုပ်က ရှင့်အစား သူ့ကို ယူပေးရဦးမှာလား ... ဟုတ်လား ... ရှင် ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်နဲ့နော် ဒေါ်လပြည့်၊ ကျုပ် ဟန်ဆောင်ပြီးတော့ ယောကျ်ားတစ်ယောက်ပါ အဆစ်မယူပေးနိုင်ဘူး၊ မတတ်နိုင်တော့တဲ့ အဆုံးဆိုရင်တော့ ကျုပ်က အားလုံးကို ဖွင့်ပြောလိုက်မှာပဲ"

"နောက်တာပါ ပြည့်ဝေရယ် ... စိတ်မဆိုးပါနဲ့"

လပြည့်က ပြည့် အသံနည်းနည်း မာသွားတော့မှ ပြည့် စိတ်ဆိုးသွားပြီဆိုတာ ရိပ်မိသွားဟန်နှင့် လေသံလျော့သည်။ လပြည့် ဘာတွေ ကြံစည်နေပြန်ပြီလဲ။ ပြည့်ကိုတော့ ခင်

လပြည့်အဖြစ် တစ်သက်လုံး ဟန်မဆောင်ခိုင်းလောက်ဘူး ထင်ပါသည်။

"လပြည့် ... ရှင် ဘာတွေကြံစည်နေပြန်ပြီလဲ၊ ဒီ့ထက်ပိုပြီး ကျုပ် ဘာမှ လုပ်မပေးနိုင်တော့ဘူးနော်၊ အဲဒါကိုတော့ ရှင် မမေ့နဲ့ ..."

"အင်းပါ ... ကျေးဇူးတင်ပါတယ် ပြည့်ဝရယ် ... ကျုပ်ဘာမှ မလုပ်ပါဘူး ... မကြံစည်ပါဘူး ..."

အိမ်ရှေ့တံခါး လက်ကိုင်ဘုကို ကလစ်ဆိုပြီး ဆွဲလှည့်ကာ တံခါးဖွင့်သံ ကြားလိုက်ရတာကြောင့် ပြည့်က ဘာမှပြန်မပြောနိုင်တော့ဘဲ ဖုန်းကို ခွပ်ခနဲချလိုက်ရပါသည်။ ပြည့်လည်း ဖုန်းအချ၊ တံခါးကလည်း အပွင့်။ ဝင်လာသူသည် ပိတောက်။ ပိတောက်လက်ထဲမှာ အလတ်စား သုံးဆင့်စတီးလ်ချိုင့် တစ်ချိုင့်နှင့်။ ပြည့်သည် ကိုယ့်မျက်နှာထားက သူခိုးလူမိဖြစ်နေမှာ စိုးတာကြောင့် အနိုင်နိုင် ပြုံးလိုက်ကာ ...

"ဘာတွေလဲ ... ပိတောက်၊ အားနာစရာတော့ ကောင်းနေပါပြီ"





"အားမနာပါနဲ့ ... မေမေက အိမ်မှ ကြာဆံဟင်းခါးချက်စားလို့ ပို့ပေးလိုက်တာ၊ ခြေထောက်က တော်တော်သက်သာတယ် မဟုတ်လား လပြည့်"

"သက်သာပါတယ်၊ မကိုက်ခဲတော့ဘူး၊ ဒါပေမယ့် လမ်းတော့ ကောင်းကောင်း မလျှောက်ရသေးဘူး၊ အခုတောင် ကိုကိုက သူ့အလုပ်က အရေးတကြီး ဖုန်းဆက်ခေါ်တာနဲ့ ကျွန်တော့်ကို ညှော်ခန်းကို တွဲပို့ပေးပြီး ထားခဲ့တာ"

"တို့ကို လှမ်းဖုန်းဆက်ခေါ်လိုက်ရောပေါ့၊ တစ်ယောက်တည်း ဖြစ်နေတာကို ..."

"ပိတောက်ကို ခဏခဏ ဒုက္ခပေးနေရတာ အားနာလှပါပြီ"

"ရပါတယ် လပြည့်ရဲ့၊ ဖုန်းပြောနေတာလား ..."

"အင်း ... မဟုတ်ပါဘူး၊ ဖုန်းမှားဝင်လာတာ ထင်တယ်၊ ပေါက်ကရတွေ လျှောက်ပြောနေလို့"

"ဩော် ...

ပိတောက်က သူများမဖြေချင်တာကို အတင်းအကျပ်ကြီး မမေးချင်တော့တာမို့ ဆက်မမေးဖြစ်တော့ပါ။ လပြည့်ပုံစံကတော့ တစ်ခုခုကို ဖုံးကွယ်ထားဟန် အထင်းသား။ ကိုကိုသူရိန် မသိအောင်များ ကောင်မလေး တစ်ယောက်ယောက်နဲ့ ဖုန်းအဆက်အသွယ် ရနေတာမျိုးများလား။ ရန်ကုန်က ကောင်လေးတွေက လွယ်တာမဟုတ်။ ပြီးတော့ လပြည့်ကို လူကြီးတွေ စီစဉ်ပေးထားပြီးသား ရှိတာကိုလည်း ပိတောက် သိသည်။

ပိတောက်ကတော့ ကိုကိုသူရိန်ရဲ့ ညီမလေးဆိုတဲ့ အသိနဲ့ စိတ်ပူသွားမိတာပါ။ တွေ့စ,ကတော့ နှစ်ယောက်သားဘုနဲ့ဘောက်ပေမယ့် ကျွန်တော် ... ကျွန်တော်ဆိုပြီး ပြောတတ်သော မန္တလေးသူ ဖြူနုနုလေးကို နောက်တော့လည်း ပိတောက် ခင်သွားပါသည်။ ရန်ကုန်သူတွေလို ဟန်ဆောင်ပန်ဆောင်တွေ သိပ်မရှိတတ်တာက တစ်မျိုးချစ်စရာ ကောင်းလေသည်။

"ပူတုန်းလေး ကြာဆံဟင်းခါး သောက်လိုက်ပါလား





လပြည့် ... မန္တလေး ကြာဆံချက်ကိုတော့ မမီဘူးပေါ့နော်၊ ဒါပေမယ့် အစပ်အဟပ်တော့ တည့်ပါတယ်၊ တို့ သွားထည့်လိုက်မယ်"

ဒီအိမ်ကတော့ ပိတောက်အတွက် ကိုယ့်အိမ်ကိုယ့်ရာဖြစ်နေပါပြီ။ အရင်တုန်းက မိန်းကလေးအဖော် မရှိတာမို့ ရောက်ရင်လည်း ဧည့်ခန်းလောက်သာ ဖြစ်ပေမယ့် လပြည့်ရောက်လာပြီး နောက်ပိုင်းမှာတော့ ပိတောက် သိပ်ပြီး ရှိုးတိုးရှန့်တန့် ဖြစ်မနေတော့။ အခုလည်း ပိတောက်က ချိုင့်ကိုလှယ်ပြီး လပြည့်ကို ထည့်ပေးဖို့ ထမင်းစားခန်းထဲထိ ဝင်လာလိုက်သည်။

လပြည့် ဘယ်ကို ဖုန်းဆက်ထားတယ်ဆိုတာ သိအောင်ဘယ်လိုလုပ်ရပါ့မလဲ။ ပိတောက်က လူကသာ ကြာဆံဟင်းခါး လှယ်ပေးနေပေမယ့် စိတ်ကတော့ ဖုန်းနံပါတ်ကို သိရဖို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေမိသည်။ ဟုတ်ပေသားပဲ။ ဒီအိမ်က ဖုန်းက ပေ့ဂျာပါတဲ့ panosonic ဖုန်းအမျိုးအစား။

redial ကို ပြန်နှိပ်လိုက်ရင် ခုနက ဆက်ထားတဲ့ ဖုန်းနံပါတ် ပြန်ပေါ်လာမှာ။

ပိတောက်က ကျေကျေနပ်နပ် ပြုံးလိုက်မိပါသည်။

▼ ▼ ▼

ပိတောက်က သူ့ကို ဓီးရိုးတူး ... နှင့် စသော ဖုန်းနံပါတ် တစ်ခုကို ပေးပြီးပြောခဲ့ပါသည်။ ပိတောက်မှာ ဘာရည်ရွယ်ချက်မှ မရှိတာကိုလည်း သူကောင်းကောင်းသိပါသည်။ သူ့ ညီမလေးတစ်ယောက်အဖြစ်နဲ့သာ လပြည့်ကို စိတ်ပူပန်မှုန်းကို သူနားလည်သည်။

"မန္တလေးမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေ, ဘာတွေဆီကို ဆက်တာ ထင်ပါတယ် ပိတောက်ရယ် ..."

"ပိတောက်လည်း မကောင်းတဲ့ အမြင်ကြီးမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး ကိုကိုသူရိန်ရဲ့၊ ကိုကိုသူရိန်တို့က သူ့ကို အန်ကယ့်သူငယ်ချင်းရဲ့သားနဲ့ လက်ထပ်ဖို့ နဂိုကတည်းက





စီစဉ်ထားပြီးသား မဟုတ်လား၊ ဒါပေမယ့် လပြည့်က မန္တလေးမှာ သံယောဇဉ်တွယ်ပြီးသား လူတွေဘာတွေ ကျန်ခဲ့ရင်လည်း ကျန်ခဲ့မှာပေါ့၊ အဲဒီလိုသာဆိုရင် အတင်းအကျပ် စီစဉ်ခဲ့တဲ့ ကိုကိုသူရိန်တို့အတွက်လည်း မကောင်းဘူး၊ လပြည့်လည်း စိတ်ဆင်းရဲရမယ်လေ ... အဲဒါကြောင့်ပါ"

ပိတောက်ပြောတာလည်း သဘာဝကျသားပင်။ နှစ်ဆယ့်သုံး နှစ်ဆယ့်လေးဆိုတဲ့ အသက်အရွယ်ဟာ ချစ်သူရှိရင်လည်း ရှိသင့်နေနှင့်ပြီဖြစ်သော အသက်အရွယ်ပဲ မဟုတ်လား။ သူကတော့ ခြွင်းချက်ပေါ့။ ဘယ်မိန်းကလေးကိုမှ ချစ်သူတစ်ယောက်လို မချစ်နိုင်၊ စိတ်မဝင်စားမိသေးတာကတော့ တွေ့ချိန်မတန်သေးလို့ ထင်ပါသည်။ ပိတောက် သူ့ကို စိတ်ဝင်စားနေမှန်း မေကလည်း သူညွှတ်တာနဲ့ ညွှတ်မည်မှန်း သိပေမယ့် သူက ဒီအတိုင်းသာ နေခဲ့တာ။ ရှေ့မတိုး၊ နောက်မဆုတ်ဘဲ သာမန် မိတ်ဆွေတွေလိုသာ။

မန္တလေးမှာ ကျောင်းပြီးသည်အထိတောင် တက်လာခဲ့ပြီး ရုပ်ရည်ရူပကာကလည်း ချစ်စဖွယ် ဖြစ်သော ညီမလေး

ဟာ ချစ်သူရှိရင်လည်း ရှိနေနိုင်ပါသည်။ ဖေဖေကတော့ ညီမလေးကို ပြန်ရှာတွေ့ခဲ့ကတည်းက ဖိုးကျော်နဲ့ကိစ္စကို အား တက်သရော ဖြစ်နေခဲ့တာ။ ဘယ်လိုအကြောင်းကြောင့်ဖြစ် ဖြစ် ဖေဖေက သူ့အစီအစဉ်ကို နောက်ဆုတ်မယ့်ပုံ မပေါ်လု ပေ။

စပ်စုတယ်ပဲ ပြောပြော၊ ဘာပဲပြောပြော ညီမလေးကို နည်းနည်းပါးပါးတော့ တီးခေါက်ထားဖို့ သူက ဆုံးဖြတ်လိုက် ပါသည်။

ဖေဖေပြန်လာတော့မယ်ဆိုပြီး ဖုန်းဆက်သော ညမှာ တော့ မောင်နှမနှစ်ယောက် ညအိပ်ရာဝင်ခါနီး ကော်ဖီဝိုင်း မှာ ထိုင်ဖြစ်သည့်အချိန်မှာ သူ မေးဖြစ်ခဲ့ပါသည်။

"ညီမလေး ကိုကို တစ်ခုမေးရဦးမယ် ... အစ်ကို တစ်ယောက်ဆိုပြီးတော့ ကိုယ့်ညီမရဲ့ ကိုယ်ရေးကိုယ်တာကို နိုင်ထက်စီးနင်း စွက်ဖက်တာမျိုးတော့ မဟုတ်ဘူးနော် ညီမ လေး ... ဖိုးကျော်နဲ့ စီစဉ်ထားတဲ့ ကိစ္စကို ညီမလေး သိတယ် မဟုတ်လား၊ အဲဒီအတွက် ဖြစ်လာနိုင်မယ့် အကြောင်းအရာ တွေ အတွက် ကိုယ် ညီမလေးကို မမေးလို့မဖြစ်ဘူး"





ပြည့်သည် သူက တစ်ခုမေးမယ်ဆိုပြီး စကားပလ္လင် တွေ ခံနေတာကြောင့် ဘာမေးမယ်ဆိုတာ မပြောသေးပေမယ့် ကြိုတွေးမိကာ ရင်ခုန်နေရသည်။ ရည်းစားရှိလားလို့ပဲ မေးမှာ လား။ ဒါမှမဟုတ် ဖိုးကျော်ကို ဘယ်လို သဘောထားလဲလို့ ပဲ မေးမှာလား။ အရာအားလုံးအတွက် လောလောဆယ် ပြည့်မှာ အဖြေမရှိသေးပါ။ ချစ်တဲ့သူ ရှိလားဆိုရင်ရော ...

ပြည့် ဘယ်လိုဖြေရမှာပါလိမ့်။

ပြည့်က ကော်ဖီခွက်ကိုသာ စူးစူးစိုက်စိုက် အကြည့် ပို့ထားရာကနေ သူ့ကို တစ်ချက် မျက်လွှာပင့်ကာ ကြည့် လိုက်ဖြစ်သည်။

သူ့ပုံစံက တကယ် အလေးအနက် ပြောနေတယ်ဆို တာ သူ့မျက်လုံးတွေကို ကြည့်လိုက်ရုံနဲ့ သိနိုင်ပါသည်။ သိပ်ကို တစ်ဖက်သားကို နားလည်ပေးနိုင်ပြီး ကြင်နာတတ်တဲ့ သူ။ ပြည့်အနားမှာ သူရှိနေခဲ့သော ညတစ်ညကို ပြည့်က ရင်ခုန်စွာ သတိရမိသည်။ ပြည့် စိတ်ချလက်ချ အိပ်ပျော်

အောင်ဆိုပြီး သူက လာစောင့်အိပ်ပေးခဲ့တာ တကယ်တမ်း အိပ်မပျော်နိုင်သူက ပြည့် ဖြစ်နေခဲ့ရလေသည်။

သူ့မျက်နှာကို အကြာကြီး မကြည့်ရဲစွာနှင့် ပြည့်က အကြည့်ပြန်လွှဲထားလိုက်သည်။

ပြောလိုက်ရင် ကောင်းမလား။

ပြည့်က သူ့ညီမလေး မဟုတ်ဘူးဆိုတာ။

မဖြစ်သေးပါဘူးလေ။ လပြည့် မကြိုက်တဲ့ ကိစ္စမျိုး၊ မင်းခန့် စိတ်ဆိုးမယ့် ကိစ္စမျိုးကို ပြည့် ကျူးလွန်လို့ မဖြစ်ပါဘူး။ ဒီလောက်အထိ အပင်ပန်းခံ ကူညီခဲ့ပြီးမှ ကိုယ့်အကူအညီတွေကို ကိုယ်ပြန်ပြီး ဖျက်ဆီးနေလို့လည်း မဖြစ်နိုင်ပါ။

"ဖိုးကျော်နဲ့ ကိစ္စကို ညီမလေး ကျေနပ်ရဲ့လား၊ ဖေဖေကတော့ ညီမလေးကို မန္တလေးမှာ သွားခေါ်ကတည်းက အဲဒီကိစ္စကို ပြောခဲ့ပြီးသား ထင်ပါရဲ့၊ ဖိုးကျော်နဲ့ ညီမလေးကို လက်ထပ်ပေးကြဖို့ ဟိုးငယ်ငယ်လေးကတည်းက ဖေဖေနဲ့ အန်ကယ်မောင်က သဘောတူ ကတိထားကြပြီးသားလေ၊





သူတို့နှစ်ယောက်က ခမည်းခမက် တော်မှဖြစ်မှာတဲ့၊ ဖေဖေတို့ကလည်း တကယ့်ကို တယူသန်"

ခမည်းခမက်ကို တော်မှဖြစ်မှာတဲ့။ ပြည့်ရောက်မလာခဲ့ရင် (ဒီတစ်သက်လုံး လပြည့်ဆိုတာ ပြန်ရောက်မလာခဲ့ရင်ပေါ့) ဘယ်လို ခမည်းခမက် တော်ကြမှာတဲ့လဲ။ သူနဲ့ မေတင်မောင်ကိုသာ စိစဉ်ကြရုံရှိတော့မှာပေါ့။ အနှစ်နှစ်ဆယ်နီးပါး ဝေးကွာနေခဲ့ပြီးမှ ပြန်ဆုံရတဲ့အခါ မေ သိပ်ဟက်ဟက်ပက်ပက်ကြီး မရှိလှတာ။ ဒါဟာ မေ့ ပင်ကိုစရိုက်လို့သာ ပြည့်က ထင်ထားခဲ့တာပါ။ အခုတော့ ပြည်က တစ်စုံတစ်ခုကို တွေးမိလာသည်။

သူ့ကိုကြည့်တဲ့ မေ့ရဲ့ မျက်ဝန်းတွေ။

ပြည့်ရင်ထဲ ရှုံးရှုံးနင့်နင့်ကြီး ဖြစ်လာသည်။

ပြည့်ကရော ... ဘာဖြစ်ရတာတဲ့လဲ။

"တကယ်လို့ ကျွန်တော် ပြန်မရောက်လာခဲ့ဘူးဆိုရင်ရော ... ဖေဖေက အန်ကယ်မောင်နဲ့ ဘယ့်လို ခမည်းခမက် တော်မှာတဲ့လဲ"

သူက ပြုံးသည်။ လူကြီးရှက်တော့ ပြုံးတတ်တဲ့ အပြုံးကြီးမျိုး။

"ကိုယ့်ကို မေနဲ့ စီစဉ်မယ်လုပ်နေတာလေ ... ညီမလေးရောက်လာတော့ ကိုယ်လွတ်သွားတာပေါ့၊ ဒါပေမယ့် ကိုယ်က ညီမလေးကို အတင်းအကျပ်ကြီး မဖြစ်စေချင်ပါဘူး၊ ဒါကြောင့် မေးထားရတာ"

ဖိုးကျော်နဲ့ကိစ္စကို စီစဉ်ခွင့် မရရင် မေနဲ့ကိစ္စကို စီစဉ်မယ့် သဘောပေါ့။ လပြည့်က လက်ခံမယ်တဲ့လား။ အစောကြီးကတည်းက ဖိုးကျော်နဲ့ကိစ္စကို လပြည့် လက်မခံနိုင်လို့ ဒီအိမ်ကို ပြည့်ကိုယ်တိုင် လပြည့်ကိုယ်စား ရောက်လာခဲ့တယ် မဟုတ်လား။ ပြည့်ကရော ပြည့်ကလည်း အယောင်ဆောင်ဘဝနဲ့တော့ လူတစ်ယောက်ကို လက်မထပ်နိုင်ပါ။ ပြီးတော့ ကိုယ်မချစ်မနှစ်သက်တဲ့ လူတစ်ယောက်။

ဒါပေမယ့် ... ဖိုးကျော်ကို လက်မထပ်နိုင်ပါဘူးဆိုရင် ဖေဖေက မေနဲ့သူ့ကိစ္စကို စီစဉ်မှာတဲ့။

ရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်လာရကာ ပြည့်





ဘာမှဆက်မတွေးနိုင်တော့။ သူမေးတာကိုလည်း မဖြေနိုင်တော့။ သူ့မေးခွန်းတွေအတွက် ပြည့်မှာ အဖြေမရှိပါ။ မျက်ဝန်းအိမ်ထဲကို ဘာကြောင့်မှန်းမသိတဲ့ မျက်ရည်တို့က သူ့အလိုလို အိုင်ထွန်းလာကြသည်။ ခေါင်းကိုငုံ့ချထားရင်း သောက်လက်စ ကော်ဖီခွက်ထဲကို မျက်ရည်တစ်ပေါက် ကျသည်။

သူ မမြင်ပါစေနဲ့ ...။

ပြည့်ဆုတောင်း မပြည့်ပါ။

"ငိုနေတာလား ညီမလေး ...

ပြည့် ဘာမှပြန်မပြောဘဲ ဒီအတိုင်း ခေါင်းငုံ့ထားမိသည်။ မျက်ရည်တို့က ကော်ဖီခွက်ထဲကို တစ်ပေါက်ချင်း ဆက်တိုက်ကျဆဲ ... ။

♥ ♥ ♥

၅။

လေယာဉ်ကွင်းကနေ အိမ်ကို ရောက်တဲ့အထိ လမ်းတစ်လျှောက်လုံးမှာ မမောနိုင်တမ်းစကားတွေ ဒိုင်ခံပြီး ပြောလာသူသည် ဖေဖေတစ်ယောက်တည်းသာ။ သူကတော့ တစ်ခါတစ်ရံမှာသာ ဖေဖေ့စကားကို 'ဟုတ်ကဲ့၊ ဟင့်အင်း' နှစ်ခွန်းနဲ့ တုံ့ပြန်ရုံကလွဲလို့ ဘာစကားမှ မဆို။ ပြည့်ကပိုလို့ ဆိုးပါသေးသည်။ ဘာကြောင့်မှန်း မသိတဲ့ ကြေကွဲဝမ်းနည်းမှု တစ်ခုက ရင်ထဲမှာ ဆို့နင့်လို့နေခဲ့တာ။

ကားနောက်ခန်းက ကားမောင်းသူရဲ့ နောက်တည့်တည့် နားမှာ အရိုးပျော့သတ္တဝါလို အားအင်မဲ့စွာနဲ့ ကားကူရှင်

နောက်မှီကို ခပ်လျော့လျော့မှီရင်း ပြည့် ပါလာရသည်။ ကားနောက်ကြည့်မှန်ကတစ်ဆင့် ပြည့်ကို သူလှမ်းပြီး အကဲခတ်နေတာကိုလည်း ပြည့်သိသည်။ သူ့မျက်ဝန်းတွေထဲမှာ ပြည့်ကို နှစ်သိမ့်အားပေးမှုတွေ စွက်နေတာကို ပြည့် နားလည်ပါသည်။ အထူးသဖြင့် အစ်ကိုကြီး တစ်ယောက်ရဲ့ ညီမငယ် တစ်ယောက်အပေါ် ထားရှိတဲ့ အကြင်နာမျိုး၊ နှစ်သိမ့်မှုမျိုး။

ဒီတစ်ခါတော့ ပြည့် မျက်ရည်ကျလို့ မဖြစ်တော့ပါ။

မျက်ရည်ကျရုံနဲ့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေက ပြီးဆုံးသွားမတဲ့လား။ ရှေ့ဆက်ဖို့ လမ်းပျောက်နေတဲ့ သူတစ်ယောက်အတွက် လမ်းစတွေ ရောက်မယ်တဲ့လား။ ကိုယ်, ကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ ရွေးချယ်ခဲ့တဲ့ ပြဇာတ်တစ်ပုဒ်ကို ပြီးဆုံးသည်အထိတော့ တာဝန်ယူ ကပြရဦးမှာပင်။ ဒီပြဇာတ်ရဲ့ အဓိကဇာတ်ကောင်နေရာကို ပြည့်က ရွေးချယ်မိခဲ့သည်။

"အန်ကယ်မောင်တို့ အိမ်ကိုရော ရောက်ပြီးကြပြီပေါ့၊





သူတို့က တစ်အိမ်သားလုံးနဲ့ စုံစုံညီညီ တွေ့ကြရဲ့လား၊ ဖိုးကျော်နဲ့ရော ..."

"ဟုတ်ကဲ့ ... ပို့ပြီးပါပြီ မေမေ၊ တစ်အိမ်သားလုံးနဲ့ပါ တွေ့ပါတယ်၊ မေကတောင် သူ့လက်ရာ မုန့်တွေနဲ့ ဧည့်ခံလိုက်သေးတယ် ... ဖိုးကျော်နဲ့လည်း တွေ့ပါတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဖိုးကျော်က ညီမလေးကို ဆုံဖူးပြီးသား ဖြစ်နေသေးတယ်"

"ဟုတ်လား ... သမီးတို့က ဘယ်မှာ ဆုံဖူးကြတာလဲ ..."

မေမေက နောက်ဘက်ကို ခေါင်းကိုမစောင်းတစောင်း လှည့်ကြည့်ကာ မေးသည်။ ပြည့် ဒီအတိုင်း ငြိမ်သက်နေလို့ မဖြစ်တော့တာမို့ ...

"အသိအကျွမ်းအဖြစ် ဆုံတာတော့ မဟုတ်ပါဘူး မေမေ၊ ကျွန်တော် ဒီ ရန်ကုန်ကို စ,ရောက်တဲ့နေ့က အပေါ်ထပ်ကိုတက်ဖို့ lift ရှာနေတုန်း ဆုံတာပါ၊ အောက်ထပ်မှာ ကျွန်တော် လမ်းမှားနေလို့ ..."

"ဩော် ... ဩော် ... တိုက်တိုက်ဆိုင်ဆိုင်ပေါ့၊ တွေ့မှ တွေ့တတ်တယ်၊ အဲဒါ ရှေးရေစက်ရှိလို့ပဲ သမီးရဲ့၊ ရေစက်ရှိလို့ တမင်ဟကာ ကြိုတင်စီစဉ်မထားဘဲ ဆုံရတာ"

ဖေဖေက ရှေးရေစက်ဆိုတဲ့ စကားကို အင်မတန်မှ သုံးစွဲလေ့ရှိတာ။ မန္တလေးကို ရောက်လာခဲ့တုန်းကလည်း ရှေးရေစက်ဆိုတဲ့ စကားကို ထပ်တလဲလဲ ပြောခဲ့သေးသည်။ ရှေးတုန်းက ရေစက်ရှိခဲ့လို့ မေမေနဲ့ ဖူးစာဆုံပြီး လပြည့်တို့မောင်နှမ နှစ်ယောက်ကို ရခဲ့တာ၊ ရေစက်ကုန်ချိန်က မြန်မြန်ဆန်ဆန် ရောက်လာခဲ့လို့ ဖေဖေဟာ မေမေဆုံးပါးသွားခဲ့ပြီးတော့မှပဲ မေမေတို့ သတင်းကို ရခဲ့တော့တာ။ အဲဒီတုန်းက ဖေဖေပြောသမျှ စကားတွေသည် ရှေးရေစက်နဲ့မကင်းတာတွေချည်း။

အဲဒီလိုဆိုရင်တော့ ဒီမိသားစုဝင် အဖြစ် ဟန်ဆောင်ပြီး ပြည့် ရောက်လာရခြင်းဟာလည်း ဖေဖေနဲ့ ရော၊ သူနဲ့ပါ၊ ရေစက်ရှိလို့ပေါ့။ ပြည့်အတွက်တော့ အမြဲတမ်း ဆုံချင်သော ရှေးရေစက် ဖြစ်ပါသည်။





"ရှေးရေစက်ဆိုတာကို ဖေဖေကတော့ ယုံကြည်တယ်၊ တစ်ယောက်နဲ့တစ်ယောက် ရှေးရေစက်ရှိမှ ဆုံရတာ သမီးရဲ့၊ ဖူးစာဆိုတာလည်း ရှေးရေစက်နဲ့ ဆိုင်တယ်"

ပြည့်က ဖေဖေ့စကားကို ငြင်းလည်းမငြင်း၊ ထောက်လည်း မထောက်ခံ။ သူကတော့ ဖေဖေ့ ထိုစကားကြောင့် နောက်ကြည့်မှန်ထဲကတစ်ဆင့် ပြည့်ကို လှမ်းအကဲခတ်သည်။ ပြည့် မျက်ရည်ကျခဲ့ရခြင်းသည် မန္တလေးမှာ ပြည့်ရဲ့ သံယောဇဉ် အနှောင်အငင် ကျန်ခဲ့တာကြောင့်ဟု သူက အခိုင်အမာ ယုံကြည်ထားပုံ။ သူ့အထင်အမြင်ဟာ တစ်ဝက်မှန်ပြီး တစ်ဝက်ကတော့ မှားနေပါသည်။ မန္တလေးမှာ အနှောင်အငင်တွေ ရှိသူက ပြည့် မဟုတ်၊ လပြည့် ဖြစ်နေပါသည်။

အဲဒီ အနှောင်အငင်တွေကြောင့် ရန်ကုန်ကို ပြန်မလာနိုင်သေးတာ။

"ဖေဖေ ... ဟိုကနေတောင် တင်မောင့်ဆီကို ဖုန်းဆက်ဦးမလို့ပဲ၊ ဒါပေမယ့် ဖေဖေတို့က သမီးရှင်ဆိုတော့ အရမ်းလောရာ ကျနေမယ် ထင်တာနဲ့ မဆက်ဖြစ်တော့ဘူး"

ဘာစကားပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ အန်ကယ်မောင်နဲ့ ခမည်း ခမက်တော်ကြဖို့ အကြောင်းအရာနဲ့သာ အဆုံးသတ်လေသည်။ ဘာကြောင့်များ ဖေဖေက အဲဒီလောက်ဆန္ဒတွေ ပြင်းပြနေရတာပါလိမ့်။

ပြည့် စိတ်ထဲက အမေးကို ဖေဖေက အလိုလိုသိနေပုံရပါသည်။ ပြည့် နှုတ်က ထုတ်မမေးရပါဘဲနှင့် ...

"သားနဲ့ သမီးကတော့ ဖေဖေ့ကို ထင်နေမှာပဲ ... တင်မောင်နဲ့ ခမည်းခမက်တော်ဖို့ ဘာဖြစ်လို့ စိတ်အားထက်သန်နေသလဲလို့လေ၊ ဖေဖေနဲ့ တင်မောင်က တစ်ရွာတည်းသားတွေ၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတည်းထွက်တွေဆိုပါတော့၊ ရန်ကုန်ကို တက်လာတော့လည်း အတူတူပဲ၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတည်းမှာ ဝေယျာဝစ္စ အတူတူလုပ်ရင်း တက္ကသိုလ်တက်ကြတယ်၊ အဲဒီမှာ သမီးတို့ မေမေနဲ့ဆုံတာပေါ့၊ သမီးတို့ မေမေက ဘုန်းကြီးကျောင်းနဲ့ မလှမ်းမကမ်းက ဈေးမှာ သူ့အမေကို ဈေးကူရောင်းပေးရင်းနဲ့ တက္ကသိုလ် တက်နေတာ ... "





ပြည့်က လပြည့်မေမေ အန်တီမွန်ကို မြင်ယောင်လာရသည်။ သိပ်ကို စိတ်ဓာတ် ခိုင်မာလှတဲ့ အန်တီမွန်။ လပြည့်က သူ့အမေ စိတ်ဓာတ်အမွေကို တစ်သဝေမတိမ်း ရထားခဲ့တာ ဖြစ်သည်။ ပြည့်တောင်မှ လပြည့်နဲ့ အနေကြာလာတာကြောင့် မထုံတတ်သေးလိုလိုနဲ့ ကိုယ်ဆုံးဖြတ်ချင်သလို ဖွတ်တရွတ် ဆုံးဖြတ်တတ်တဲ့ အကျင့်လေး ရလာသေးတာ။

ဘယ်လိုမှ ခွင့်မလွှတ်နိုင်သော အပြစ်ကြီး တစ်ခုကို လပြည့်ဖေဖေက ကျူးလွန်ခဲ့တာကြောင့် အန်တီမွန်က လပြည့်ကို ခေါ်ပြီး တစ်သက်လုံး ခြေရာဖျောက်လာခဲ့တယ်ဆိုတာကိုတော့ လပြည့် အသက် ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ အန်တီမွန်ပြောခဲ့ပါသည်။ အဲဒီတုန်းက ပြည့်ပါ လပြည့်အနားမှာ ရှိနေခဲ့တာမို့ ပြည့်လည်း သိခဲ့ရတာ။ မြင့်မားတဲ့ဘဝ ရောက်သည်အထိ အကူတူ ရုန်းကန်ခဲ့ပြီးမှ သစ္စာဖောက်ရက်တယ်ဆိုပြီး အန်တီမွန်က သေတဲ့အထိ စိတ်နာသွားခဲ့တာ ဖြစ်သည်။

"ဖြစ်ခဲ့သမျှ ကိစ္စတွေမှာ ဖေဖေ့အပြစ်တွေလည်း အများကြီး ပါတာပေါ့လေ ... သမီးနဲ့ သမီးမေမေ ထွက်သွားပြီးတဲ့

နောက် ဖေဖေ နောင်တတွေ အများကြီးနဲ့ အတော်ယိုင်နဲ့ခဲ့တယ်၊ တင်မောင်ကပဲ ဖေဖေ့ကို နားလည်ပေးပြီး အဖေးမခဲ့ဆုံးပဲ၊ အရင်တုန်းကတော့ ဖေဖေတို့တွေ တစ်ချိန်ကျရင် ခမည်းခမက်တော်ကြမယ်ဆိုပြီး စကားအဖြစ် ပြောခဲ့ကြရုံလောက်ပါပဲ၊ အဲဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ပြီးကြတဲ့ နောက်မှာတော့ ဖေဖေ့အနားမှာ မပြောင်းမလဲ မားမားမတ်မတ်ရှိနေပေးခဲ့ကြတဲ့ တင်မောင်နဲ့ လှလှကို ဖေဖေ ပိုပြီး ခင်တွယ်လာတယ်၊ တစ်ချိန်ချိန်မှာ သူတို့နှစ်ယောက်နဲ့ ခမည်းခမက်တော်ကိုတော်ရမယ်လို့ ဖေဖေ ဆုံးဖြတ်ခဲ့တာ”

အဲဒါကြောင့်ကိုး။ ပြည့် ရောက်မလာခင်တုန်းကတော့ ဖေဖေက သူနဲ့ မေ့ကို ရည်ရွယ်ထားခဲ့မှာ အသေအချာ။ လပြည့်ကို ပြန်ရှာတွေ့ကြတော့မှ ဟိုးငယ်ငယ်က နဂိုမူလအစီအစဉ်ကို ပြန်ပြီး စီစဉ်တဲ့သဘော။

“လှလှတို့က တရုတ်သွေး စပ်တယ်လေ ...၊ သမီးကို မွေးတော့ ချွေးမတော်မယ်ဆိုပြီး လှလှက သူ့လည်ပင်းက ကြိုးကို ချက်ချင်းချွတ်ပြီး စတိသဘောနဲ့ တင်တောင်းခဲ့တာ၊





မွန်ကလည်း သဘောတူခဲ့တယ်၊ အခု ... သမီးမှာ အဲဒီဆွဲကြိုးလေး ရှိသေးလား”

မေးလာမယ်ဆိုတာ သိပြီးသားပါ။ လပြည့်ကလည်း အမိက သက်သေဖြစ်သော ထိုဆွဲကြိုးလေးကို မေမေ့မလျော့ထည့်ပေးလိုက်ပါသည်။ အန်တီမွန် ရှိတုန်းကတည်းက လပြည့် စိတ်ကောက်တိုင်း လပြည့်က အဲဒီဆွဲကြိုးလေးကို ခိုးပြီးရောင်းစားပစ်မှာပဲဆိုပြီး ခြိမ်းခြောက်နေကျ။ တကယ်တမ်း အန်တီမွန် မရှိတော့တဲ့ နောက်ပိုင်းမှာတော့ သိပ်ကိုကျပ်တည်းခဲ့ချိန်မှာတောင် လပြည့်က ထိုဆွဲကြိုးလေးကို မရောင်းရက်ခဲ့ပေ။

လပြည့်ကို ခေါ်ပြီး အန်တီမွန် ထွက်လာခဲ့ချိန်တုန်းက ပါလာခဲ့သော ရွှေငွေပစ္စည်းတွေကိုတော့ ထုခွဲရောင်းချပြီး စားဝတ်နေရေးအတွက် ထုထောင်ခဲ့ရတာမို့ ဘာတစ်ခုမှ မကျန်ရှိတော့။ အန်တီလှ ပေးခဲ့သည်ဆိုသော ထိုဆွဲကြိုးလေးကသာ ခင်လပြည့်အကြောင်း သက်သေထူနိုင်ဖို့ လပြည့်အတွက် (အခု လတ်တလောတော့ ပြည့် အတွက်ပေါ့) အမိကအရေးကြီးသော သက်သေဖြစ်ပါသည်။

ဖေဖေဟာ ကမ္ဘာအနှံ့၊ နိုင်ငံအနှံ့ လှည့်လည်ပြီး စီးပွားရေး လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် ပီသလှပေရဲ့။ ပြည့်ကို သက်သေပစ္စည်း တစ်ခုခုပါလာသေးလားဆိုတဲ့ သဘောမျိုးနဲ့ စကားလှအောင် အောင်သွယ်ဝိုက်ပြီးမေးသွားတာ။ ပြည့်ကတော့ ကြိုတင်ပြင်ဆင်လာသူမို့ ဒီလိုမေးလာခဲ့လိမ့်မယ်ဆိုတာ မျှော်လင့်ထားပြီးသား။

"ဟုတ်ကဲ့ ... ပါ,ပါတယ်ဖေဖေ ... မေမေက ကျွန်တော့်ကို သေသေချာချာ ပေးထားခဲ့ပါတယ်၊ စိန်လော့ကက်လေး တစ်ခုလည်း ပါတယ်၊ ဖေဖေ လော့ကက်ကတော့ မေမေချန်ထားခဲ့တဲ့ တစ်ခုတည်းသော ပစ္စည်းပါ"

ပြည့်က ပိုက်ဆံအိတ်ထဲက ထုတ်ယူဖို့ပြင်တော့ ...

"နေ ... နေသမီး၊ မထုတ်ပါနဲ့တော့၊ ဖေဖေ နောက်မှ ကြည့်ပါ့မယ်၊ စိတ်မကောင်းစရာ အဖြစ်အပျက်တွေကို ပြန်သတိမရချင်သေးဘူး ... ဒီအချိန်က ဖေဖေတို့ မိသားစု ပြန်ဆုံရလို့ ပျော်ရမယ့်အချိန်၊ သားက ဖုန်းထဲမှာ ပြောနေတယ်၊ သမီးက သိပ်ဟင်းချက်ကောင်းတာပဲတဲ့၊ ဒီနေ့ ဖေဖေ့အတွက်





သမီး ဘာဟင်းတွေ ချက်ထားလဲ၊ ဖေဖေ ဗိုက်ဆာလာပြီနော်"

ဖေဖေက အရင်ဦးအောင် အတိတ်က အကြောင်းအရာတွေကို စကားလွှဲလိုက်ပါသည်။ အိမ်ရောက်သည့် အထိ တခြားအကြောင်းအရာတွေကိုသာ ပြောသွားတော့တာကြောင့် အိမ်ရောက်တော့မှ ပြည့် တိတ်တခိုး ဟင်းချနိုင်တော့သည်။ ဖေဖေ ပြည့်ကို ဘာသံသယမှ မရှိပါဘူး ထင်ပါရဲ့၊ အခုမှ ပြန်တွေ့ရတဲ့ သမီးလေးကို ဂရုတစိုက် ကြင်နာမှုနှင့် ဆက်ဆံတာမို့ ပြည့်သည် မမြင်လိုက်ရသော ကိုယ့်အဖေကို လှိုက်လှိုက်လှဲလှဲ သတိရလာရကာ မျက်ရည်တောင် ဝဲလာမိလေသည်။

♥ ♥ ♥

ဖေဖေ ပြန်ရောက်လာပြီး နောက်ပိုင်းမှာတော့ တစ်အိမ်တည်း နေကြလျက် သူနဲ့ ပြည့် အေးအေးဆေးဆေး မျက်နှာချင်း မဆိုင်ဖြစ်ကြတော့ပေ။ နံနက်ဆိုရင် သူနဲ့ဖေဖေ့အတွက်

Breakfast (နံနက်စာ) ပြင်ဆင်ပေးပြီးတာနဲ့ သူ့အတွက်ရော ဖေဖေ့အတွက်ပါ အလုပ်ကို ထမင်းချိုင့် ထည့်ပေးဖို့ ချက်ပြုတ်ရတာ။ သူကလည်း ဖေဖေမရှိတုန်း သူနေမကောင်းတာရော၊ ပြည့် ရောက်လာခဲ့တာရော၊ ပြည့်ခြေထောက် ဒဏ်ရာရခဲ့တာတွေရော၊ အားလုံးပေါင်းပြီး သူဆိုဒ်ထဲကို သိပ်မသွားနိုင်ခဲ့။

အခုတော့ သူ့အစား အလုပ်တွေကို ပိုတာဝန်ယူပေးထားခဲ့ကြတဲ့ သူငယ်ချင်းတွေကို အားနာလှပြီမို့ သူက နေ့တိုင်း နံနက်စောစောကနေ ည မိုးချုပ်ခါနီးအထိ ဆိုဒ်ထဲမှာ ရှိနေပေးပါသည်။ သားအဖနှစ်ယောက်တည်း ရှိတုန်းကတော့ နေ့လယ်စာကို အပြင်မှာပဲ ဖြစ်သလို စားဖြစ်ကြပေမယ့် ပြည့်ရောက်လာတော့ ပြည့်က ဂရုတစိုက်နှင့် ထမင်းချိုင့်ထည့်ပေးဖြစ်လေသည်။ တစ်သက်လုံးနီးပါး စားခဲ့ရသော ဆိုင်ထမင်း ဆိုင်ဟင်းတွေကို ငြီးငွေ့နေပြီမို့ ထမင်းချိုင့်ထည့်ပေးသော ပြည့်အစီအစဉ်ကို သူရော ဖေဖေပါ မငြင်းခဲ့ပေ။





ပြည့်ကတော့ ကိုယ်နေရတဲ့ အခိုက်မှာ ကိုယ့်ဘက်ကတတ်နိုင်သလောက် တာဝန်ကျေချင်တာပါပဲ။ ကျော်တင်မောင်ကို မလွှဲသာမရှောင်သာ ရင်းနှီးဟန်ဆောင်ရတာကလွဲလို့ပေါ့။ ကျော်တင်မောင်ကတော့ နေ့တိုင်းနီးပါး ဖေဖေပြန်ရောက်ပြီးမှ အကြောင်းမရှိအကြောင်းရှာပြီး ရောက်လာတတ်သလို မေကတော့ တစ်ခါတစ်ရံ ဖုန်းဆက်တတ်ပါသည်။ မေက ဖုန်းဆက်တယ် ဆိုပေမယ့် ပြည့်နဲ့ပြောတာက တစ်ခွန်းစ နှစ်ခွန်းစလောက်သာ၊ ပြီးရင် ကိုကိုထွင့်ကို ခေါ်ပေးပါဦးလပြည့်ရယ်ဆိုသော စကားနဲ့သာ အဆုံးသတ်စမြဲ။

ပြည့်ကလည်း တမင်သက်သက်ကို မေ့ဆီက ဖုန်းဆိုရင် သူ့လက်ထဲ ဖုန်းခွက်ကိုပေးပြီးတာနဲ့ သူ့ဘေးမှာ အကြောင်းမရှိ အကြောင်းရှာပြီး ထိုင်နေလိုက်တော့တာပင်။ ပထမရက်တွေမှာတော့ သူက ပြည့် အပြုအမူကို သတိမပြုမိပေမယ့် မေ့ဖုန်းလာတိုင်း ကိစ္စတစ်မျိုးမျိုးနှင့် ပြည့် သူ့အနားမှာ ရှိနေတတ်တာကို နောက်ပိုင်းမှာတော့ သူ သတိပြုမိလာလေသည်။

တစ်ရက်မှာတော့ သူ မေနဲ့ ဖုန်းပြောနေတော့ ထုံးစံအတိုင်း ပြည့်က သူ့ဘေးနားမှာ ဂျာနယ်တွေ တစ်ထပ်ကြီး ရှိနေခဲ့ပါသည်။ သူပြောပြီး သွားတာကို သတိမထားမိသေးဘဲ နံနက်ခင်း သတင်းဂျာနယ်ထဲမှာ စိတ်ဝင်တစား ရှိနေရစဉ်မှာ သူက ဖုန်းချပြီး ပြည့်ကို ဒီအတိုင်း ထိုင်ကြည့်နေတာကို ပြည့်မသိ။ နံနက်ခင်း သတင်းဂျာနယ်က ပြည့်တို့ မန္တလေး သတင်းတွေ အများဆုံးပါတဲ့ ဂျာနယ်ပါ။ ဂျာနယ်ဖတ်ရင်း ကိုယ်ကိုယ်တိုင် မန္တလေးကို ပြန်ရောက်သွားသလို ခံစားရရဲ့။

ဂျာနယ်ကို စိတ်ဝင်တစား ဖတ်နေရင်းမှ နားထဲမှာ ကြားနေသော ခပ်တိုးတိုး စကားပြောနေသံ တိတ်ဆိတ်သွားရတာကို အတော်ကြာမှ သတိထားမိတော့သည်။ ပြီးတော့ ပြည့်ကို တစ်ယောက်ယောက်က စူးစူးစိုက်စိုက် ကြည့်နေတာကို ပြည့် ခံစားလာရသည်။

သူ့ကို သတိရသွားရကာ ဂျာနယ်ကို ခဏချပြီး သူ့ဘက်ကို လှည့်ကြည့်တော့ ဖုန်းပြောပြီးသွားပြီ။ မပြုံးတပြုံး မျက်နှာထားနဲ့ ပြည့်ကို ဒီအတိုင်းစူးစူးစိုက်စိုက်ကြည့်နေတာ။





ပြည့်သည် ရုတ်တရက် ကောင်ကြွက် မိန်းကလေး တစ်ယောက် မျက်လွှာပြန်ချရှိနဲ့ တတ်ထားတဲ့ အတန်းပညာ တစ်ခုက

"ကိုကို ဘာမှမရှိပါ။

ထားတယ် ... ဒီသွားခဲ့ရင်ရော ...

သောက်မလား [illegible] ဖေဖေ့ချမ်းသာမှု

"ဒီနေ့တော့ တစ်မျိုးဖြစ်အောင် နွားနို့ပဲ သောက်တော့မယ်၊ ကိုယ်လည်း ညီမလေး ရောက်လာပြီးမှ မလိုင်အစစ်နဲ့ နွားနို့ပူပူ သောက်ရတော့တယ် ... ညီမလေး ပြန်ရောက်လာတာ ကိုယ်တို့သားအဖနှစ်ယောက်အတွက် တကယ့်ကို ကံကောင်းတာပဲ ..."

ပြည့်က ထိုင်ရာက ထ,ရပ်လိုက်ပါသည်။ သူကတော့ ပြည့်ကို အကြည့်မလွှဲဘဲ ကြည့်နေဆဲ။ ပြည့် ဒူးတွေ ယိုင်ချင်ချင် ဖြစ်လာရသည်။

"ညီမလေး ရောက်လာတော့မှပဲ အစ်ကို တစ်ယောက်ကို သဝန်တိုတဲ့ ညီမလေးတစ်ယောက်ကို ကိုယ်ရတော့တယ်၊ ကောင်မလေးတွေ ပြောပြောနေကြတဲ့ သူ့အစ်ကိုကိုကြိုက်ရင်

တစ်ရက်မှာတော့ သူ မေနဲ့ ဖုန်းပြောကို ပိုင်အောင် အတိုင်း ပြည့်က သူ့အေးနားမှာ ဂျာနယ်တွေ” ရှိနေခဲ့ပါသည်။ သူပြောပြီး သွားတာကို သတိမပြောလိုက်တဲ့ နံနက်ခင်း သတင်းဂျာနယ်ထဲမှာ စိတ်ဝင်တစော်င်းနဲ့ကိုယ်မို့ သူက ဖုန်းချပြီး ပြောင်ကို ဒီအကိုင်း ၂သွက် အလျှောက် နဂိုကတည်းက ခြေဖဝါးက ဒဏ်ရာကလည်း နည်းနည်း နာနေသေးတာရော၊ ခြေထောက်တွေ အားအင်မဲ့သလို ဖြစ်နေရတာပါရောကာ၊ လူက ယိုင်သွားရသည်။

“ဖြည်းဖြည်းလေ ညီမလေးရဲ့၊ ချော်လဲတော့မှာပဲ”

ပြည့်ရဲ့ စိတ်တွေဟာ သူ့အပေါ်မှာ မရိုးသားတော့ဘူးဆိုတာ ကိုယ့်ကိုကိုယ် သိရဲ့။ သူ့ဘဝနဲ့ ပြည့် ဘဝဟာ လူချင်းသာ နီးပေမယ့် တကယ်တော့ ဟိုးအဝေးဆုံး ဝေးကြသူ နှစ်ယောက်သာ။ သူက အင်ဂျင်နီယာဘွဲ့ရ ပညာတတ်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းနဲ့ မိဘအခြေနေကလည်း တောင့်တင်းလှသူ။ ပြည့်ကတော့ ချစ်ခင်မှုသက်သက်ကြောင့်သာ လပြည့်ဆန္ဒတွေကို ကူညီပေးဖို့ရောက်လာခဲ့သော ဆွေမရှိ





မျိုးမရှိသော တစ်ကောင်ကြွက် မိန်းကလေး တစ်ယောက်သာ။ ရွှေမရှိ ငွေမရှိနဲ့ တတ်ထားတဲ့ အတန်းပညာ တစ်ခုကလွဲလို့ ပြည့်မှာ ဘာမှမရှိပါ။

လပြည့် သိသွားခဲ့ရင်ရော ...

လပြည့်နေရာမှာ ကိုယ်စားဝင်ရင်း ဖေဖေ့ချမ်းသာမှု စည်းစိမ်ဥစ္စာတွေကို မက်မောတဲ့စိတ်နဲ့ သူ့ကို တွယ်ကပ်လိုက်တယ်လို့ ထင်သွားရင်ရော ... ။ ပြည့်ရဲ့စေတနာတွေ အလကား ဖြစ်လိမ့်မည်။ သူကရော ပြည့်ကို နားလည်နိုင်မှာတဲ့လား။ ပြည့် မမျှော်လင့်ရဲပါ။

ထမင်း စားခန်းထဲအထိ ပြည့် အေးနားကနေ သူပါလာပါသည်။ ဖေဖေကတော့ ဧည့်ခန်းမှာ တီဗွီကို ရီမုတ် တစ်ခုနှင့် ဟိုဘက် လိုင်း ပြောင်းကြည့်လိုက်၊ ဒီဘက်လိုင်း ပြောင်းကြည့်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေရာကနေ လှမ်းကြည့်ပြီး ...

“ဒီမောင်နှမ တယ်စည်းလုံးချစ်ခင်နေကြပါလား၊ ဘာတွေများ တိုးတိုးတိတ်တိတ် ကြံစည်နေကြလဲ”

ဆိုပြီး လှမ်း နှောက်နေပါသေးသည်။

"ဘယ်ကောင်မလေးကို ညီမလေး ယောက်မတော်ချင်လဲလို့ မေးနေတာပါ ဖေဖေ

"သမီးက ဘယ်သူ့ကို တော်ချင်တာလဲဟော့ ... တစ်ခန်းကျော်က ပိတောက်လား ...၊ မေတင်မောင်လား ...၊ မေတင်မောင် ဆိုရင်တော့ ဖေဖေတို့ ခမည်းခမက် နှစ်ထပ်ကွမ်း ဖြစ်တာပေါ့၊ ဒါနဲ့ သားကရော ဘယ်သူ့ကို ကြိုက်တာလဲ"

"ဘယ်သူ့ကိုမှ မကြိုက်သေးဘူး ဖေဖေ ...၊ ဘယ်မိန်းကလေးကိုမှ သား ရင်မခုန်သေးဘူး"

ထမင်းစားခန်းထဲ ရောက်ပြီး သူက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တော့မှ ပြည့် အသက်ရှူရဲတော့သည်။ ကိုယ်နဲ့ မတိမ်းမယိမ်း ယောကျ်ားလေးတစ်ယောက်နဲ့ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ တစ်အိမ်တည်း အတူတူနေရမယ့် အဖြစ်ကို ဒီကို မလာခင်တုန်းက ပြည့် ဘာကြောင့်များ ကြိုတင် မစဉ်းစားခဲ့ရတာပါလိမ့်။ ပြီးတော့ ကျော်တင်မောင်။ လပြည့်





ကိုယ်တိုင်ကိုက ကျော်တင်မောင့်ကြောင့်ကို ဒီကို မလာချင်သေးတာ။ အဲဒီတုန်းက ပြည့် ဘယ်လို ဦးနှောက်မျိုးနဲ့များ လပြည့် အစီအစဉ်ကို လက်ခံမိခဲ့တာပါလိမ့်။

အခု အချိန်လို အတွေးမျိုးနဲ့ ဆိုရင် ပြည့် လက်ခံတော့မှာ မဟုတ်။

"အတွေးတွေ များလှချည်လား၊ ညီမလေးရဲ့ ... ကိုယ်ကတော့ မနက်ဖြန်ကျရင် ဆီးချိုသွေးချို သွားစစ်ရတော့မယ် ထင်တယ် ... နွားနို့ထဲကို ညီမလေး သကြားတွေ ထည့်နေတာ လေးဇွန်းတိတိ ရှိသွားပြီ"

ဒီတော့မှ ပြည့် တော်တော်ကို စိတ်နဲ့ကိုယ်နဲ့မကပ်ဖြစ်နေရပြီမှန်း ကိုယ့်ကိုကိုယ် ပြန်သတိထားမိတော့သည်။ အဲဒီလို အယောင်ယောင် အမှားမှား ဖြစ်နေတာတွေကို သူကတော့ ဘယ်လိုထင်နေသည် မသိ။ ပြည့်ကပဲ အစ်ကို့ကို သိပ် စိတ်မချဖြစ်နေတဲ့ ညီမတစ်ယောက်ပုံ ပေါက်နေပြီလားလည်း မသိတော့ပါ။ စိတ်မချဖြစ်နေမိတာကိုတော့ ကိုယ့်ကိုကိုယ် ဘယ်လောက်ပဲ ထိန်းချုပ်ထားပေမယ့် တစ်ဖက်သား

ရိပ်မိနေခဲ့ပြီပေါ့။ ပြည့် ဘယ်လိုမျှား ပိုပြီး ဟန်ဆောင်ကောင်းအောင် ကြိုးစားရမှာပါလိမ့်။

"ကျွန်တော် မန္တလေးကို တွေးမိသွားလို့ပါ၊ ဒီအချိန်ဆိုရင် ကလေးတွေ ပထမအစမ်း စာမေးပွဲ နီးပြီဆိုတော့ ကျွန်တော့် တပည့်လေးတွေ အဆင်မှ ပြေကြပါ့မလားဆိုပြီး သတိရနေလို့ ...."

"ဟုတ်ရဲ့လား ... ကလေးတွေ မဟုတ်ဘဲ လူကြီးဖြစ်နေရင်ရော ..."

ပြည့်က ပြုံးသည်ဆိုရုံမျှလေး ပြုံးလိုက်ကာ ...

"လူကြီးတွေလည်း ရှိတာပေါ့၊ မန္တလေးမှာ ကျွန်တော့် သူငယ်ချင်းတွေ ကျန်ခဲ့တာပဲ ... ကျွန်တော်တို့ တစ်ဆောင်တည်းနေတဲ့ အရမ်းချစ်တဲ့ သူငယ်ချင်းလေ၊ ကျွန်တော် ဒီကို ထွက်လာတော့ သူ ဟိုမှာ တစ်ယောက်တည်း အဖော်မဲ့သွားတာ၊ ကျွန်တော် သူ့ကိုလည်း သတိရသွားလို့ ..."

"ဘာလဲ ... ယောကျ်ားမရွေးတဲ့အထဲမှာ ညီမလေး သူငယ်ချင်းကိုပါ ထည့်ဦးမလို့လား ... ညီမလေး သူငယ်ချင်းဆိုရင်





တော့ ညီမလေးလိုပဲ လိမ္မာမှာပေါ့၊ ချစ်စရာလည်း ကောင်းမှာပဲ၊ မန္တလေးသူ အသားညိုညိုလေးလား၊ ညီမလေးက မန္တလေးကို ချစ်တယ်ဆိုတော့ ကိုယ်ကလည်း မန္တလေးသူကို ချစ်နိုင်အောင် ကြိုးစားပေးရမှာပေါ့"

ဒီတစ်ခါတော့ သူ့စကားကို ပြည့် ဘာမှ မတုံ့ပြန်နိုင်တော့ပါ။ မျက်စိရှေ့မှာ ရှိနေတဲ့ နွားနို့ဖန်ခွက်ရှည်ရှည်ကသာ ရေကန်ဖြစ်ခဲ့ရင်တော့ အခုချိန်မှာ အဲဒီရေကန်ထဲကို ပြည့် ဒိုင်ဗင်ခုန်ဆင်းဖြစ်မည် ထင်ပါသည်။

♥ ♥ ♥

ပီတောက်ကတော့ ဆိုင်တစ်ဆိုင်ကို ဝင်ရင်လည်း မပြီးနိုင် မစီးနိုင်။ အင်္ကျီဆိုင် ဆိုရင်လည်း တစ်ထည်ချင်း စိတ်ရှည်လက်ရှည် ရွေးကြည့်နေကာ ဖိနပ်ဆိုင်မှာ ဆိုရင်လည်း တစ်ရံပြီးတစ်ရံ စီးကြည့်လိုက်၊ စိတ်တိုင်းမကျလိုက်။ ပြည့်ကတော့ ပီတောက်ကိုကြည့်ရင်း ဘေးကနေပြီး ခေါင်းတွေ

တောင် နောက်လာရလေသည်။ မနက် ကိုးနာရီခွဲလောက်ကတည်းက သူက ဆိုဒ်ထဲကိုသွားရင်း ပြည့်နဲ့ ပိတောက်ကို ဗိုလ်ချုပ်ဈေးမှာ ဝင်ပို့သွားခဲ့တာ။

"ညီမလေးကို ရန်ကုန်မြို့ကြီးနဲ့ အံဝင်ခွင်ကျဖြစ်အောင် ပိတောက် လက်ထဲကို ဝ,ကွက်အပ်လိုက်ပြီနော်၊ ပိတောက် စိတ်ကြိုက်သာ လုပ်ပေးလိုက်ပေတော့"

ပြောလည်းပြော ပြည့် ပိုက်ဆံအိတ်ထဲကိုလည်း ပိုက်ဆံ တစ်ထပ် ထည့်ပေးသွားပါသည်။ အရင်တစ်ခါ စူပါဝမ်းသွားကတည်းက သူပေးခဲ့တဲ့ ပိုက်ဆံတွေတောင် အခုထိ အရေအတွက် မလျော့သေးဘဲ ရှိနေပါသေးသည်။ လပြည့်ကတော့ ဖုန်းဆက်တိုင်း 'ရှင်သုံးချင်တာသာ သုံးပစ်လိုက်၊ ရှင်သုံးတာလည်း ကျုပ်သုံးသလိုပဲပေါ့ ပြည့်ဝေရဲ့၊ သူစိမ်းဆန်တဲ့ စကားမျိုး မပြောပါနဲ့၊ ရှင်က ခင်လပြည့် ... ကျုပ်က မေပြည့်ဝလေ၊ ကျုပ်တို့နှစ်ယောက်က တစ်ယောက်တည်းပဲ ဥစ္စာ' လို့ ပြောစမြဲ။ ဒါပေမယ့်လည်း ပြည့်က အားနာပါသည်။





တစ်ချိန်ချိန်မှာ အပြစ်ပြောစရာ ဖြစ်မယ့်ကိစ္စ အားလုံးကို အခုကတည်းက ပြည့် တတ်နိုင်သမျှ ရှောင်ရှားပါသည်။

ဗိုလ်ချုပ်ဈေးထဲမှာ ပြည့်တို့ထက် ငယ်ရွယ်သော ဆယ်ကျော်သက်အရွယ် ကောင်မလေးတွေကိုလည်း တွေ့ရသလို ပြည့်တို့နဲ့ ရွယ်တူရော ... ကြီးတာတွေပါ အရွယ်စုံ၊ ပုံသဏ္ဌာန်စုံ တွေ့ရပါသည်။ ပိတောက်ကို ဝတ်တာ စားတာ ခေတ်ဆန်လှပြီ ထင်ထားခဲ့တာ ... ဗိုလ်ချုပ်ဈေးထဲ ရောက်တော့မှ ပိတောက် ဝတ်ထားတာက အရိုးဆုံးလိုတောင် ဖြစ်နေပါသေးသည်။ ပြည့်ရဲ့ ဝတ်စားဆင်ယင်မှုကတော့ ပြောမနေပါနဲ့တော့။ လီနင်အရောင်ဖျော့ဖျော့ကို ကိုယ်နဲ့အတိ ချုပ်ထားတဲ့ ရှပ်လက်ရှည်နဲ့ လုံချည်က လူကြီးဆင်ဆန်သော ဆေးရေးပါတိတ်နီညို။

မန္တလေးမှာဆိုရင် အပြင်ထွက်တိုင်း အင်္ကျီလက်ရှည် ဝတ်နေကျ။ ဒီနေ့လည်း ပိတောက်က ရန်ကုန်တစ်မြို့လုံးကို လျှောက်သွားရအောင်ဆိုတာနဲ့ နေပူသက်သာအောင် လက်ရှည်ဝတ်လာဖြစ်တာပါ။ ဒါပေမယ့် ရန်ကုန်နေက မန္တလေး

နေလောက်တော့ မပြင်း။ ပြည့်မှာသာ အင်္ကျီလက်ရှည်ကြီးနဲ့ လူကြီးပုံစံ ဖြစ်နေရလေသည်။

"လပြည့်ကိုတော့ တို့ရဲ့ အစ်မလို့ ထင်နေကြမှာပဲ ... သိလား၊ လပြည့် ဝတ်ထားတာက အရမ်းရိုးနေတော့လေ ... ဒါပေမယ့် လပြည့် မျက်နှာလေးက အရမ်းချစ်စရာကောင်းတော့ ကောင်းလေးတွေ အားလုံး စိုင်းထီးဆိုင် ဖြစ်ကုန်ကြတယ် ..."

"စိုင်းထီးဆိုင် ..."

"ခြသေ့်လည်ပြန်ကို ပြောတာလေ ..."

"သြော် ... သြော် ... ကျွန်တော်လည်း မန္တလေးမှာတော့ ခေတ်နဲ့အလိုက် ဝတ်စားတာပါပဲ ပိတောက်ရဲ့ ... ခေတ်နောက်ပြန်ဆွဲနေတဲ့ အဘွားကြီးတော့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ရန်ကုန်ကတော့ အခု အရမ်းကို ခေတ်လွန်နေတာပဲနော်၊ မန္တလေးမှာတော့ ရှမ်းတရုတ်မတွေလောက်ပဲ ဒီလို ဝတ်ကြတာ ..."

ပိတောက်က တစ်မျိုးပြီးတစ်မျိုး ရွေးချယ်ပြီး ဝယ်နေ





ပေမယ့် ပြည့်ကတော့ ဘာမှမဝယ်ဖြစ်သေး။ အင်္ကျီတွေကလည်း တစ်ထည်ဈေးနှုန်းကို မေးလိုက်တာနဲ့ သုံးလေးထောင်အောက် မရှိပါ။ ပြည့် ဆယ်တန်းကိုက်လုပ်တဲ့ တစ်လစာလခဟာ အင်္ကျီထစ်ထည်စာသာ ရှိလေသည်။ သူ ခုနက ပြည့် အိတ်ထဲ ထည့်သွားခဲ့တဲ့ ငွေစက္ကူ တစ်ထပ်ဟာလည်း ပြည့် တစ်နှစ်လောက် အပင်ပန်းခံ စာသင်ပြီး စုဆောင်းမှ ရမယ့် ပမာဏမျိုး။

"လပြည့်ကလည်း ဘာမှ မဝယ်ဘူးလား ... ဒီကိုလာပြီးမှ ဘာမှ ဝယ်မသွားရင်လည်း ကိုကိုသူရိန်က ဆူနေလိမ့်မည်၊ တို့ပါ အဆစ်ပါနေမှာနော်၊ တစ်ခုခုတော့ဝယ်ပါ လပြည့်ရယ်"

"ကျွန်တော် တကယ်ကို ဘာမှမလိုချင်လို့ပါ၊ ပိတောက်ဝယ်ပြီးရင်လည်း ဝတ်ဖြစ်မှာ မဟုတ်ဘူး၊ အပြင်လည်း သိပ်မထွက်ဖြစ်ဘူးလေ"

"တွေ့လား ... ကိုကိုသူရိန်က လပြည့်ကို ရန်ကုန်နဲ့ အံဝင်ခွင်ကျ ဖြစ်သွားအောင် လုပ်ပေးပါဆိုပြီး တို့ကို အပ်ထားတဲ့ ဥစ္စာ၊ တို့နာမည်ပျက်လို့တော့ မဖြစ်ဘူးလေ၊ စကား

ပြောတာကအစ ကျွန်တော် … ကျွန်တော်နဲ့၊ အဲဒါကို အရင် ပြင်ရမယ်၊ 'တို့' လို ကိုယ့်ကိုကိုယ် နာမ်စားသုံးတာ ကောင်း တယ် လပြည့်ရဲ့၊ အထက်စီးဆန်ပေမယ့် ယဉ်လည်း ယဉ် ကျေးတယ်လေ"

ရုပ်ရှင်တွေထဲကလိုမျိုး တစ်ရက်တည်း တစ်နေ့တည်းနဲ့ နတ်ရေကန်ထဲ ခုန်ဆင်းပြီး ပြောင်းလဲသွားသလို ပြောင်းလဲ စေချင်လား မသိ။ ပြည့်က ရယ်ချင်လှပါသည်။ ကိုယ့်နဂို မူရင်းပုံစံကို ပြောင်းလဲဖို့ ပြည့် ဘယ်တုန်းကမှ စိတ်မကူး ပါ။ ကျွန်တော် … ကျွန်တော်ဆိုပြီး ကိုယ့်ကိုကိုယ် နာမ်စား သုံးတာကိုက မန္တလေးသူတွေရဲ့ ချစ်စဖွယ် အမှတ်အသား လေး တစ်ခုပဲ မဟုတ်လား။ တစ်သက်လုံး မန္တလေးမှာ ကြီးပြင်းလာသူပီပီ မန္တလေးကိုသာ ပြည့် ချစ်ပါသည်။ ရန်ကုန်သူ တစ်ယောက်လို ပုံစံမျိုးဖြစ်အောင်လည်း ပြည့် ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်။ ရန်ကုန်မှာ ပြည့် မပျော်ပါ၊

"ဟင့်အင်း … ရန်ကုန်နဲ့ အံဝင်ခွင်ကျဖြစ်အောင် ကျွန်တော် ကြိုးစားမှာ မဟုတ်ဘူး ပိတောက်၊ ဒေသစွဲရှိတယ်





လို့ပဲ ပြောရမလားပဲ၊ ကျွန်တော်က မန္တလေးမှာမွေးပြီး မန္တလေးမှာ ကြီးလာခဲ့တဲ့သူဆိုတော့ မန္တလေးကိုပဲ ချစ်တယ်၊ မန္တလေး ကျုံးရေကို သောက်ရတာကိုပဲ ကျွန်တော် ချစ်တယ်၊ ရန်ကုန်မှာ ကျွန်တော် တစ်သက်လုံး နေသွားဖို့ မလွယ်ပါဘူး ပိတောက်ရယ် …"

ပြည့်သည် ကိုယ့်အလွမ်းဓာတ်ခံနဲ့ ကိုယ်မို့ မန္တလေးကို လွမ်းစိတ်နဲ့ ပြောနေမိတာပါ။ ဗိုလ်ချုပ်ဈေးထဲမှာ တစ်ပတ် ပြီးတစ်ပတ် ပတ်ပြီး ငေးနေရတာကို မန္တလေးဈေးချိုမှာ တစ်ထပ်ပြီးတစ်ထပ် ငေးရတာလောက် မပျော်။ တရုတ်တန်း ဈေးမှာ လွတ်လွတ်လပ်လပ် လမ်းလျှောက်ရတာလို မတက် ကြွ။ လပြည့် အနားမှာ မရှိလို့လည်း ဖြစ်ပါလိမ့်မည်။ ပြည့်နဲ့ လပြည့်က တကယ့်ကို နှစ်ကိုယ့်တစ်စိတ်တွေ။

"လပြည့်က ဒီမှာမွေးတာ မဟုတ်ဘူးလား … အန်တီက လပြည့် ငါးနှစ်သမီးမှာမှ ဒီကထွက်သွားတာဆို …"

ပိတောက်က ဇဝေဇဝါ ဖြစ်နေဟန်နှင့် မေးသည်။

ပြည့် သတိလက်လွတ် ဖြစ်သွားခဲ့တာ။ ကိုယ့် လက်ရှိ

အခြေအနေကို မေးပြီး မေပြည့်ဝေ ဘဝကို ပြန်ရောက်သွားမိတာ ဖြစ်သည်။ စူးစမ်းတဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေသော ပိတောက်ကို ရင်မဆိုင်ချင်စွာနှင့် ပြည့်က တခြားနေရာကို အကြည့်လွှဲလိုက်ကာ ...

"ဟုတ်တယ်လေ ... ဒါပေမယ့် ငါးနှစ်ဆိုတဲ့ အသက်အရွယ်ဟာ ဘာအမှုအကျင့်၊ အစွဲအလမ်းမှ တရားသေမရှိသေးတဲ့ အရွယ်လေ ပိတောက်ရဲ့ ... အခု အရွယ်အထိ မန္တလေးမှာပဲ နေခဲ့တာဆိုတော့ မန္တလေးသူစစ်စစ် ဖြစ်နေပြီပေါ့ ... မဟုတ်ဘူးလား"

"အင်း ... ဟုတ်တာပေါ့၊ အနှစ်နှစ်ဆယ်လောက် ဆိုတော့လည်း ဇာတိလိုဖြစ်သွားတာပေါ့"

ပိတောက်သည် လပြည့် စိတ် ကျေနပ်အောင်သာ ထောက်ခံလိုက်ပေမယ့် စိတ်ထဲမှာတော့ သိပ်မရှင်းလင်း။ မတင်မကျကြီး ဖြစ်နေရသည်။ ကိုယ့်ပင်ကိုဗီဇကိုက သိပ်စပ်စုပြီး နေရာတကာ ပါတတ်တာ။ သူများက လူမသိချောင်လို့ ဖုံးကွယ်ထားတဲ့ ကိစ္စမျိုးဆိုရင် ပိတောက်က ပိုလို့တောင် သိချင်ပါသေးသည်။





ဟို အရင်တစ်ခါ ဖုန်းဆက်တဲ့ ကိစ္စကတည်းက ပိတောက်က စပ်စုချင်ခဲ့တာ။ ကိုကိုသူရိန့်ကို ပြောတော့လည်း သူက သူ့ညီမ အကြောင်းကို သိပ်စိတ်ဝင်တစား ရှိပုံမရ။ ပိတောက်ကတော့ လပြည့် စ,ရောက်လာကတည်းက စိတ်ဝင်စားခဲ့ပြီးသား။ ဘယ်လိုလုပ်ပြီးများ မိုးပေါ်က ကျလာသလို ညီမတစ်ယောက် ရောက်လာသလဲဆိုပြီး ကိုကိုသူရိန်ကို စပ်စုခဲ့သေးသည်။ အဖေနဲ့အမေ ဒိုင်ဗို့(စ်)လုပ်တုန်းက အမေနဲ့ပါသွားတဲ့ ညီမလေးကို အမေဆုံးသွားမှ ပြန်ရှာဖွေပြီး ခေါ်လာခဲ့တာဆိုသော အဖြေကိုသာ ရခဲ့ပါသည်။

အမှတ်တမဲ့ ကြည့်ရင်တော့ လပြည့်ပုံစံလေးက ကိုကိုသူရိန်နဲ့ ဆင်သလိုရှိပေမယ့် သေသေချာချာ တစိမ့်စိမ့် ကြည့်ရင်တော့ မတူလှပြန်။ လပြည့် မျက်နှာလေးက ပါးပါးလျလျလေးနှင့် နဖပ်ကာ ချစ်စရာကောင်းလှတာ။ ဗိုလ်ဆန်သည့် မျက်နှာပေါက်မျိုး။ ကိုကိုသူရိန်ကတော့ အသားဖြူဖြူ၊ မျက်ခုံး မျက်လုံး ကောင်းပေမယ့် ဗိုလ်ဆန်တဲ့ မျက်နှာမျိုး မဟုတ်။

လပြည့်နဲ့ ကိုကိုသူရိန်တို့ နောက်ကွယ်မှာ ပိတောက်

မသိတဲ့ လျှို့ဝှက်ချက် တစ်ခုခုများ ရှိနေကြတာလေား။ လပြည့် ခြေထောက် ဒဏ်ရာရတုန်းကလည်း ကိုကိုသူရိန်က လပြည့် အခန်းထဲမှာ တစ်ညလုံး စောင့်အိပ်ပေးသတဲ့။ ဘယ်အစ်ကို က ညီမကို ဒီလောက် ဂရုတစိုက် ကြင်နာတာရှိဖူးလို့လဲ။ ပိတောက် စိတ်ထဲတွင် တုန်တုန်လှုပ်လှုပ် ဖြစ်လာရသည်။

သူတို့နှစ်ယောက်ဟာ မောင်နှမ မဟုတ်တဲ့ ပတ်သက်မှုများ ... ။

ပိတောက်သည် စပ်စုလက်စနှင့် မထူးတော့ပြီမို့ ...

"လပြည့်က မန္တလေးမှာ ဘယ်ကျောင်းထွက်လဲ ... ကျောင်းပြီးတာကတော့ IR နဲ့နော်"

"အ–ထ–က (၁၆) ကလေ၊ ဘာဖြစ်လို့လဲ ပိတောက်"

"ဩော် ... ဘာမှမဖြစ်ပါဘူး၊ လပြည့်က အနေအေး လွန်းတော့ မိန်းကလေးကျောင်းထွက်များလားလို့ မေးကြည့်တာပါ"

"မိန်းကလေးကျောင်းတော့ မဟုတ်ဘူး ပိတောက်၊ ဒါပေမယ့်လည်း ယောကျ်ားလေး အပေါင်းအသင်းလည်း မရှိပါဘူး"





အ–ထ–က(၁၆)၊ မန္တစ်ကမှ မန္တလေး ရတနာပုံ တက္ကသိုလ်ကနေ နိုင်ငံတကာဆက်ဆံရေးနဲ့ ပူပူနွေးနွေး ကျောင်းပြီးထားတာ။ မန္တလေးမြို့က ကျယ်ပေမယ့် နိုင်ငံတကာ ဆက်ဆံရေး မေဂျာမှာတော့ အသားဖြူဖြူ ပိန်ပိန် သွယ်သွယ်နှင့် ချစ်စရာ မိန်းကလေးကို သိသူတွေ ရှိကြပါလိမ့်မည်။

♥ ♥ ♥

## ၆။

“ကိုကိုထွန်းက လပြည့်ရောက်လာတာနဲ့ မေတို့အိမ်ဘက်ကိုတောင် ခြေဦးမလှည့်တော့ဘူး၊ သူ့ညီမလေးနဲ့ သိပ်ကို အလုပ်တွေ ရှုပ်နေတယ်ပေါ့လေ”

မေက သူ့အတွက် သင်္ဘောသီးဖျော်ရည် တစ်ခွက်ကို သူ့ရှေ့က စားပွဲအပုလေးမှာ လာချပေးရင်း မကျေမနပ် ဆိုပါသည်။ အိမ်မှာနေရင်းပေမယ့် မေကတော့ ထုံးစံအတိုင်း သပ်ရပ်လှပကြော့မော့ကာနေသည်။ သင်္ဘောသီးဖျော်ရည်ကိုလည်း သူရောက်လာတာနဲ့ လှစ်ခနဲ ချက်ချင်း သွားဖျော်လာခဲ့တာ။ မေ အိမ်ထောင်မှု နိုင်နင်းလှတာကို ဖေဖေက

အင်မတန် ချီးကျူးလေ့ရှိမြဲ။ လပြည့်ရောက်လာတော့ မေနဲ့ ထပ်တူနီးပါး အိမ်ထောင်မှုနိုင်နင်းတာမို့ ဖေဖေက သူ့သမီးကို ကျေနပ်မဆုံး။

"ဆိုဒ်ထဲမှာ ရေသာခိုထားတာတွေ ပြန်ပြီး လုပ်ပေးနေရလို့ပါကွာ ... ဖုန်းလည်း ညတိုင်းပြောဖြစ်ကြရဲ့သားနဲ့၊ မေကသာ အိမ်ကိုမလာတာ၊ ညီမလေးက နေ့လယ်နေ့ခင်း ဆိုရင် အိမ်မှာ တစ်ယောက်တည်း မေရဲ့ ... အဖော် လာလုပ်ပေးလိုက်ပါဦး"

"သတင်း ကြားထားပြီးပါပြီနော်၊ ယောက်မလောင်းလေးက အမြဲတမ်း အဖော်လာလုပ်ပေးပါသတဲ့၊ မေ ဘာလာစရာ လိုတော့လို့လဲ၊ အဲဒါကြောင့် မေက မလာတာ"

"ယောက်မလောင်း ... ဘယ်သူ့ကို ပြောတာလဲ၊ ယောက်မတော်ရမှာက မေနဲ့ ညီမလေး မဟုတ်ဘူးလား"

မေက သူ့ကို မျက်စောင်းလှလှလေး ထိုးလိုက်ကာ ...

"ကိုကိုထွဋ် မသိချင်ယောင်ဆောင်မနေပါနဲ့၊ တစ်ခန်းကျော်က တစ်ယောက်လေ၊ ပန်းနှာမည်နဲ့ တစ်ယောက်၊





အဲဒီ တစ်ယောက်ကို လပြည့်ရဲ့ ကိစ္စအဝဝ တာဝန်ယူပေးပါ ဆိုပြီး ကိုကိုထွဋ်က အပ်ထားတယ်ဆို"

သူ ရယ်ချင်သွားရလျက် ...

"ဩော် ... ပိတောက်ကို ပြောတာလား ...၊ ပိတောက်က ညီမလေးနဲ့လည်း ရွယ်တူဆိုတော့ သူတို့နှစ်ယောက် တွဲမိနေတာပါ၊ အိမ်နီးနားချင်းလည်းဆိုတော့ ရန်ကုန်မှာ ညီမလေး ပျော်သွားအောင်လို့ အကူအညီ တောင်းထားတာ၊ ရိုးရိုးသားသားပါ မေရယ်၊ ပိတောက်က ပွင့်ပွင့်လင်းလင်းနဲ့ ကလေးဆန်တော့ ကိုယ်တို့ တစ်အိမ်သားလုံးနဲ့ ခင်နေတာ"

မေ ပြောမယ်ဆိုရင်လည်း ပြောစရာပါပဲ။ လပြည့်ကို ခေါ်လာတဲ့ တစ်ကြိမ်နောက်ပိုင်းမှာ မေတို့အိမ်ကို သူမရောက် ဖြစ်တော့။ လပြည့် ခြေထောက်ဒဏ်ရာ ရတုန်းကလည်း လပြည့်အနားကနေ မခွာနိုင်ဖြစ်ခဲ့တာ။ အခုမှ ကောက်ရသလို ပြန်ရောက်လာခဲ့သော လိမ္မာရေးခြားရှိလှသည့် ညီမငယ်ကို မျက်စိအောက်က မခွာနိုင်ခဲ့။ လပြည့် ရောက်မလာခင်တုန်းကတော့ မေတို့အိမ်ကို သူ အမြဲတမ်းလိုလို ရောက်ဖြစ်ပါ

သည်။ မေက တစ်နေရာရာ သွားချင်လို့ဆိုပြီး လိုက်ပို့ခိုင်းရင်လည်း သူ အမြဲတမ်း မေ့ကို ဂရုတစိုက် လိုက်ပို့ပေးဖြစ်စမြဲ။ မေ့ကိုတွေ့တိုင်း ညီမလေး လပြည့်လည်း အခုအချိန်ဆိုရင် မေ့လိုပဲ ချစ်စရာကောင်းနေမှာပဲ၊ သွက်လက်နေမှာပဲဆိုပြီး မေ့ကို ညီမလေးလို့ သဘောထား အစားထိုးမိတာလည်း ပါပါသည်။

အခုရက်ပိုင်းမှာတော့ သူက မေတို့အိမ်ကို အရောက်အပေါက် နည်းသွားသလောက် ဖိုးကျော်ကတော့ သူတို့အိမ်ကို အရောက်စိတ်လာပါသည်။ ဖိုးကျော် ရောက်လာရင် ညီမလေး လပြည့်သည် ပုံသွင်းထားသော စက်ရုပ်တစ်ရုပ်နှယ် အလိုလို ခပ်မှန်မှန် ခပ်တင်းတင်း ဖြစ်သွားစမြဲ။ သူကတောင် ဖိုးကျော်ကို ကြားကနေ အားနာနေရပါသေးသည်။

“ကိုကိုကျော်ကတော့ တစ်ချိန်လုံး တစ်လတည်း လပြည့်နေတာပဲ ... မေကတော့ မေးရဦးမယ်နော် ကိုကိုထွဋ်၊ လပြည့်ကို ဘယ်လိုအထောက်အထားတွေနဲ့ လက်ခံလိုက်တာလဲ၊ မေ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ပြီးတော့ ...”





“ဟဲ့ ... သမီး ... မေ ... သူများ မိသားစုကိစ္စကို အဲဒီလို မပြောရဘူးလေ”

ဘုရားရှိခိုးနေသော အန်တီလှက ဘုရားရှိခိုးပြီးသွား၍ အိမ်ပေါ်ထပ်မှ ဆင်းလာသော လှေကားတစ်ဝက်တွင် ရပ်လျက် မေ့ကို လှမ်းဟန့်လိုက်ပါသည်။ တကယ်လည်း မေတို့မိသားစုရဲ့ လပြည့်အပေါ် ထင်မြင်ချက်ကို သူသိချင်၍ပါ။ ငယ်ငယ်တုန်းကတည်းက သူတို့မိသားစုနဲ့ မေတို့ မိသားစုဟာ တကယ့်ကို တစ်မိသားစုထဲလို ဖြစ်ခဲ့တာ။ လပြည့်က အန်တီလှ လက်ပေါ်မှာ မေနဲ့အတူတူ ကြီးပြင်းလာခဲ့တာ ဖြစ်သည်။

“ရပါတယ် ... သူများမှ မဟုတ်တာ အန်တီလှရဲ့ ... ဒီမိသားစု နှစ်စုက သူစိမ်းတွေ မဟုတ်ပါဘူး၊ ကျွန်တော်က အန်တီလှတို့ မေတို့ရဲ့ လပြည့်အပေါ် မြင်တာကို သိချင်လို့ပါ။ ငယ်ငယ်တုန်းက လပြည့်နဲ့ အခုလပြည့် တူသေးရဲ့လား လို့ ... ကျွန်တော် ကိုယ်တိုင်တောင် ဝေခွဲမရ ဖြစ်နေလို့ပါ၊ မကောင်းတဲ့ သံသယတော့ မဟုတ်ပါဘူး”

သူ့စကားဆုံးတော့ ခုနက မကျေမနပ်နှင့် ငြိမ်သက်နေလိုက်ရသော မေက ဘယ့်နှယ်ရှိစ ဆိုသည့် အကြည့်မျိုးနှင့် သူ့အမေကို လှမ်းကြည့်သည်။ အန်တီလှ မျက်နှာထားကို ကြည့်ရတာ အန်တီလှကိုယ်တိုင်လည်း လပြည့် အကြောင်း တစ်ခုခုတော့ ထင်မြင်ချက် ပေးချင်နေပုံ ရပါသည်။ လူကြီးဆိုတော့ လူငယ်တွေကိုတော့ မသေချာမရေရာဘဲ ပြောမှာမဟုတ်။ အကြောင်းအရာ တစ်ခုကို သက်သေအထောက်အထားရှိမှ နှုတ်ကဖွင့်ပြောလေ့ရှိတာ။

"သားက ဘယ်လိုထင်လို့လဲ ... သူက ဘာတွေ ထူးခြားနေလို့လဲ"

"ကာယကံရှင်ဖြစ်နေတော့ ထင်တော့ မထင်တတ်ပါဘူး အန်တီလှ၊ ထူးခြားတာကတော့ ရောက်ခါစမို့လို့လားတော့ မသိပါဘူး၊ ဆင်ပေးထားတဲ့ ရွှေငွေပစ္စည်းတွေ ဘာတစ်ခုမှလည်း မဝတ်ဘူး၊ ပိုက်ဆံတွေလည်း ဘာမှကို မသုံးဘူး၊ ဟိုရက်ကလည်း ဝယ်ချင်တာဝယ်ဆိုပြီး ပိုက်ဆံတစ်သိန်းမုန့်ဖိုးပေးပြီး ပိတောက်နဲ့ ဗိုလ်ချုပ်ဈေးကို ပို့ပေးသေးတယ်၊





ဘာကိုမှ မဝယ်ခဲ့ဘူး၊ အအေးသောက်၊ မုန့်စားတဲ့ ပိုက်ဆံခြောက်ရာငါးဆယ်ပဲ သုံးလာတယ် ..."

"သူ ပိုက်ဆံမသုံးတတ်လို့ နေမှာပေါ့ ကိုကိုထွဋ်ရဲ့ ..."

မေက မနေနိုင်စွာပင် ပြောပြန်ပါသည်။ အန်တီလှက မေ့ကို ဝင်မပါနဲ့ဆိုပြီး တစ်ချက် မာန်မဲသလို ကြည့်လိုက်ကာ ...

"ပိုက်ဆံ မသုံးတတ်တာတော့ ဟုတ်ဟန်မတူပါဘူး၊ ပိုက်ဆံဆိုတာ လူတိုင်းသုံးချင်ကြတာချည်းပဲ၊ သုံးခွင့်ရတဲ့သူနဲ့ သုံးခွင့်မရတဲ့သူပဲ ရှိတယ်၊ သုံးခွင့်မရတဲ့သူက ပိုက်ဆံကို သုံးခွင့်ရတဲ့အခါ အတိုင်းမသိ သုံးတတ်ကြတာ သဘာဝပဲ၊ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်ဟာ ဗိုလ်ချုပ်ဈေးလို နေရာမျိုးကို ရောက်ရင် ပိုပြီးလိုချင်စရာတွေ ရှိပြီး သုံးမှာပဲ ... မေတို့တောင် အမြဲဝယ်နေရရဲ့သားနဲ့ ဝယ်ချင်စရာတွေက မကုန်နိုင်ဘူး မဟုတ်လား ... သား ပြောတာ သဘာဝကျပါတယ် ... အဲဒီတော့ ..."

"ညီမလေး ဘာဖြစ်နေသလဲလို့ပါ၊ တစ်ခါတလေကျ

ရင်လည်း သူစိမ်းတစ်ယောက်လိုပဲ ကိုယ့်မိသားစုလို ရဲရဲတင်းတင်း မရှိဘူး”

“အဲဒါ ဖိုးကျော်လည်း ပြောပါတယ်၊ အရမ်းစိမ်းတာပဲတဲ့ ... အိမ်မှာလည်း မေက အဲဒါပြောနေတာ၊ ငယ်ငယ်တုန်းက ဆိုရင် မေနဲ့လပြည့်က မတည့်ဘူးလေ၊ တကျက်ကျက်နဲ့ နပန်းလုံးနေကျ၊ အခုကျတော့ လပြည့်က အရမ်းကြီး စိမ်းသက်သက် ဖြစ်နေတယ်တဲ့၊ တကယ်ဆို ဘာပဲပြောပြော ငယ်ငယ်တုန်းက သံယောဇဉ်လေးတော့ ရှိသင့်တာပေါ့၊ အခု မေက ဖုန်းဆက်ပေမယ့် လပြည့်က ဒီအိမ်ကို တစ်ခါမှ ဖုန်း,မဆက်သေးဘူး၊ မွန်မွန်က အတိတ်ကို အားလုံးမေ့ပျောက်ပြီး ဘဝသစ် စ,ပေးခဲ့သလားမှလည်း မသိတာနော်၊ အန်တီတို့က တစ်ဖက်သားကို အဆိုးချည်းပဲ မြင်လို့လည်း မရဘူးပေါ့၊ ရန်ကုန်က လူတွေအားလုံးကို မွန်မွန် မုန်းသွားခဲ့သလိုပဲ လပြည့်ကပါ ရောပြီး စိမ်းနေတာလည်း ဖြစ်နိုင်ပါတယ်”

“ကျွန်တော်ကတော့ အဲဒီလိုပဲ ထင်ထားပါတယ်၊





ဒါပေမယ့် ကျွန်တော်နဲ့ ဖေဖေ့ကိုတော့ သူ တော်တော် သံယောဇဉ်ရှိပုံပါပဲ၊ ဖေဖေကတော့ အခုမှ အရသာရှိရှိ အိမ်ထမင်း အိမ်ဟင်း စားရလို့ ကျေနပ်နေတယ်၊ ညောင်းနေလားဆိုပြီးတော့လည်း ဇက်ကြောဆွဲပေးတတ်သေးတယ်၊ အခုနေတဲ့ အခန်းကိုတောင် လပြည့်နာမည် ပြောင်းပေးမလို့တဲ့၊ အဲဒါ သိတော့ ညီမလေးက အတင်းငြင်းနေတယ်၊ ပြီးတော့ အိမ်ထောင်လည်း မပြုချင်ဘူးတဲ့၊ ဖေဖေကတော့ ဖိုးကျော်နဲ့ ကိစ္စကို စိစဉ်ချင်နေပြီ ... ”

ဖိုးကျော်ကလည်း လပြည့်ကို တကယ် လှိုက်လှိုက်လှဲလှဲ နှစ်သက်မြတ်နိုးနေပြီဆိုတာ အားလုံးက သိပါသည်။ လပြည့်ကိုယ်တိုင်လည်း သိမှာပါ။ ဖိုးကျော်ကို လပြည့်ဘက်က သိပ်လှိုက်လှိုက်လှဲလှဲ မရှိလှတာကိုလည်း သူတွေ့မြင်နေရသည်။ မန္တလေးမှာ သံယောဇဉ်တွေ ကျန်နေခဲ့လို့လား၊ ဖေဖေ့ကို ပြောပေးရမလားဆိုတော့လည်း မဟုတ်ပြန်။ ဘာတွေတစ်ယောက်တည်း ကြိတ်ပြီးခံစားနေရလည်း မသိ။

“ကိုကိုကျော်ကလည်း လပြည့်ကို သည်းသည်းလှုပ်

နေတာပါ၊ လပြည့်အဖြစ်နဲ့ မသိခင် နှစ်ခါဆုံကတည်းက သူက စွဲလမ်းသွားရတာတဲ့၊ မေ့ကိုတောင် ရင်ဖွင့်နေသေးတယ်၊ လပြည့်ဆိုတဲ့ အသိနဲ့ မဟုတ်ဘူးတဲ့၊ လပြည့်မဟုတ်ရင်လည်း သူက ချစ်နေမှာပဲတဲ့၊ အပြတ်ပြောထားတာ၊ အန်ကယ်က မြန်မြန်စီစဉ်ချင်လေ ကိုကိုကျော်ကလည်း ကြိုက်လေပဲ၊ ဒြော် ဒါနဲ့ လပြည့်ရဲ့ မှတ်ပုံတင်တွေ ဘာတွေရော ကိုကိုထွန်း တွေ့ရရဲ့လား ...”

“အင်း ... တွေ့ရပါတယ်၊ မှတ်ပုံတင်ထဲမှာတော့ အားလုံး အမှန်တွေချည်းပဲလေ၊ ဘာမှ မှားနေတာမျိုး မရှိပါဘူး”

“ဓာတ်ပုံကရော ... တူရဲ့လား”

ဒီတစ်ခါတော့ မေ ပြောနေတာတွေကို အန်တီလှက ဘာမှဝင်ပြီး မကန့်ကွက်တော့ပါ။ အန်တီလှ ကိုယ်တိုင်လည်း ထိုမေးခွန်းတွေကို မေးချင်နေသည် ထင်ပါရဲ့။ လူကြီးမို့သာ နေရာတကာ ကလေးတွေမေးသလို လိုက်စပ်စုဖို့ မသင့်တော်လို့။ သူကလည်း လပြည့် အစစ်အမှန် မဟုတ်ဘူးများလား လို့တော့ သံသယဝင်တာ မဟုတ်ပါ။ တကယ် နှစ်ပေါင်းများ





စွာ ခွဲခွာနေခဲ့ပြီးမှ ပြန်တွေ့ရပေမယ့် သူ့ရင်ထဲ စိမ်းသက်တော့ မနေ။ ညီမလေးတစ်ယောက်လို ရင်းနှီးနေခဲ့တာမျိုး ဟုတ်မဟုတ်တော့ သူမ ဝေခွဲတတ်ပေမယ့် သူမလေးရဲ့ အကြည့်တွေ၊ မျက်ဝန်းတွေက သူ့ရင်ထဲမှာ ရင်းနှီးနွေးထွေးနေခဲ့ပြီးသား ဖြစ်နေခဲ့တာ။

လပြည့်ကတော့ လပြည့်ပါပဲ။ လပြည့် တစ်မျိုးများ ဖြစ်နေတာလားဟုတော့ သူထင်နေသည်။

“တူပါတယ် ... တူပါတယ်ဆိုတာ အခု ပုံစံနဲ့ပေါ့၊ မှတ်ပုံတင်က ဆယ့်ရှစ်နှစ်ပြည့် မှတ်ပုံတင်ဆိုတော့ လူကြီးပုံစံ ဖြစ်နေပြီလေ၊ ဟိုးငယ်ရုပ်နဲ့တော့ ယှဉ်ကြည့်လို့မရတော့ဘူးပေါ့”

“ခင်လပြည့်တော့ ခင်လပြည့်ပါပဲ။ ဒါပေမယ့် မေတို့ရဲ့ ခင်လပြည့် မဟုတ်ဘဲ တခြား ခင်လပြည့် ဖြစ်နေခဲ့ရင်ရော”

“အဲဒီလောက်ထိတော့ ကိုယ်တို့သားအဖ မညံ့သေးပါဘူး မေ ... ဘာမှမဟုတ်တဲ့ သူတစ်ယောက်ကိုတော့ ဒီအတိုင်း ယုံလွယ်ပြီး လက်မခံပါဘူး”

မေက အဲဒီလောက်ထိ ပြောတော့လည်း သူ လက်မခံနိုင်ပြန်ပါ။ အိမ်မှာရှိနေတဲ့ ညီမလေးဟာ အတုအယောင်အလိမ်အညာ မဟုတ်ဘူးဆိုတာကို သူအလိုလို သိနေရသည်။ ညီမလေးရဲ့ မျက်ဝန်းတွေထဲမှာ ရိုးသားရှင်သန့်မှုတွေကို သူတွေ့ပါသည်။ အတုအယောင်လို့ သူ ဘယ်လိုမှ မထင်ရက်၊ မထင်နိုင်။

သူ့လေသံ မာသွားသောကြောင့် မေ နှုတ်ခမ်းစူသွားရကာ ...

တော်ပြီ ... မေ ဘာမှမပြောတော့ဘူး၊ ကိုကိုထွဋ်နဲ့ ကိုကိုကျော်က အတူတူပဲ၊ လပြည့်ရောက်လာပြီးမှ လပြည့်အတွက်ပဲ အလုပ်ရှုပ်နေကြတယ်၊ မေက ဘေးလူသက်သက်ကို ဖြစ်နေရတယ်၊ အခုလည်း မေက သံယောဇဉ်တွေ၊ အချစ်တွေ ပိတ်ဖုံးနေပြီး ကိုကိုထွဋ်တို့နှစ်ယောက် အမှန်ကို မမြင်နိုင်မှာစိုးလို့ ပြောနေရတာ၊ မေပြောတာ အရာမရောက်ဘူးဆိုရင် ဒီကိစ္စမှာ မေ ဘယ်တော့မှ ဝင်မပါတော့ဘူး"

မေက ပြောပြောဆိုဆိုနှင့် ဆတ်ခနဲ ထ,ရပ်ပြီး အပေါ်





ထပ်ကို တက်သွားပါသည်။ မေ့ကို သူ ဘာမှမပြောနိုင်ခဲ့။ အန်တီလုက မေပြောသွားခဲ့သမျှကို ထောက်ခံသည့်နှယ် ဘာဝေဖန်စကားကိုမှ မဆိုခဲ့တော့။ ဆက်ထိုင်နေရကောင်းနိုး၊ ထ,ပြန်သွားရကောင်းနိုးနှင့် သူ ဝေခွဲမရဖြစ်နေခဲ့စဉ်မှာ အပြင်သွားနေခဲ့သော ဖိုးကျော် ပြန်ရောက်လာခဲ့သည်။

အဲဒီ နေ့က ဖိုးကျော်နဲ့ နှစ်ယောက်သား လပြည့်အကြောင်းကို အချိန်တော်တော်ကြာ ပြောဖြစ်ခဲ့ကြပါသည်။

♥ ♥ ♥

ဆိုင်ထဲကို လပြည့် လှမ်းဝင်လာကတည်းက ပိတောက်က တွေ့ပါသည်။ လှမ်းခေါ်ပြီး နှုတ်ဆက်ဖို့ စိတ်ကူးလိုက်ပေမယ့် ရုတ်တရက် စိတ်ကူးပြောင်းသွားရကာ ပိတောက်က စာရေးကိရိယာ ကောင်တာဘက်မှာ ဝင်ကွယ်နေလိုက်ပါသည်။ လပြည့်က အပြင်ထွက်ခဲ့သည်။ ခုနတုန်းက ပိတောက်နဲ့ ဖုန်းပြောတုန်းကတောင် ခေါင်းနည်းနည်းကိုက်နေလို့ အိပ်

နေတယ်လို့ ပြောခဲ့သေးတာ။ အခု လပြည့် ပုံစံကြည့်တော့လည်း လန်းလန်းဆန်းဆန်းပင်။

နဂိုကတည်းက လပြည့်အကြောင်းတွေကို လိုက်စိတ်ဝင်စားကာ စပ်စုနေသူမို့ ပိတောက်က ဒီနေ့တော့ ပိတောက်ရဲ့အချိန်တွေအားလုံး လပြည့်ကို စပ်စုခြင်းနဲ့ပဲ ကုန်ဆုံးစေလိုက်ပါသည်။ ဟိုလူနဲ့ကွယ်၊ ဒီလူနဲ့ကွယ်ရင်း လပြည့်နောက်က ပိတောက် ပါလာရသည်။ လပြည့် သွားနေတာက အလှကုန်ပစ္စည်းတွေ ရောင်းတဲ့ ကောင်တာတွေနား။ လပြည့်မျက်နှာပေါ်မှာ မိတ်ကပ်တင်တာ ပိတောက် တစ်ခါမှ မတွေ့ဖူးသေးပါ။

နာမည်ကြီး အလှကုန် အရောင်းကောင်တာတစ်ခုရှေ့မှာ လပြည့်က ရပ်လိုက်ပါသည်၊ သူ့အာရုံနဲ့သူမို့ ပိတောက်ကို သတိထားမိပုံ မပေါ်။ ပိတောက်က ခေါင်းလျှော်ရည်တွေ၊ ဘော်ဒီစပရေးတွေ ထင်ထားသည့် ကောင်တာနားတွင် မယောင်မလည် ရပ်နေလိုက်သည်။

အခုတလော အရမ်းခေတ်စားနေတဲ့ အသားအရေ





ပြုပြင် ထိန်းသိမ်းသည့် skin care set တစ်ခုကို ဝယ်ဖို့ မေးမြန်းနေတာပါ။ လပြည့်အသံက သိပ်ကို တိုးညင်းလွန်းသည့် အသံအမျိုးအစားထဲ မပါတာမို့ ပိတောက် ကံကောင်းသွားပါသည်။ အရောင်းတာဝန်ခံ ကောင်မလေးက လပြည့်အသားအရေကိုကြည့်ပြီး skin care တောင် သုံးဖို့မလိုပါဘူး၊ မိတ်ကပ်ရည် ကောင်းကောင်းပဲ သုံးပါဆိုပြီး အတင်းပဲ မိတ်ကပ်ရည်တွေကိုသာ ညွှန်းနေလေသည်။

"အစ်မရဲ့ skin complexion က အရမ်းကောင်းတာပဲ၊ skin care သုံးဖို့တောင် မလိုပါဘူး အစ်မရဲ့၊ make up တစ်ခုခုသာ သုံးပါ။ အခု 3 in 1 stick တွေ အသစ်ရောက်တာ ကောင်းတယ် အစ်မ"

"ဟိုလေ ... ကျွန်တော် သုံးမှာ မဟုတ်ဘူး၊ သူငယ်ချင်းတစ်ယောက်အတွက်ပါ၊ သူလုပ်မှာလိုက်လို့ပါ၊ မျက်နှာမှာ မှဲ့ခြောက်နည်းနည်း ရှိလာလို့တဲ့၊ အဲဒါ brang (တံဆိပ်) က skin care တွေထဲက သင့်တော်တဲ့ တစ်ခုခု ပို့ပေးပါဆိုလို့ ... "

ဩော် ... ဟုတ်ကဲ့၊ သူက ဘယ်လို အသားအရေမျိုး လည်း အစ်မ"

"ကျွန်တော့်လို အသားအရေမျိုးပါပဲ၊ ဒါပေမယ့် သူ့ skin က အရမ်း sensitive(တုန့်ပြန်မှုမြန်ဆန်သော) ဖြစ်တယ်၊ တော်ရုံမိတ်ကပ်တွေနဲ့ မတည့်တတ်ဘူး၊ အခုတောင်မှ သူက နေလောင်ခံတယ်ဆိုတဲ့ ကရင်(မ်) တစ်ခုကို လိမ်းပြီး နေပူထဲ ထွက်တာပဲ၊ ဘာမတည့်လို့လည်းတော့ မသိဘူး၊ မှဲ့ခြောက်လေးတွေ ထွက်လာလို့တဲ့"

ဒါဆို တစ်ယောက်ယောက် အတွက်ပေါ့။

မန္တလေးတက္ကသိုလ်မှာပဲ ကျောင်းပြီးခဲ့သော ပိတောက် ရဲ့ သူငယ်ချင်းတစ်ယောက် ရှိပါသည်။ လပြည့်နဲ့ မေဂျာတူ တော့ မဟုတ်။ သိပ္ပံတွဲမေဂျာတစ်ခုမှ ဖြစ်ပါသည်။ အင်မတန် ဖွန့်ကြောင်လှသော ယောကျ်ားလေး သူငယ်ချင်းမို့ ချောချော လှလှ မိန်းကလေးတွေအကြောင်း စုံစမ်းခိုင်းရတာ သိပ်တော့ မခက်ခဲလှ။

သို့ပေမယ့် ထိုသူငယ်ချင်းရဲ့ သတင်း အချက်အလက် က မရေရာလှ။





"ခင်လပြည့်တော့ မသိဘူး ... အမြွှာညီအစ်မလား ဘာ လား မသိတဲ့ ပြည့်နှစ်ပြည့်တော့ ရှိခဲ့တယ်တဲ့ ... အရမ်း နာမည်ကြီးတာတော့ မဟုတ်ပါဘူး၊ လူသိတော့များတယ်တဲ့၊ မေလပြည့်ဆိုလား၊ ခင်လပြည့်ဆိုလား ပြောတာပဲ၊ ကျောင်း တက်နေတုန်းဆိုရင်တော့ စုံစမ်းရတာ လွယ်တယ် ပိတောက် ရဲ့၊ ကျောင်းပြီးသွားပြီဆိုတော့ စုံစမ်းလို့ သိပ်မလွယ်တော့ ဘူး ..."

လပြည့်နှစ်ယောက်များ ရှိနေခဲ့တာလား။ လပြည့် နှစ်ယောက် ရှိ မရှိတော့ မသိပါ။ လောလောဆယ်တော့ တခြား မိန်းကလေးတစ်ယောက်အတွက် skin care set တစ်ခုကို ဝယ်နေတာဖြစ်သည်။ skin care set တစ်ခုလုံးရဲ့ တန်ဖိုး ဟာ လေးသောင်းနီးပါးကို ရှိတာ။ ပိတောက်နဲ့အတူ ဗိုလ်ချုပ် ဈေးသွားတုန်းက လပြည့် ဘာမှ မသုံးစွဲ မဝယ်ခြမ်းခဲ့ တာကို သတိရသည်။ အခု ပိုက်ဆံ လေးသောင်းကိုတော့ လပြည့်က အကုန်ခံနိုင်တယ်ပေါ့။

ပိတောက် တွေးထင်ထားတာ နည်းနည်းတော့ နီးစပ်

လာပါသည်။ လပြည့်ဟာ သူ့ကိုယ်သူ မပိုင်တဲ့ ဘဝအခြေအနေ ဖြစ်နေတာ။ တစ်စုံတစ်ယောက်က လပြည့်ကို ချုပ်ကိုင်ထားတဲ့ အခြေအနေမျိုး။ အခုလည်း အဲဒီ တစ်စုံတစ်ယောက်အတွက် ဝယ်နေတာပဲ ဖြစ်ပါလိမ့်မည်။ စုံစမ်းပြီး သိထားရသမျှကလည်း ခင်လပြည့် နှစ်ယောက်လား၊ ညီအစ်မလား ရှိနေပါသည်။

skin care set ကို ဝယ်ပြီးသွားတော့ အပေါ်ထပ်အခန်းကို ပြန်လည်မတက်ဘဲ လပြည့်က လမ်းပေါ်မှ taxi တစ်စီးကို တားသည်။ ပီတောက်မှာလည်း စုံထောက်ကြီးတစ်ယောက်လို သည်းထိတ်ရင်ဖိုနှင့် taxi တစ်စီးကို ငှားကာ လပြည့်နောက်က ပါလာရပါသည်။ ကိုယ့်လုပ်ရပ်တွေဟာ အဓိပ္ပာယ် ရှိ မရှိတော့ ပီတောက်မသိ။ စိတ်လှုပ်ရှားပြီး ပျော်စရာတော့ ကောင်းလှပါသည်။

ရန်ကုန်စာတိုက်ကြီးမှာ လပြည့် ငှားသွားသည့် taxi က ရပ်သည်။ ဝယ်ပြီးသွားတဲ့ ပစ္စည်းကို ချက်ချင်းပဲ ပို့တော့မည် ထင်ပါရဲ့။





ကံကောင်းထောက်မစွာ ပီတောက် အထင်တွေ မှန်နေပါသည်။ ပစ္စည်းကို စာတိုက်ကြီးမှာတင် ပါကင်ထုပ်ကာ အမြန်ချောပို့နဲ့ပို့သည်။ လပြည့် အမြန်ချောပို့ကောင်တာကခွာမှ ပီတောက် ထိုကောင်တာနားကို မျက်နှာချိုသွေးကာ ရောက်ရပါသည်။ ကောင်တာက စာရေးမက မျက်နှာထားခပ် တင်းတင်း။ သေရေးရှင်ရေးတမျှ အရေးကြီးလို့ပါဘာညာ ပြောတော့မှ မကြည်မလင်မျက်နှာနှင့် လပြည့် ပို့သွားသော ဖြတ်ပိုင်းကို ပြသည်။

ပို့သူအမည်ကမေပြည့်ဝေ။

လက်ခံမယ့်သူက ခင်လပြည့်။

မေပြည့်ဝေရဲ့ လိပ်စာကတော့ အခုလက်ရှိ ရန်ကုန်လိပ်စာပါ။ လက်ခံမယ့် ခင်လပြည့်ရဲ့လိပ်စာကတော့ မန္တလေးက အမျိုးသမီးဆောင် တစ်ခုအမည်နဲ့ လိပ်စာ။ ထိုလိပ်စာကိုအလွတ်မှတ်ပြီးတော့မှ စာရေးမ မျက်နှာကို ထပ်မကြည့်တော့ဘဲ ပီတောက် ဝမ်းသာအားရ ပြန်ခဲ့တော့သည်။

မေပြည့်ဝေ ... တဲ့။

နာမည်လေးက နွေးနွေးထွေးထွေး ပြည့်ပြည့်ဝဝ ရှိလှပါသည်။ ဒါဆိုရင် အခုရှိနေတဲ့ တစ်ယောက်ဟာ မေပြည့်ဝေပေါ့။ ခင်လပြည့်ကရော...။ ဘာဖြစ်လို့ ခင်လပြည့်က ရောက်မလာရသလဲ။ မေပြည့်ဝေဟာ ခင်လပြည့်ရမယ့် စည်းစိမ်ဥစ္စာတွေကို မက်မောပြီး ရောက်လာခဲ့တာလား။ အဲဒါလည်း သိပ်တော့ မဖြစ်နိုင်ပါ။ သူတို့နှစ်ယောက်ဟာ အဆက်အသွယ်ရှိနေကြတဲ့ ဥစ္စာ။ ခင်လပြည့်ကိုယ်တိုင်က မေပြည့်ဝေကို လူစားထိုး လွှတ်လိုက်ပုံ ရပါသည်။ ဒီကို မလာနိုင်စရာ ခင်လပြည့်မှာ ဘာကိစ္စတွေများ ရှိနေလို့ပါလိမ့်။

တွေးရင်းနှင့် ပိတောက် ခေါင်းမူးလာရပါသည်။

အိမ်ကိုရောက်တာနဲ့ ဖုန်းဆက်ကြည့်တော့ ခင်လပြည့်လား... မေပြည့်ဝေလား မသိတဲ့ သူမက အိမ်ပြန်ရောက်နေပြီ။ အခုမှ ခေါင်းမူးလို့ အိပ်ရာက ထ,လာတာပါတဲ့။ ပိတောက်က တမင်သက်သက် အရစ်ရှည်ကာ လေပေါ်နေပြန်တော့လည်း သူမက စိတ်ရှည်လက်ရှည် နားထောင်ပေးရှာပါသည်။ ခင်လပြည့်ဖြစ်ဖြစ်... မေပြည့်ဝေဖြစ်ဖြစ် ခင်ဖို့တော့





အကောင်းသား။ ရန်ကုန်သူတွေလို ဟိတ်ကြီးဟန်ကြီးနဲ့ စကားလုံး ကြီးကြီး မသုံးနှုန်းတတ်တာကိုက တစ်မျိုးပေါင်းလို့ကောင်းလေသည်။

ပိတောက်သည် ဖုန်းပြောနေရင်းနှင့် ကိုယ်သိနေပြီဆိုတာ ဖွင့်ပြောလိုက်ချင်စိတ်ကို မနည်း ထိန်းချုပ်ထားရပါသည်။ အဲဒီလိုဆိုရင်တော့ အခြေအနေတွေက ဘယ်လိုဖြစ်သွားမယ် မသိပါ။ ဒါပေမယ့် ပိတောက်က ခားခုတ်ရာမှာတော့ လက်ဝင်မလျှိုချင်။ သူများ မိသားစု အရေးကိစ္စကို ဝင်မပါချင်ပေ။ ပြီးတော့ ကိုယ်ကလည်း ကိုကိုသူရိန့်ကို စိတ်ဝင်စားနေသည်လေ။ သိပ်စပ်စုလွန်းတယ်လို့ ထင်သွားရင် မကောင်း။

သေချာတဲ့ အကြောင်းအရာတစ်ခုခု ရှိတယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကိုလည်း ပိတောက် သိချင်လှပါသည်။

♥ ♥ ♥

Lift တံခါးပိတ်ခါနီးမှ အလုအယက် အပြေးအလွှား ဝင်လာကြသော ပြည့်တို့နဲ့ မတိမ်းမယိမ်းအရွယ် ကောင်လေး သုံးလေးယောက်ကြောင့် ပြည့်မှာ ကိုယ်လေးကျုံ့သွားရသည်။ မှူးလာတာလား၊ ဘီယာဆိုင်က ထ,လာကြတာလားတော့ မသိ။ အနံ့အသက်ကတော့ နည်းနည်းရပါသည်။ နေရာလွတ် အကျယ်ကြီး ရှိရက်နဲ့ ပြည့်အနားကို နီးနီးကပ်ကပ် ရောက်လာတာမို့ ပြည့်မှာ Lift နံရံနဲ့ ထိကပ်မိသည်အထိ အနောက်ကို ဆုတ်ထားလိုက်ရသည်။

စိတ်ညစ်ပါရဲ့။

ညကြီးမိုးချုပ်မှ အောက်ကိုဆင်းမိသော ကိုယ့်ကိုကိုယ်ပဲ စိတ်တိုမိပါသည်။ Lift ထဲမှာ အဲဒီကောင်လေး သုံးယောက်နဲ့ ပြည့်တစ်ယောက်တည်းတော့ မဟုတ်။ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် တစ်ခန်းခန်းက အဖော်ကောင်မလေး ဖြစ်ဟန်တူသော ဆယ့်သုံးလေးနှစ်အရွယ် ကောင်မလေးတစ်ယောက်လည်း ပါပါသည်။ ဒါပေမယ့် ပြည့်က အယ်ကိုဟော အနံ့ရတာနဲ့ ချက်ချင်းကို ထွက်ပြေးချင်နေပြီ။





မျက်နှာကိုလည်း အစွမ်းကုန် တည်တားလိုက်ရသည်။ Lift က စ,ထွက်လိုက်တာ ငြိမ့်ခနဲ၊ B (Base - မြေအောက်ထပ်) ကနေ G (Ground - မြေညီထပ်) ကို မရောက်တရောက်မှာ ငြိမ့်ခနဲ ပြန်ရပ်သွားပါတော့သည်။ သွားပြီ။ မီးပျက်သွားပြီ။ Lift တစ်ခုလုံး မှောင်မဲသွားရကာ ဘာကိုမှ မမြင်နိုင်တော့။

Lift ထဲမှာ ရှိနေတုန်းက မီးပျက်သွားတာကို ဒီလို ရောက်ပြီးမှ ပြည့် နှစ်ခါကြုံဖူးပါသည်။ ပထမအကြိမ်တုန်းကတော့ ပြည့်နဲ့အတူ သူလည်းပါသည်။ ကြည့်ဖူးတဲ့ အမေရိကန် အက်ရှင်ကားတွေထဲမှာလို Lift ထဲ ပိတ်မိပြီး လူဆိုးတွေနဲ့ တွေ့ရတဲ့ ဇာတ်လမ်းမျိုးကို သတိရသွားရတာမို့ ပြည့်က သူ့အနားကို တိုးကပ်နေခဲ့မိသည်။ သူက ပြည့် ကြောက်နေတာကို သိနေပုံနှင့် ပြည့် လက်ဖဝါးကို အားပေးသလို ခပ်တင်းတင်း ဆုပ်ကိုင်ပေးခဲ့ရင်း ...

"မကြောက်နဲ့နော် ညီမလေး ... ခဏလေးပဲ၊ မီးစက်နှိုးတာနဲ့ မီးပြန်ရလိမ့်မယ်၊ သုံးမိနစ်လောက်ပါပဲ၊ မကြာဘူး"

ဘေးမှာ သူရဲကောင်းတစ်ယောက် ရောက်လာခဲ့သလို မျိုးကို ပြည့် ရင်ထဲမှာ အလိုလို အားအင်တွေ ပြည့်ဝသွားခဲ့ရတာ။ အခုတော့ ဘေးမှာ သူလည်း ရှိမနေ။ အယ့်ကိုပေါ အနံ့တွေကသာ လွှမ်းခြုံလို့။ လက်နှစ်ဖက်ကို ခပ်တင်းတင်း ပိုက်ထားလိုက်ကာ ပြည့်က သမ္မုဒ္ဒေကို စိတ်ထဲက ရွတ်နေမိသည်။ မီးရယ် အမြန်ပြန်လင်းပါတော့ ... ။

စတုရန်းပုံနေရာကျဉ်းလေးထဲမှာ မှောင်မှောင်မဲမဲ စိတ်ကျဉ်းကျပ်လှစွာနဲ့ သုံးမိနစ်လောက်ကြာသည့် အချိန်ကို စောင့်စားရလေသည်။ ပြည့်ဘေးမှာ သူတစ်သက်လုံး ရှိနေနိုင်တာ မဟုတ်ဘဲ။ မနက်ဖြန်မှာ သူနဲ့ ခွဲခွာရင်လည်း ခွဲခွာရမှာ။ ဒါမှမဟုတ် သန်ဘက်ခါလည်း ဖြစ်နိုင်ပါသည်။ ပြည့်က ဧည့်သည်တစ်ယောက်ပဲ မဟုတ်ပါလား။ ကိုယ်နဲ့ ဘာတစ်ခုမှ မဆိုင်တဲ့ အရာမှန်သမျှကို ဆိုင်သယောင် ဟန်ဆောင်နေရတဲ့ သူ ... ။

မီးပြန်လာတာနဲ့ Lift က ဆက်တက်လာပါသည်။ ကောင်မလေးက ဒုတိယထပ်မှာ ဆင်းတာ။ အယ်ကိုပေါ





မောင်တွေက စတုတ္ထထပ်မှာ ဆင်းတာ။ ပြည့်တို့ အထပ်ရောက်တော့ Lift ထဲမှာ ပြည့် တစ်ယောက်သာ ရှိတော့သည်။

Lift တံခါး ပွင့်သွားတာနဲ့ သူက တံခါးဝမှာ မားမားမတ်မတ် ရပ်လျက် ...

"ညီမလေး ... မီးပျက်သွားတာနဲ့ ကြောက်နေတော့မှာပဲလို့ ..."

အခုမှ ပြည့်ဒူးတွေ ယိုင်နဲ့ကုန်ကြပါသည်။ သူဟာ သူ့ညီမလေးကို သိပ်ချစ် သိပ်ဂရုစိုက်တာပဲ။ သူ့လို အစ်ကိုမျိုးရတာ လပြည့် သိပ်ကို ကံကောင်းလွန်းပါသည်။

ပြည့် ရင်ထဲတွင် ဆို့နင့်နင့်ကြီး ဖြစ်လာရကာ မျက်ရည်ဝဲလာရသည်။ သူက ပြည့် လန့်လာတယ်ထင်ပြီး စိုးရိမ်သွားရကာ ...

"ညီမလေး အရမ်းလန့်နေတာလား၊ ဘာဖြစ်လာလို့လဲ၊ Lift ထဲမှာ ညီမလေးတစ်ယောက်တည်းလား"

ပြောပြောဆိုဆို ပြည့် ပခုံးကို နှစ်သိမ့်သလို သိုင်းဖက်

လိုက်ပြန်ပါသည်။ မဖြစ်တော့ပါဘူး။ ဒီမှာ ပြည့်ဆက်နေဖို့ ဘယ်လိုမှ မဖြစ်တော့ဘူး။ နှစ်လဆိုတဲ့ အတိုင်းအတာ တစ်ခုဟာ လူတစ်ယောက်ကို နက်နက်ရှိုင်းရှိုင်း သံယောဇဉ် တွယ်သွားဖို့ လုံလောက်တဲ့ အချိန် ဟုတ်မဟုတ်တော့ ပြည့် မသိပါ။ ဒီကာလအတွင်းမှာ သံယောဇဉ်တွေက ပြည့်ကို ခိုင်သည်ထက် ခိုင်မာအောင် ရစ်ပတ်ထားကြပြီးပြီ။

လပြည့် ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုဘူး ဖြစ်စေ မန္တလေးကို ပြည့် ပြန်မှဖြစ်ပါတော့မည်။ အကြောင်းစုံကို ဖွင့်ပြောပြီးပဲ ဖြစ်ဖြစ်၊ ဒီအတိုင်း တိတ်တဆိတ်ပဲ ဖြစ်ဖြစ်ပေါ့။

သူ့ကိုပဲ ပြည့် ဖွင့်ပြောလိုက်ရင် ကောင်းမလား။

ဟင့်အင်း ... မဖြစ်သေးပါဘူးလေ။ အခုချက်ချင်း ဖွင့်ပြောလို့တော့ မဖြစ်သေးပါဘူး။

"ညီမလေး ... ဘာဖြစ်နေတာလဲ၊ တစ်ခုခု ဖြစ်လာတာတော့ မဟုတ်ပါဘူးနော်၊ ဘယ်သူနဲ့ တွေ့လာလို့လဲ ..."

"ဘယ်သူနဲ့မှ မတွေ့ပါဘူး ကိုကို၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး"





ပိတောက်တို့ အခန်းရှေ့က အဖြတ်မှာ ပိတောက်နှင့် ဆုံပါသည်။

"ဒီမောင်နှမနှစ်ယောက် ညကြီးမိုးချုပ် ဘယ်ကပြန်လာကြတာလဲ"

"ညီမလေးလေ ... အောက်မှာ လက်ဖက်ဆင်းဝယ်တာ၊ မီးပျက်သွားလို့ သွားစောင့်ပြီး ကြိုလာတာ"

"ပိတောက်တောင်မှ အားကျလာပြီ၊ ကိုကိုသူရိန့်လို အစ်ကိုမျိုးရရင် သိပ်ကောင်းမှာပဲ၊ လပြည့်ဆီကနေ အစ်ကိုခဏငှားမှထင်တယ်"

ပိတောက်စကားက အနှောင့်အသွားမလွတ်။ မျက်နှာထားကတော့ ခပ်ပြုံးပြုံးပါပဲ။ ပိတောက် ဘာတွေများ သိထားလို့ပါလိမ့်။ ဘာမှတော့ မသိနိုင်ပါဘူးလေ။ ပြည့်ကိုယ်တိုင်ကိုက စိတ်မလုံတော့တာပါ။ ဘယ်လိုမှ ရက်ရှည်ကြာသည်အထိ ပြည့် ဟန်ဆောင်နိုင်တော့မည် မဟုတ်။

သူကတော့ ခပ်ပြုံးပြုံးနှင့် ...

"ကိုယ့်လို အစ်ကိုမျိုး လိုချင်တယ်ဆိုရင် လပြည့်လို ညီမအလိမ္မာလေးမျိုး ဖြစ်အောင် ကြိုးစားပေါ့ ပိတောက်ရဲ့၊ ပိတောက် လိမ္မာမယ်ဆိုရင် ပိတောက်ကို ကိုယ့်ညီမလေး အဖြစ် မွေးစားမယ်လေ"

"ဒါဆိုရင်တော့ ကိုကိုသူရိန့်မှာ ညီမအစစ်တွေရော ... ညီမ အတုတွေရော များနေတော့မှာပဲ"

ပြည့်က ပိတောက်မျက်ဝန်းတွေကို ရင်ဆိုင်ပြီး ကြည့်လိုက်ပါသည်။ ဘယ်လိုသဘောမျိုးနဲ့ ပြောတာလဲ။ တစ်ခုခုကို အရိပ်အမြွက်လောက်တော့ ပိတောက် သိထားပုံ ရပါသည်။ ကိုယ့်ကို တရားခံတစ်ယောက်လိုမျိုး ဘေးလူက စွပ်စွဲပြောဆိုပြီးမှ ပြဿနာတွေတက်ပြီး အဖြစ်အမှန်တွေ ပေါ်ရတာမျိုးကို ပြည့်မဖြစ်ချင်ပါ။ လပြည့်ရဲ့ ကလေးဆိုးတစ်ယောက်လို ဆန္ဒကို ပြည့်ကလည်း ကူညီဖြည့်ဆည်းပေးခဲ့တာကလွဲရင် အပြစ်ကြီးကြီးမားမားကို ကျူးလွန်ခဲ့တာလည်း မဟုတ်။

ပြည့်ဆုံးဖြတ်ချက် တစ်ခုကိုတော့ ခိုင်ခိုင်မာမာ ချရ





တော့မည်။ ပြည့်ရဲ့ လုပ်ရပ်တွေကို သူမုန်းသွားခဲ့ရင်တောင် အဖြစ်မှန်တွေအားလုံးကို ပြည့် ဖွင့်ပြောမှ ဖြစ်တော့မယ် ထင်ပါရဲ့။

♥ ♥ ♥

၇။

ပြည့် အခန်းတံခါးကို ခပ်ဖွဖွ ဆာထုပြီး သူနိုးတော့ ပြည့် အိပ်ပျော်သွားခါစ ရှိပါသေးသည်။ တစ်ညလုံးနီးပါး စာထိုင်ရေးနေဖြစ်ခဲ့တာ။ သူနဲ့ ဖေဖေ့ကို မျက်နှာချင်းဆိုင်ပြီး ဖွင့်ပြောပြနိုင်သည့် စွမ်းအားတွေတော့ ပြည့်မှာ မရှိသေးပါ။ ပြည့် ဒီအိမ်က ထွက်သွားခဲ့ပြီးချိန်မှသာ အကြောင်းစုံကို စာတစ်စောင်နဲ့ သိစေချင်သည်။

အရင်တစ်ခါ မှောင်မှောင်မည်းမည်းထဲမှာ ဖန်ကွဲစ နင်းမိပြီးကတည်းက ညအိပ်ရင် အခန်းမီးကို ခပ်မှိန်မှိန် တော့ ထွန်းထားဖြစ်ခဲ့ပါသည်။ ခုတင်ဘေး စားပွဲပေါ်က

စားပွဲတင် နာရီကို ကြည့်တော့ ည နှစ်နာရီခွဲ။ ဘာအရေးကြီးလို့ပါလိမ့်။

အိပ်ရာထဲမှ လူးလဲထ,ကာ အခန်းတံခါးကို ပြေးဖွင့်ရသည်။

"ဖေဖေ ရှော့(ခ်) ရသွားလို့ ညီမလေး ... ဆေးရုံပို့ရမယ် ... ညီမလေးပါ လိုက်ခဲ့ ... "

"ဟုတ်ကဲ့ ကိုကို ... "

ပြည့်မှာ ညဝတ်အင်္ကျီကိုပင် မလဲနိုင်။ ညဝတ် အင်္ကျီဆိုပြီး ဖြစ်သလို မဝတ်တတ်လို့သာ တော်ပါသေးသည်။ ညကြီးမင်းကြီး ဆေးရုံကို ထ,ပြေးရတာ ဒါနဲ့ပါဆို နှစ်ကြိမ်ရှိသွားပြီ။

ဖေဖေ့အနားကို ပြည့်ရောက်သွားတော့ ဖေဖေက ဘယ်ဘက် ရင်အုံကို ဖိလျက် အသက်ကို ပင်ပန်းခဲယဉ်းစွာ ရှူနေရလေသည်။ ဖေဖေ့မှာ နှလုံးရောဂါ ရှိနေခဲ့တာတဲ့လား။ အသက်ခြောက်ဆယ် နည်းနည်းစွန်းနေပြီဖြစ်ပေမယ့် ဖေဖေက လူငယ်တစ်ယောက်လို သွက်လက်ဖျတ်လတ်နေဆဲ။ ကိုယ့်





အဖေရင်းချာလို သံယောဇဉ် တွယ်နေရပြီမို့ ပြည့်ရင်ထဲမှာ ပူလောင်စိုးရိမ်သွားရသည်။ ဖေဖေ ဘာမှ မဖြစ်ပါစေနဲ့။

ဖေဖေ့လက်ဖဝါး တစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင်း ရသမျှတွေကို နှုတ်မှတတွတ်တွတ် ရွတ်နေမိသည်။ သူက ဖေဖေ့ကို ပွေ့ချီကာ ပြည့်မှာ သူ့ဘေးကနေ မျက်နှာငယ်လေးနှင့် ပါလာရသည်။ ဒီတစ်ခါတော့ သူက Security ကို လှမ်းပြောထားတာမို့ Lift မှာ security guard (လုံခြုံရေးအစောင့်) ကောင်လေးနှစ်ယောက် လာစောင့်နေပေးပါသည်။ ဖေဖေ့ကို ထိုကောင်လေးနှစ်ယောက်ကပါ ဝိုင်းကူ ချီမ,ပေးတာကြောင့် အဆင်ပြေသွား၏။

"ကျွန်တော်တို့ထဲက တစ်ယောက် လိုက်ခဲ့ပေးမယ်နော် အစ်ကို၊ ဆေးရုံရောက်ရင်လည်း အဆင်ပြေအောင်လို့"

"ကျေးဇူးပဲကွာ ... ကိုယ်တို့ကလည်း မောင်နှမ နှစ်ယောက်တည်းဆိုတော့ မနိုင်မနင်း ဖြစ်နေတယ်"

လုံခြုံရေးအစောင့် ကောင်လေး တစ်ယောက်က ဆေးရုံအထိ လိုက်ခဲ့ပေးရှာပါသည်။ ဖေဖေကတော့ လုံးဝ သတိလစ်

တာမျိုး မဟုတ်တာကြောင့် နည်းနည်းတော့ တော်ပါသေးသည်။ တစ်လမ်းလုံး ပြည့် လက်ဖဝါးလေးကိုပဲ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လာကာ ဝင်လေ ထွက်လေကို မှတ်ရှုလာလေသည်။ ဖေဖေ့မျက်နှာ ဖြူရော်ရော်ကို အနီးကပ် တွေ့နေရလေ- ပြည့်သည် ပိုပြီး စိုးရိမ်လာကာ ငိုချင်လာလေ။ ဖေဖေ အားငယ်မှာစိုးတာကြောင့် သာမန် တင်းထားရတာ။

"ဖေဖေ စိတ်အေးအေးထားနော် ... ကျွန်တော်ရော ကိုကိုပါ ဖေဖေ့အနားမှာ ရှိပါတယ် ... ဆေးရုံလည်း ရောက်တော့မှာပါ ဖေဖေ"

သိတယ်ဆိုသည့် သဘောနှင့် ဖေဖေက ခေါင်းညိတ်ပြပါသည်။

ဆေးရုံကိုရောက်ပြီး ဖေဖေ့ကို အရေးပေါ်အခန်းထဲ သွင်းသွားတော့မှ ပြည့်သည် တင်းထားသမျှ စိတ်တို့ကို ဖြေလျှော့နိုင်တော့သည်။

"စိတ်မပူပါနဲ့ ... ဘာမှမဖြစ်လောက်ပါဘူး ညီမလေးရယ်၊ ကိုယ်တို့ ဆေးရုံကို အချိန်မီရောက်တာပဲ ... မငိုနဲ့တော့ ညီမလေး ..."





သူက ပြည့်ပါးပြင်ပေါ်က မျက်ရည်စများကို သူ့လက်ခုံဖြင့် ခပ်ဖွဖွ တို့သုတ်ပေးလေသည်။ ခါတိုင်းလို ပြည့် ရင်မခုန်နိုင်တော့။ သူစိမ်းဆန်သော ခံစားမှုတွေနှင့် မရှက်ရွံ့နိုင်တော့။ ပြည့်ဟာ တကယ့် ခင်လပြည့် ဖြစ်သွားသလိုပါပဲ။ ကိုယ့် အဖေအတွက် ပူပန်နေတဲ့ သမီးတစ်ယောက်။ အစ်ကိုတစ်ယောက်ရဲ့ ဖေးမ နှစ်သိမ့်မှုကို ခံယူနေရတဲ့ ညီမငယ်တစ်ယောက်။

အရေးပေါ်ခန်း ရှေ့က ခုံတန်းလျားရှည်မှာ သူ့ပခုံးထက်မှာ ခပ်လျှော့လျှော့မှီကာ ထိုင်ရင်း တာဝန်ရှိ ဆရာဝန်၊ ဆရာမ တစ်ယောက်ယောက် ထွက်အလာကို နှစ်ယောက်သား စောင့်နေရသည်။ နှစ်ယောက်စလုံး ငြိမ်သက်နေကြမို့ အသက်ရှူသံတွေကို ပြန်ကြားနေရပါသည်။ ဒီအချိန်မှာ ပြည့် ပြောလိုက်ရင် ကောင်းမလား။ ပြည့်ရဲ့ ဟန်ဆောင်နေရတဲ့ ဘဝကို ပြောလိုက်ရင် သူ ဘယ်လို တုံ့ပြန်မှာတဲ့လဲ။

အခုချိန်မှာတော့ မဖြစ်သေးပါဘူးလေ။

အရေးပေါ် အခန်းတံခါးဖွင့်ကာ ဆရာမ တစ်ယောက်

ထွက်လာပါသည်။ ပြည့်တို့နှစ်ယောက်စလုံး ထ,ရပ်လိုက်မိသည်။

"စိုးရိမ်စရာတော့ မရှိတော့ပါဘူး ... ပေးရှင့်က ဟာ့(ထ်)လည်း ရှိနေတယ်နော် ... အပင်ပန်းလည်း ခံတယ် ထင်တယ် ... အခုက first attack ပေါ့၊ သွေးအားကလည်း အရမ်းနည်းနေတယ်၊ သွေးသွင်းရင်တော့ ပိုပြီးကောင်းတာပေါ့၊ လူနာက (A) သွေးနော်၊ ရှင်တို့က ပေးရှင့်ရဲ့ မိသားစုလား"

"သားနဲ့ သမီးပါ ဆရာမ ... သွေးလိုလို့လား ဆရာမ၊ ကျွန်တော့်သွေးကတော့ (B)ဆိုတော့ မရဘူးဆရာမ၊ ညီမလေးကတော့ (A)သွေးဆိုတော့ လှူလို့ရပါမယ်"

(A)သွေးတဲ့။ ပြည့်ရဲ့သွေးက (A)သွေးမဟုတ်ပါ။ (AB)သွေး ဖြစ်ပါသည်။ လပြည့်ကမှ (A)သွေး။ ဘယ်လှူလို့ ဖြစ်ပါ့မလဲ။ ပြည့် ဘယ်လို ဆက်ဟန်ဆောင်လို့ ရပါတော့မလဲ။

ဖြစ်ချင်တာတွေသာ ဖြစ်ပါစေတော့ဆိုပြီး ပြည့်သည် ဇွတ်မှိတ် ဆုံးဖြတ်ချက်ချလိုက်ကာ ...





"ကျွန်တော်လည်း လှူလို့မရဘူး ကိုကို ... ကျွန်တော့်သွေးက (A)သွေးမဟုတ်ဘူး၊ ကျွန်တော့်သွေးက (AB)သွေး"

ပြည့် စကားသံ ဆုံးသွားသည်နှင့် သူ့ထံမှ အံ့ဩသော အကြည့်က ပြည့်ထံ ရောက်လာပါသည်။ ဘာတွေဖြစ်ကုန်ပြီလဲဆိုတဲ့ သဘော။ ဒါမှမဟုတ် ပြည့်ကပဲ ဖေဖေ့အတွက် သွေးမလှူချင်လို့များ ထင်သွားတာလား မသိ။ အတုန်တုန်အလှုပ်လှုပ်နှင့် ခုနကတည်းက မျက်ဝန်းထဲမှာ အိုင်ထွန်းနေပြီးသား မျက်ရည်တို့က ပါးပြင်ပေါ်ကို အလုအယက် ခုန်ဆင်းလာကြသည်။

သူက ပြည့်ကို တအံ့တဩ ကြည့်နေဆဲ။

ဆရာမကလည်း ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကို နားမလည်နိုင်စွာ ဇဝေဇဝါ ဖြစ်နေဆဲ။

"ကျွန်တော့်သွေးကို ယူပါ ဆရာမ ... ကျွန်တော်က (A)သွေးပါ၊ ရောဂါလည်း ကင်းပါတယ် ... သွေးလှူဘဏ်မှာ သွေးခဏခဏသွားလှူနေကျပါ"

လုံခြုံရေး အစောင့်ကောင်လေးက ဝင်ပြောတော့မှ ဆရာမလည်း သတိဝင်သွားပုံရသည်။

"ဒါဆိုရင်လည်း လာ … မြန်မြန်ရလေ ကောင်းလေပဲ"

ဆရာမနောက်ကို ကောင်လေး လိုက်သွားပြီးတော့ အရေးပေါ်ခန်းရှေ့မှာ ပြည့်တို့နှစ်ယောက်သာ ကျန်ရစ်ပါသည်။ သူက ပြည့်ထံက အကြည့်မလွှဲသေး။ ဘာကို သံသယဖြစ်ပြီး ဘယ်လို စကား စ,ရမယ်မှန်း သူ မသိတော့ပါ၊ ငယ်ငယ်တုန်းက ညီမလေးနှင့် နှစ်ယောက် သွေးစစ်ခဲ့ကြတာကိုလည်း အခုထိ မှတ်မိဆဲ။ ဖေဖေက(A)၊ မေမေနဲ့သူက (B)၊ ညီမလေးက(A)။

အခုတော့ (A)သွေး မဟုတ်ပါတဲ့။

ကြားလိုက်ရသော ကိုယ့်နားကိုတောင် ကိုယ်မယုံချင်။

ပြည့်သည် တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းအစုံကို အနိုင်နိုင်အားတင်းလျက် …

"ကျွန်တော် … ကျွန်တော်က ကိုကို့ညီမ ခင်လပြည့်မဟုတ်ပါဘူး၊ လပြည့်ရဲ့ သူငယ်ချင်း မေပြည့်ဝေ ပါ …"

သူမအသံက တိုးညင်းလှစွာ။





သူ့မှာ ဖေဖေ့လိုသာ နှလုံးရောဂါရှိခဲ့ရင်လည်း ဒီနေရာမှာတင် ဝုန်းခနဲ လဲသွားနိုင်ပါသည်။

♥ ♥ ♥

မိနစ်ပေါင်းများစွာ နှစ်ယောက်စလုံး ငြိမ်သက်နေခဲ့ကြပြီးမှ သူက စ,တင်လှုပ်ရှားလာခဲ့သည်။ သူမကို မလွှဲတမ်းကြည့်နေခဲ့သော အကြည့်တို့ကို ပြန်ရုပ်သိမ်းလိုက်ပြီးမှ၊ သက်ပြင်းသဲ့သဲ့ ချသည်။ မသေမချာ ဖြစ်ခဲ့ရသော အဖြေတစ်ခုဟာ အခုတော့ တကယ်သေချာသွားခဲ့ပြီပဲ။

အံ့သြမင်သက်သွားခြင်း တစိုက်လွဲလို့ စိတ်ဆိုးခြင်း၊ မုန်းတီးခြင်းတွေကိုတော့ သူ မခံစားရ။

ပြင်းပြင်းထန်ထန် အော်ဟစ်မာန်မဲလိုက်ဖို့ …

ဟင့်အင်း …။

စိတ်ဆိုးရခက်၊ မဆိုးရခက်နှင့် သူ့အဖြစ်က မလွယ်။

သူက စိတ်ကို အတည်ငြိမ်ဆုံး ထိန်းထားလိုက်ကာ…

“လပြည့် ... ခင်လပြည့် ဘယ်မှာလဲ ... မေ ... ပြည့် ... ဝေ၊ သူ ကောင်းကောင်းမွန်မွန် ပျော်ပျော်ရွှင်ရွှင် ရှိရဲ့လား”

“ရှိပါတယ် ... လပြည့် ကောင်းကောင်းမွန်မွန် ပျော်ပျော်ရွှင်ရွှင် ရှိပါတယ် ကိုကို ... သူ မန္တလေးမှာပါ”

♥ ♥ ♥



မေပြည့်ဝေ နှင့် ခင်လပြည့်

၈။

## ကိုကို

ကိုကိုလို့ ... ကျွန်တော် သုံးနှုန်းတာကို၊ ကိုကို လက်ခံလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်၊ နှစ်လဆိုတဲ့ အချိန် အခိုက်အတန့်မှာ ကျွန်တော့်ကို ပျော်ရွှင်ကျေနပ်စရာကောင်းတဲ့ ဘဝကို ပေးခဲ့တဲ့အတွက် ကျွန်တော် ကျေးဇူးတင်ကြောင်း အရင်ပြောပါရစေ။

ကိုကိုကတော့ အံ့သြနေမလားပဲနော်။

ကျွန်တော် "မေပြည့်ဝေ"ပါ ကိုကို။ လပြည့်ကတော့ ကျွန်တော့်ကို "ပြည့်ဝေ"လို့ ခေါ်ပါတယ်။ တကယ်လို့များ

ကိုကိုတို့နဲ့သာ ပြန်မဆက်သွယ်ဖြစ်ခဲ့ဘူး ဆိုရင် ကျွန်တော့်ဘဝရဲ့ တစ်ဦးတည်းသော အရင်းချာဟာ လပြည့် ဖြစ်သလိုလပြည့်ဘဝရဲ့ တစ်ဦးတည်းသော အရင်းချာဟာလည်း ကျွန်တော်ပါပဲ။ ကိုကို စိတ်ရှုပ်သွားသလား။

ဒီစာကို ဆုံးအောင်ဖတ်ပြီးရင်တော့ အားလုံးကို၊ ကိုကို နားလည်သွားမှာပါ၊ အံမိုက်အမဲလေး လပြည့်ကို ဇွဲမယူဖို့တော့ ကျွန်တော် ကြိုတင်တောင်းပန်ပါရစေ ကိုကို။

▼ ▼ ▼

ကျွန်တော်နဲ့ လပြည့်ဟာ ကံကြမ္မာတွေ တော်တော်ဆင်ကြတဲ့ မိန်းကလေးနှစ်ယောက်ပါ ကိုကို။ ကျွန်တော့်မွေးနေ့က ၁၉၇–, အောက်တိုဘာ( )၊ ကြာသပတေးနေ့၊ လပြည့်မွေးနေ့ကလည်း အဲဒီနှစ်၊ အဲဒီလ ပါပဲ။ လပြည့်က အောက်တိုဘာ( )၊ တနင်္လာနေ့။ လပြည့်က ကျွန်တော့်ထက် (၃) ရက်ငယ်တယ်။ လပြည့်မွေးနေ့ကိုတော့ ကိုကို သိပြီးသားဖြစ်မှာပါလေ။





မှတ်မှတ်ရရ ကျွန်တော် သူငယ်တန်း စ,တက်ရမယ့်နှစ်မှာပေါ့၊ ကျွန်တော်တို့အိမ်နဲ့ ဘေးချင်းကပ်လျက် အိမ်ကို သားအမိနှစ်ယောက် ပြောင်းလာခဲ့တယ်။ သူတို့နှစ်ယောက် ဘယ်သူတွေ ဆိုတာ ကိုကို သိမှာပေါ့နော်။ လပြည့်နဲ့အန်တီမွန်ပေါ့။ မုဆိုးမ သားအမိနှစ်ယောက်လို့ အန်တီမွန်က ပြောထားခဲ့တယ်။ ကျွန်တော့် အကြောင်းကို ပြောရရင်တော့ ...။ ကျွန်တော့်မှာလည်း အဖေမရှိခဲ့ပါဘူး ကိုကို။ ကျွန်တော့်အဖေက ကျွန်တော်(၂)နှစ်သမီးအရွယ်မှာ accicent တစ်ခုနဲ့ ဆုံးပါးသွားခဲ့တယ်။ ကျွန်တော်နဲ့ အမေကလည်း မုဆိုးမ သားအမိပါပဲ။ အမေက ဈေးချိုထဲမှာ အင်္ကျီချုပ်တယ်။ အပ်ချုပ်ဆိုင်ဖွင့်ထားတယ် ဆိုပါတော့။

အမေက အိမ်ချင်းကလည်း ကပ်လျက်၊ မုဆိုးမ သားအမိဆိုတဲ့ အဖြစ်ချင်းလည်း တူတာမို့ အန်တီမွန့်ကို အိမ်နီးချင်းကောင်း ပီသစွာ ကူညီပေးဖို့ အရင်မိတ်ဖွဲ့ခဲ့လေရဲ့။ ကျွန်တော် အခုချိန်ထိ မှတ်မိသေးတယ်။ ကျွန်တော်ကလည်း ကလေးပီပီ စပ်စုချင်စိတ်လေးနဲ့ အမေ့လုံချည်စ,ကို ဆွဲပြီး

အနောက်က ပါသွားခဲ့တယ်။ အန်တီမွန်က ပျဉ်းမနားကနေ ပြောင်းလာတာလို့ အမေ့ကို ပြောခဲ့တယ်။ အမျိုးသားကတော့ မရှိတော့ဘူးတဲ့။ အဲဒီတုန်းကတော့ ကလေးပီပီ မရှိတော့ဘူး ဆိုတာကို သေသွားတယ်လို့သာ ကျွန်တော်က တစ်ထစ်ချ ယုံကြည်လိုက်တာပေါ့။

"အစ်မရဲ့ သမီးလေးလား ... ဒါဆို မွန့်သမီးလေးနဲ့ ရွယ်တူပဲထင်တယ်။ မွန့်သမီးလေးက ခင်လပြည့်တဲ့၊ ငါးနှစ် ပြည့်တော့မယ်"

"တို့သမီးလေးလည်း ငါးနှစ်ပြည့်တော့မှာပဲ ... မေပြည့် ဝေ ... တဲ့"

အဲဒီလိုနဲ့ မေးစေ့မှာ မဲ့နက်နက်လေးရှိတဲ့၊ ကလေးလေး ဖြစ်ပေမယ့် မထုံတက်သေး အေးစက်စက် မျက်နှာပေးနဲ့ လပြည့်ကို ကျွန်တော် စ,သိကျွမ်းခဲ့ရတယ်။ တိုက်တိုက်ဆိုင် ဆိုင် ကျွန်တော်တို့နှစ်ယောက်က သုံးရက်ပဲကွာတဲ့ ကလေး နှစ်ယောက် ဖြစ်နေခဲ့တယ်။

လပြည့်ရဲ့စိတ်ဓာတ်ဟာ အန်တီမွန့်စိတ်ဓာတ်နဲ့ ထပ်





တူပါပဲ။ စကားသိပ်များများ မပြောဘဲ အရာအားလုံးကို ရင်ထဲမှာပဲ သိမ်းထားလေ့ရှိတယ်။ သံယောဇဉ်လည်း ပြတ် တယ်။ ဘယ်သူ့ကိုမှလည်း မယုံကြည်တတ်ဘူး။ သူငယ်ချင်း အပေါင်းအသင်းလည်း ကျွန်တော်ကလွဲရင် ဘယ်သူမှ သူ့မှာ မရှိဘူး။ ကျွန်တော်ကတော့ စိတ်ပျော့တယ်။ သံယောဇဉ်ကြီး တယ်။ သနားတတ်တယ်။ ကျွန်တော်က ငယ်ငယ်က တည်းက အဖေမေတ္တာကို ငတ်လာတော့ အားငယ်တတ်သေး တယ်။ ဒါပေမယ့် ဘယ်ဘဝက ရေစက်လည်းတော့ မသိဘူး။ ကျွန်တော်နဲ့ လပြည့်ဟာ ညီအစ်မရင်းချာတွေလိုပဲ ချစ်ကြ တယ်။ အမြွှာညီအစ်မတွေ အတိုင်းပဲ ချစ်တယ်။

လပြည့်က အင်္ဂလိပ်စာ တော်ပြီး ကျွန်တော်က အင်္ဂလိပ်စာ ညံ့တယ်။ ကျွန်တော် တော်တဲ့ သင်္ချာကို လပြည့် မလိုက်နိုင်ဘူး။ ကျွန်တော် အင်္ဂလိပ်စာတော်လာတာ လပြည့် ကြောင့် ဖြစ်သလို၊ လပြည့် ဆယ်တန်းမှာ သင်္ချာဂုဏ်ထူး ထွက်ခဲ့တာ ကျွန်တော် အသင်အပြကောင်းလို့လေ။ ကျွန်တော် တို့နှစ်ယောက်ဟာ အဲဒီလိုမျိုး တစ်ယောက်နဲ့တစ်ယောက်၊

ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီနဲ့ တစ်ယောက်ရဲ့ အားနည်းချက်ကို တစ်ယောက်က ဖြည့်ဆည်းပေးကြတဲ့ အတူကြီးပြင်းခဲ့ကြတာ။ လပြည့် ကျွန်တော့်ထက်ပိုပြီး အသန့်အပြန့်ကြိုက်တယ်၊ အသန့်အပြန့် ကြိုက်တာ လွန်သွားတော့ မီးဖိုချောင်ဝင်ရမှာ ပျင်းသွားရော။ အဲဒီတော့ အခု ရန်ကုန်ကို ရောက်မလာခင် အချိန်ထိ ကျွန်တော်က အချက်အပြုတ် တာဝန်ခံပါပဲ။

ကျွန်တော်ချက်တဲ့ ဟင်းမှ စားလို့မြိန်သတဲ့။ ငပျင်းမလေး လပြည့်ရဲ့ ညာပြီးခိုင်းလေ့ရှိတဲ့ စကားလေ။ ကျွန်တော်ကိုယ်တိုင် သုပ်တဲ့ လက်ဖက်သုပ်နဲ့မှ ညဘက်ညဥ့်နက်နက်အထိ စာကျက်ချင်တာတို့၊ စာမေးပွဲနီးလို့ အားရှိအောင် ဝက်သားနီချက်လေး ချက်ကျွေးပါလား၊ တို့နဲ့ ကလေးဆိုးတစ်ယောက်လိုပါပဲ။

အန်တီမွန်က ရှိတဲ့ ပဇွည်းလေးတွေကို ထုခွဲရောင်းချအရင်းအနှီးလုပ်ပြီး ဈေးချိုထဲမှာပဲ ကုန်မျိုးစုံ လက်လီဆိုင်လေး ဖွင့်ခဲ့တယ်။ အမေနှစ်ယောက်က မနက်ဆိုရင် ဈေး





ထွက်၊ သမီးနှစ်ယောက်ကလည်း ကျောင်းအတူတူသွားကြပေါ့။ ကျွန်တော်တို့ နှစ်ယောက်ကို အထက(   )မှာ ထားခဲ့တယ်။ မိန်းကလေး သီးသန့်ကျောင်းတွေမှာ မထားဘူး။ မိန်းကလေးနဲ့ ယောကျ်ားလေးနဲ့ အရောကျောင်းမှာ နေမှယောကျ်ားလေး သူငယ်ချင်းလည်း ရှိမယ်။ ယောကျ်ားဆိုတာကို ကြောက်လန့်လွန်းတာမျိုးတို့၊ အတွေ့အကြုံမရှိဘဲအရူးအမူး ဖြစ်သွားတာမျိုးတို့ မဖြစ်နိုင်တော့ဘူးတဲ့၊ ယောကျ်ားဆိုတာ ဘယ်လိုလူမျိုးဆိုတာသိမှ ရှောင်ရှားနိုင်မယ်တဲ့လေ။ အဲဒါ အန်တီမွန့်ရဲ့ အယူအဆပဲ။

ယောကျ်ားလေးနဲ့ မိန်းကလေး အရောကျောင်းမှာ နေရပေမယ့် ကျွန်တော်ရော လပြည့်ပါ ယောကျ်ားလေးသူငယ်ချင်း မရှိခဲ့ပါဘူး။ ယောကျ်ားလေး သူငယ်ချင်း မရှိရုံမကတဲ့အပြင် မိန်းကလေး သူငယ်ချင်းလည်း မရခဲ့ဘူး။ ကျွန်တော်နဲ့လပြည့်က နှစ်ကိုယ့်တစ်စိတ်လေ။ အဲဒီတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်ခင်မှုကြားထဲကို ဘယ်သူမှ မဝင်နိုင်ခဲ့ကြဘူးပေါ့။

ဒါပေမယ့် ... ထူးထူးခြားခြား ပြောစရာတော့ ရှိခဲ့တာ ပေါ့နော်။ ကျွန်တော်တို့ နှစ်ယောက်သား၊ သူငယ်တန်းကနေ ဆယ်တန်းအောင်သည်အထိ သူငယ်ချင်း မရှိခဲ့ကြပေမယ့် ဆယ်တန်းပြီးလို့ LCCI တွေ ခေတ်စားတဲ့ အချိန်မှာ LCCI တက်ရင်းနဲ့ သူငယ်ချင်းတစ်ယောက် ရခဲ့လေရဲ့။ ကျွန်တော်တို့ ဆယ်တန်းအောင်ပြီးတဲ့ အချိန်တုန်းက LCCI သင်တန်းက သိပ်ခေတ်စားတာလေ။ LCCI အောင်ရင်ပဲ ချက်ချင်း အင်္ဂလန်သွားရတော့မလိုလိုနဲ့လေ။

ကျွန်တော်တို့ ရခဲ့တဲ့ သူငယ်ချင်း မိန်းကလေး သူငယ်ချင်း မဟုတ်ဘူးနော် ကိုကို။ ကိုကို အံ့ဩသွားလား။ မျက်ခုံးပင့်မသွားနဲ့နော်။ ယောကျ်ားလေး သူငယ်ချင်း ကိုကိုရဲ့။

မင်းခန့် ... တဲ့။

သိပ်ရိုးသားပြီး ခင်မင်စရာကောင်းတဲ့ သူငယ်ချင်းတစ်ယောက်ပေါ့။

♥ ♥ ♥





မင်းခန့်နဲ့ ကျွန်တော်တို့ ခင်ခဲ့ကြတာ တကယ့်ကို မှတ်မှတ်ရရပါပဲ ကိုကို။ အခုချိန်မှာတောင် ပြန်တွေးကြည့်လိုက်တိုင်း မနေ့ တစ်နေ့ကလိုပဲ။ ပျော်စရာလည်း ကောင်းတယ် ကိုကို။ ရှက်လည်း ရှက်ခဲ့ရပြီး၊ ရယ်စရာကောင်းခဲ့ရတဲ့ ဆုံတွေ့မှုလေးပေါ့။

မင်းခန့်နဲ့ ကျွန်တော်တို့က LCCI သင်တန်းတစ်ခုထဲမှာ တက်နေကြပေမယ့် မျက်မှန်းတန်းမိရုံကလွဲလို့ ခင်တော့ မခင်မင်ခဲ့ကြဘူး။ ဆရာ စာမေးတိုင်း စာရတဲ့ ကောင်လေး တစ်ယောက် အဖြစ်နဲ့တော့ သတိပြုနေမိခဲ့ကြတယ်။ အဲဒီနေ့က လပြည့်က ကျွန်တော့်ကို စိတ်ကောက်နေခဲ့တယ်။ ကျွန်တော်က ညတုန်းက သူ့ကို လက်ဖက်သုပ် မသုပ်ကျွေးလို့တဲ့။ အဲဒါနဲ့ သူ အစောကြီးအိပ်ပျော်သွားရလို့ အိမ်စာတွေ မပြီးတာ ဆိုပြီး စိတ်ကောက်တာ။

သင်တန်းပြီးတော့ ကျွန်တော်က သူ့ကိုချော့တဲ့အနေနဲ့ လားရှိုးလေးမှာ ထမင်းလိုက်ကျွေးရတယ်။ ရွှေလပြည့်က ကျွန်တော့်ကို ဘယ်လောက်အထိ စိတ်ကောက်ထားလဲ မသိ

ပါဘူး ကိုကိုရယ်။ မှာလိုက်တဲ့ဟင်းတွေက မနည်းဘူး။ နှစ်ယောက်တည်း ဘယ်လိုမှ စားမကုန်အောင် လျှောက်မှာတယ်။ ဒါပေမယ့် အဲဒါက ပြဿနာမဟုတ်ဘူး ကိုကိုရဲ့။ ပြဿနာက ပိုက်ဆံရှင်းတော့မှ စတာ။ လပြည့်က ပိုက်ဆံမပါလာဘူး။ ကျွန်တော်ကတော့ ပိုက်ဆံအိတ် ကျပျောက်ခဲ့တာ။

သင်တန်းကနေ လားရှိုးလေးအထိ စက်ဘီးကိုနင်းလာရတာဆိုတော့ ဘယ်မှာကျပျောက်ခဲ့မှန်းလည်း မသိတော့ဘူး။ ရှာလို့လည်း ရတော့မှာ မဟုတ်ဘူး။ ကျွန်တော့်ကို စည်းကမ်းမရှိ၊ သတိမထားရကောင်းလားဆိုပြီး လပြည့်က အပြစ်တင် ကျွန်တော်ကလည်း သေရေးရှင်ရေးအတွက်တောင် အိတ်ဆောင် ပိုက်ဆံလေး ဘာလေးများ ထည့်မလာဘူးဆိုပြီး လပြည့်ကို အပြစ်တင်နဲ့။ နှစ်ယောက်သား စားပွဲ ကလည်း မထရဲဘူး။ ဈေးချိုထဲသွားပြီး မေမေတို့ဆီမှာ ပိုက်ဆံ သွားယူမယ် ဆိုပြန်တော့လည်း လပြည့်က သူတစ်ယောက်တည် မနေခဲ့ချင်ဘူးတဲ့။ သူ့ကို သွားယူဆိုတော့လည်း ခြေထောက်ညောင်းလို့ စက်ဘီးမစီးချင်ဘူး ဖြစ်ပြန်ရော။





ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာ မင်းခန့်က ကျွန်တော်တို့ အနားကို ရောက်လာခဲ့တာပေါ့။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလိုပေါ့ ကိုကိုရယ်။ ကယ်တင်ရှင် မင်းသား ရောက်လာလေသတည်းပေါ့။ ကျွန်တော်တို့ရဲ့ အခက်အခဲကို မင်းခန့်က ဖြေရှင်းပေးခဲ့တယ်။

"ငါ့နာမည် မင်းခန့်တဲ့၊ ဆယ်တန်း အောင်ထားတယ်၊ နင်တို့နဲ့ LCCI class မှာ အတူတူပဲလေ"

"ငါက ခင်လပြည့် ... သူက မေပြည့်ဝေ တဲ့"

"အမြွှာညီအစ်မလား ... ရုပ်ချင်း တော်တော်ဆင်တယ် နော်"

"အမြွှာညီအစ်မတော့ အမြွှာညီအစ်မပဲ ... ဒါပေမယ့် အတူတူမွေးတဲ့ အမြွှာညီအစ်မတော့ မဟုတ်ဘူး၊ အဖေမတူ အမေမတူ၊ မွေးချိန်မတူတဲ့ အမြွှာညီအစ်မလေ"

ကျွန်တော်နဲ့ လပြည့်ကို အမြွှာညီအစ်မတွေလို့ တော် တော်များများက ထင်ကြတယ်။ မျက်နှာကျပုံရော၊ အသား အရောင်ရော၊ အရပ်အမောင်းရော၊ ဆံပင်ပုံစံပါ ဆင်တူတယ်

လေ။ တစ်သက်လုံး အတူတူ နေလာကြတော့ အမူအရာတွေကပါ ဆင်တူနေပြန်ရော။ ကျွန်တော်တို့ နှစ်ယောက် ဆင်တယ် မဆင်ဘူး ဆိုတာ ကိုကို အသိဆုံး ဖြစ်မှာပေါ့နော်။ ကိုကို ကိုယ်တိုင်တောင် ကျွန်တော့်ကို လပြည့်လို့ လက်ခံခဲ့ရတာပဲ မဟုတ်လား။

အဲဒီက စ,လို့ မင်းခန့်က ကျွန်တော်တို့ နှစ်ယောက်ရဲ့ တစ်ဦးတည်းသော သူငယ်ချင်း ဖြစ်လာခဲ့တယ်။ မင်းခန့် ပုံစံကို ကိုကိုမြင်အောင် ကျွန်တော် ပြောပြမယ်နော်။ အသားညိုစိမ့်စိမ့်၊ အရပ်မြင့်မြင့်နဲ့။ ပါဝါမျက်မှန်လေးကိုတော့ သူတပ်ရတယ်။ ဒါပေမယ့် ပါဝါက သိပ်တော့ မထူပါဘူး။ အဲဒီ မျက်မှန်ကြောင့် မင်းခန့်က ပိုပြီးတော့ ရိုးသားတဲ့ရုပ်လေး ပေါက်သွားတာပေါ့ ကိုကိုရယ်။

ကျွန်တော်တို့နဲ့ မင်းခန့်နဲ့ မကြာခင်မှာပဲ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားကြတယ်။ ကျွန်တော်တို့ရဲ့ ခင်မင်မှုကို ကျွန်တော့်အမေနဲ့ အန်တီမွန်တို့က မတားဆီးခဲ့ကြပါဘူး။ မင်းခန့်ကလည်း လိမ္မာယဉ်ကျေးတော့ လူကြီးတွေက





ချစ်ကြတယ်။ မင်းခန့်ရဲ့ အဖြစ်က ကျွန်တော်တို့ထက် ဆိုးတယ် ကိုကိုရဲ့။ သူ့မှာ အဖေရော အမေရော မရှိတော့ဘူး။ အဘိုး၊ အဘွားနဲ့ နေရတာ။ သူ့အဘိုးအဘွားက ပန်းထိမ်ဖိုလုပ်ကြတယ်။ ရိုးရိုး သားသား အေးအေးဆေးဆေး သမားတွေပါ။

လပြည့် (၁၈)နှစ်ပြည့်တဲ့နေ့မှာ အန်တီမွန်က ကျွန်တော်ရယ်၊ ကျွန်တော့် အမေရယ်၊ မင်းခန့်ရယ် သုံးယောက်စလုံး ရှိနေတုန်း၊ ဒီမန္တလေးကို မရောက်လာခင်က အန်တီမွန်နဲ့ လပြည့်ရဲ့ အကြောင်းတွေကို ပြောပြခဲ့တယ်။ ဩော် ... ပြောရဦးမယ် ကိုကို။ ကိုကို သိမသိတော့ ကျွန်တော် မသိဘူး။ အန်တီမွန် ဆုံးခဲ့တာကိုလေ။ အန်တီမွန်က အသက်ကြီးလို့ လူကြီးရောဂါမျိုးနဲ့ ဆုံးခဲ့တာ မဟုတ်ဘူး ကိုကို။ အူမကြီးကင်ဆာနဲ့ ဆုံးခဲ့တာလေ။ လပြည့် အသက်(၁၈)နှစ်ပြည့်တဲ့ အချိန်မှာ အန်တီမွန့် ရောဂါက ကင်ဆာလို့ သံသယဖြစ်နေတဲ့ အဆင့်တော့ ရှိနေပြီပေါ့။ အန်တီမွန်ကတော့ သူ့ကိုယ်သူ သိနေတဲ့ပုံပဲ ကိုကို။ သူ ဖုံးကွယ်ထားခဲ့တဲ့ သူ့ဘဝနောက်

ကြောင်းကို ကျွန်တော်တို့တွေကို သူ ယုံယုံကြည်ကြည်နဲ့ ပြောပြခဲ့တယ်။

▼ ▼ ▼

ထွင့်သူရိန်ဆိုတဲ့ သားကြီးတစ်ယောက်နဲ့ သစ္စာမရှိတဲ့ ခင်ပွန်းဟာ အခုချိန်ထိ ရန်ကုန်မှာ ရှိသေးသတဲ့။ ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စကူလုပ်ပြီး တက္ကသိုလ်ကို ခက်ခက်ခဲခဲ တက်ခဲ့ရတဲ့ လူငယ်လေးနဲ့အတူ၊ ဒိုးတူဘောင်ဖက် ကြိုးစား ရုန်းကန်ခဲ့ကြရသတဲ့။ ဆယ်စုနှစ် တစ်ခုအထိ အတူကြိုးစား ရင်း မေတ္တာမျှခဲ့ကြပြီး၊ ရည်ရွယ်တဲ့ အမြင့်တစ်နေရာကို ရောက်ခဲ့ကြပြီးမှ လက်ထပ်ခဲ့ကြတယ်တဲ့။ ပြီးတော့ ထွင့်သူရိန် ဆိုတဲ့သားကြီးနဲ့ ခင်လပြည့် ဆိုတဲ့ သမီးငယ်ကို မွေးဖွားခဲ့ တယ်တဲ့။

ငွေကြေး ဥစ္စာဓန ကြွယ်ဝလာခြင်း၊ ရာထူးဂုဏ်သိမ်မြင့် မားလာခြင်းဆိုတဲ့ ဒဏ်တွေကို ယောကျ်ားတွေဟာ ကြံ့ကြံ့မခံ





နိုင်ဘူးတဲ့ ကိုကို။ အတူတကွ ဒိုးတူဘောင်ဖက် ကြိုးစားခဲ့ ရတဲ့ ဇနီးမယားရဲ့ မျက်နှာကိုမှ မထောက်၊ ဖေဖေဟာ (ဖေဖေ လိုပဲ ကျွန်တော် သုံးနှုန်းပါရစေ) အန်တီမွှန့်ကို သစ္စာဖောက် ခဲ့သတဲ့။ သိကြားမင်းကိုယ်တိုင် ဆင်းပြီး ဖေဖေ့ကိုယ်စား တောင်းပန်ပေးမယ် ဆိုရင်တောင် အန်တီမွှန်က ခွင့်မလွှတ် နိုင်ဘူးတဲ့။ ဖေဖေနဲ့ ကိုကို့ကို ထားခဲ့ပြီး အန်တီမွှန်ဟာ လပြည့်လက်ကိုဆွဲပြီး ထွက်လာခဲ့တာ အခုချိန်ထိပါပဲတဲ့။

ဪ ... အဲဒီနေ့မှာပဲ အန်ကယ်မောင်နဲ့ အန်တီလှ တို့အကြောင်း၊ ဖိုးကျော်နဲ့ လပြည့်ကို စီစဉ်ထားခဲ့တဲ့ကိစ္စတွေ ကိုလည်း ပြောပြခဲ့သေးတယ်။ ဖိုးကျော်နဲ့ ကိစ္စကိုလည်း လပြည့် သဘောဆန္ဒအတိုင်းပဲတဲ့။ အန်တီမွှန်ကတော့ လပြည့် ကို ဘယ်တော့မှ ရန်ကုန်ကို ခြေမချစေချင်တော့ဘူးတဲ့၊ အန်တီ မွှန် မရှိတော့တဲ့ အချိန်ကျရင်တော့ လပြည့် ကြိုက်သလို ဆုံးဖြတ်တဲ့လေ။ ပြီးတော့ အန်တီလှပေးခဲ့တဲ့ ဆွဲကြိုးနဲ့ အန်တီ မွှန်ရဲ့ စိန်လော့ကက်လေး တစ်ခုကိုလည်း လပြည့်ကို အန်တီ မွှန်က ပေးခဲ့တယ်။ တကယ်လို့များ လပြည့်၊ ဖေဖေတို့ဆီ

ပြန်သွားခဲ့ရင် လပြည့် အတွက် တစ်ခုတည်းသော ပစ္စည်း သက်သေက အဲဒီဆွဲကြိုးနဲ့ လော့ကက်ပဲတဲ့။

အခု ... အဲဒီဆွဲကြိုးနဲ့လော့ကက်၊ ကျွန်တော့်မှာ ပါလာခဲ့ပါတယ် ကိုကို။ ဒါပေမယ့် ကျွန်တော် ပြန်သွားရင်တော့ ပြန်ယူသွားရမှာပါ။ လပြည့်အတွက် အရေးကြီးဆုံး ပစ္စည်းလေ။

ပြီးတော့ ကျွန်တော့်ကိုရော လပြည့်ကိုပါ အန်တီမွန်က လေးလေးနက်နက် တစ်ခု မှာခဲ့သေးတယ်။

"ယောကျ်ားတွေကို အဆုံးစွန်ထိ မယုံကြည်မိအောင် သမီးတို့ အမြဲတမ်း ကြိုးစားနော်၊ တကယ်လို့များ ယုံကြည်မိသွားခဲ့တယ် ဆိုရင်တောင် ယောကျ်ားတစ်ယောက်ဟာ ယုံကြည်မှုကို တစ်ကြိမ်တော့ အလွဲသုံးစား လုပ်လိမ့်မယ် ဆိုတာ ကြိုတွေးထားပါ"တဲ့။

ကျွန်တော်ကတော့ ဘာနာကြည်းချက်မှ မရှိခဲ့လို့လားတော့ မသိဘူး။ ကျွန်တော့် စိတ်ဓာတ်က သိပ်အစွန်းမရောက်လှဘူး။ လပြည့်ကတော့ တစ်ခါတလေမှာ အစွန်းရောက်လွန်း





တယ်။ ဒါတွေ ထားပါတော့လေ။ ကိုကိုတို့ဆီကို လပြည့် ပြန်ရောက်လာတဲ့အခါ လပြည့်ရဲ့စိတ်ကို တဖြည်းဖြည်းနဲ့ နားလည်လာကြမှာပါ။

အဲဒီနောက်ပိုင်းမှာ အန်တီမွန့် ရောဂါက ပိုပြီးဆိုးလာခဲ့တယ်။ ကျွန်တော်ရော လပြည့်ပါ LCCI ဆက်မတက်ဖြစ်တော့ဘူး။ မင်းခန့်ကတော့ စာမေးပွဲတွေ တစ်ခုပြီးတစ်ခု ဖြေပြီး ဆက်တက်ဖြစ်တယ်။ level တွေ တစ်ဆင့်ပြီးတစ်ဆင့် တက်ရင်းနဲ့ သူက သင်တန်းမှာပြန်ပြီး ဆရာတောင်လုပ်နေသေးရဲ့။

အူမကြီး ကင်ဆာလို့ သိရပြီး သိပ်မကြာပါဘူး။ ခြောက်လလောက် ဝေဒနာ အပြင်းအထန် ခံစားရပြီး အန်တီမွန်ဟာ ကျွန်တော်တို့ လက်ထဲမှာပဲ ဆုံးပါးသွားခဲ့တယ် ကိုကို။ အန်တီမွန် ဆုံးသွားတော့ ကျွန်တော်တို့ ပထမနှစ်တက်နေကြတဲ့ အချိန်ပေါ့။

♥ ♥ ♥

လပြည့်နဲ့ ကျွန်တော့်ကြားမှာ လျှို့ဝှက်မှုဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး ကိုကို။ တစ်ခါတလေများဆိုရင် ကျွန်တော်တို့နှစ်ယောက်၊ အတွေးတွေတောင် တူနေတတ်ကြသေးတယ်။ ယောကျ်ားတွေကို မယုံကြည်နဲ့လို့ အန်တီမွန် မှာခဲ့တာကို တခြား ယောကျ်ားတွေ အတွက်တော့ လပြည့် နာခံခဲ့ပေမယ့် လူတစ်ယောက် အတွက်တော့ ခြွင်းချက် ဖြစ်ခဲ့တယ်။

အဲဒါ ဘယ်သူလဲ ဆိုတာ ကိုကို သိလောက်ပြီပေါ့နော်။

အန်တီမွန် ဆုံးသွားပြီးမှ လပြည့်နဲ့ မင်းခန့်၊ ချစ်သူတွေ ဖြစ်နေကြပြီဆိုတာ ကျွန်တော် သိခဲ့ရတယ် ကိုကို။ ကျွန်တော် စိတ်ဆိုးလိုက်တာ ပြောမနေပါနဲ့တော့။ ကျွန်တော်နဲ့ လပြည့်က နှစ်ကိုယ့်တစ်စိတ်လေ ကိုကိုရဲ့။ ဘယ်ကိစ္စမဆို ကိုယ့်အမေကိုတောင် ပြောချင်မှ ပြောကြမယ်။ ကျွန်တော်နဲ့ လပြည့် မပြောဖြစ်တာ ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ခြွင်းချက်ပေါ့လေ။ ဒီကိစ္စမှာတော့ ကျွန်တော် ဘာမှမသိခဲ့ရဘူး။





သိခဲ့ရတာတောင်မှ အကြောင်းတိုက်ဆိုင်လို့ သိခဲ့ရတာမျိုး။ ပထမနှစ် စာမေးပွဲဖြေပြီးလို့ ကျောင်းပိတ်ထားတဲ့ အချိန်မှာ မင်းခန့်က ရုတ်တရက် အင်္ဂလန်ကို ကျောင်းသွားတက်ရဖို့ ဖြစ်လာခဲ့တယ်။ သူက LCCI နဲ့ ပတ်သက်တဲ့ Dipolma တွေ တစ်ခုပြီးတစ်ခုရပြီး အင်္ဂလန်မှာ အလုပ်လုပ်ရင်း ကျောင်းတက်ဖို့ လှမ်းပြီး လျှောက်ထားခဲ့တာတဲ့။ မမျှော်လင့်ထားဘဲနဲ့ ကျောင်းတက်ဖို့ ဝင်ခွင့်ကျလာခဲ့တယ်။ အင်္ဂလန်ကို တကယ်ပဲ မင်းခန့် သွားတော့မယ် ဆိုတော့မှ လပြည့်က ငိုကြီးချက်မနဲ့ ဖြစ်တော့တာ။ အဲဒီတော့မှ ကျွန်တော် သိခဲ့ရတာပေါ့။

ကျွန်တော်ရော လပြည့်ပါ မင်းခန့်ကို အင်္ဂလန်လွှတ်ဖို့၊ မလွှတ်ဖို့ အတွက် အတန်တန် စဉ်းစားဆုံးဖြတ်ခဲ့ကြတယ်။ နောက်ဆုံးတော့ မင်းခန့်နဲ့ လပြည့်ရဲ့ ရှေ့ရေးအတွက်လေလို့ပဲ ဆုံးဖြတ်ပြီး မင်းခန့်ကို အင်္ဂလန် ထွက်ဖို့ ခွင့်ပြုခဲ့ကြတော့တယ်။

ကျွန်တော်နဲ့ လပြည့်ရဲ့ ကံကြမ္မာက တော်တော်ဆင်

တူတယ် ကိုကိုရဲ့။ ကျွန်တော်တို့ ဒုတိယနှစ် တက်နေဟုန်း အချိန်မှာ ကျွန်တော့်မေမေ၊ ရုတ်တရက် ဦးနှောက်သွေးကြော ပြတ်ပြီး ဆုံးပါးသွားခဲ့တယ်။ အဲဒီနှစ်က မန္တလေးနွေက ခါတိုင်းနှစ်ထက် ပိုပြီးပူတာယ်လေ။ ကိုကိုတို့ ကြားရင်လည်း ကြားမိမှာပါ။ အပူဒဏ်ကြောင့် လူတော်တော်များများ ဦးနှောက်သွေးကြောပြတ်တဲ့ အဖြစ်နဲ့ ဆုံးကြတယ်။

ကျွန်တော်နဲ့ လပြည့်၊ တစ်ကောင်ကြွက်လေးတွေ ဖြစ်သွားပြီးတဲ့နောက်မှာ အမေတွေ ချန်ခဲ့တဲ့ ရှိစုရှိမဲ့ ပစ္စည်းဥစ္စာလေးတွေကို ခြစ်ခြုတ်စုဆောင်းထားပြီး ကိုယ့်ပညာနဲ့ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရတော့တာပေါ့။ နှစ်ယောက်စလုံး ကိုးတန်း ဆယ်တန်းသမားတွေကို ဂိုက်လုပ်ပေးတယ်၊ အတန်းငယ်ကလေးတွေလည်း အိမ်မှာ စာလိုက်သင်ပေးတယ်။ အမျိုးသမီးဆောင် တစ်ခုမှာ လေးယောက်ခန်းကို လေးယောက်စာ လခပေးပြီး ကျွန်တော်တို့နှစ်ယောက် နေကြတယ်။ ကိုယ့်အိမ်မှာ မိဘမောင်ဖွား မရှိ၊ ဆွေမျိုးနေရတာထက်စာရင်၊ အဆောင်မှာ နေရတာက





ကျွန်တော်တို့ နှစ်ယောက်အတွက် ပိုပြီးလုံခြုံတယ်လို့ ကျွန်တော်တို့ ယူဆတယ်လေ။

အဲဒီလိုနဲ့ ကျွန်တော်တို့ နှစ်ယောက်သား ဘဝကိုရုန်းကန်ရင်း နေခဲ့ကြရတယ်။ သူ့ကို ကိုယ်အဖော်လုပ်၊ ကိုယ့်ကို သူအဖော်လုပ်ရင်းနဲ့ပဲ ကျောင်းပြီးတဲ့အထိ ရောက်လာတယ်။ တိတိကျကျ ပြောရရင်တော့ လပြည့် ရှိတဲ့နေရာကို စုံစမ်းလို့ရပြီး ဖေဖေ ရောက်လာတဲ့ အချိန်အထိပေါ့။

♥ ♥ ♥

အန်တီမွန်နဲ့ လပြည့်ကို စုံစမ်းပြီး မန္တလေးကို ဖေဖေ ရောက်လာခဲ့တာလေ။ ဖေဖေ ရောက်လာတော့ အန်တီမွန် ဆုံးတာတောင် နှစ်တွေများခဲ့ပြီ။ ကျွန်တော်တို့ အရင်နေတဲ့ ရပ်ကွက်ကို စုံစမ်းပြီး နောက်ဆုံးတော့ ကျွန်တော်တို့အဆောင်ကို ဖေဖေ ရောက်လာခဲ့တယ်။

မှတ်မှတ်ရရ၊ အဲဒီညနေက ကျွန်တော်တို့ နှစ်ယောက်

စာသင်တဲ့အိမ် ကိုယ်စီက ပြန်လာကြပြီး ရေချိုးနေခဲ့ကြတာ။ ဖေဖေက ဘယ်လိုပြောခဲ့တာလဲတော့ မသိဘူး။ လာခေါ်တဲ့သူကတော့ ...

"ဟဲ့ ... ပြည့်နှစ်ပြည့် ... နင်တို့အဖေတဲ့၊ ဧည့်ခန်းမှာ ရောက်နေတယ်၊ ထွက်တွေ့လိုက်ကြဦး" တဲ့။

ကျွန်တော်တို့နှစ်ယောက်၊ တစ်ယောက်မျက်နှာကို တစ်ယောက် တအံ့တသြ ကြည့်မိကြတယ်။ ကျွန်တော့အဖေကဖြင့် ကျွန်တော် ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့ပြီကို။ လပြည့်ရဲ့ အဖေကလည်း အဆက်အသွယ် လုံးဝပြတ်တောက်ခဲ့တာ အနှစ်နှစ်ဆယ်နီးပါး ရှိခဲ့ပြီ။

"လူမှားလို့ နေမှာပါဟာ ... ဒါမှမဟုတ် တမင်သက်သက် နောက်တာ ထင်ပါတယ်"

"ဟုတ်ရင်လည်း ဟုတ်နေမှာပေါ့ ... နင့်အဖေ ဖြစ်လိမ့်မယ်နော် လပြည့်၊ နင့်အဖေ လိုက်စုံစမ်းရင်းနဲ့ ဒီကို ရောက်လာတာ ဖြစ်မယ်"

ဒေါ်ရွှေလပြည့်က ကဂျိုကကျောင်ကျပြီး ထွက်မတွေ့





ချင်ပါဘူးဖြစ်တော့တာပဲ။ ဘယ်လိုမှ ချော့မရ၊ ခြောက်မရ။ သူက ဖေဖေ့ သစ္စာဖောက်မှုကြီးကို ကိုယ်တွေ့ကြုံခဲ့ရတဲ့သူပါတဲ့။ ဖေဖေ့ကို မတွေ့ချင်ဘူးတဲ့လေ။ ဖေဖေကလည်း ဧည့်ခန်းမှာ ထိုင်စောင့်နေပြီ။ ဘယ်လိုလုပ်ကြမလဲ။

"နင်အရင်သွားတွေ့လိုက်ပါ ပြည့်ဝေရယ် ... သူဘာပြောလဲ နားထောင်ရတာပေါ့ ... ပြီးမှ မီးစင်ကြည့် က,တာပေါ့"

ဇာတ်လမ်းက အဲဒီလို စ,ခဲ့တာပါ။

ကျွန်တော် ထွက်တွေ့တော့ ကျွန်တော့်ကို လပြည့်လို့ပဲ ဖေဖေက ထင်သွားခဲ့တယ်။ ဖေဖေ မေးခဲ့တဲ့ အကြောင်းအရာ မှန်သမျှကိုလည်း ကျွန်တော် ဖြေနိုင်ခဲ့တယ်လေ။ အန်တီမွန် ဆုံးတဲ့အကြောင်းက အစပေါ့။

ရန်ကုန်ကို တစ်ခါတည်း လိုက်ခဲ့ဖို့ ဖေဖေက ခေါ်တယ်လေ။ စဉ်းစားဦးမယ်၊ ဘာညာအကြောင်းပြခဲ့ရတယ်။ ဖေဖေ ပြန်သွားတော့မှ ကျွန်တော်တို့ နှစ်ယောက် ခေါင်းချင်းဆိုင်

ရတော့တာပေါ့။ တစ်ခု ဆိုးသွားတာက ဖေဖေက ဖိုးကျော်နဲ့ အစီအစဉ်ကိုပါ ပြောသွားခဲ့တာလေ။ အဲဒါဟာ လပြည့် ပြန်မလာဖို့အတွက် အဓိက အကြောင်းပြချက်ပဲ။ မင်းခန့်က, လည်း ဒီကိုပြန်လာဖို့ (၆)လလောက် လိုသေးတယ်။ မင်းခန့် မရောက်လာမချင်း၊ လပြည့်ကလည်း မလာနိုင်ဘူး။ မင်းခန့် ကလည်း ခွင့်မပြုဘူး။ ဖိုးကျော်နဲ့ ကိစ္စကို အန်တီမွန် ပြော တုန်းက သူလည်း အနားမှာ ရှိခဲ့တာကိုး။

နောက်ဆုံးတော့ လပြည့်ကို ရန်ကုန်ပြန်ဖို့ တိုက်တွန်း မိတဲ့ ကျွန်တော့်ဆီကိုပဲ ကိစ္စတွေ ပုံတော့တာပဲပေါ့။ သူက ဒါရိုက်တာလေ။ ဆရာမကြီးလည်း သူပဲ။ ကျွန်တော်က သူ့ဆန္ဒမှန်သမျှ ဖြည့်ရတဲ့ အဖြည့်တော်။

♥ ♥ ♥





ကိုကို

တကယ်ဆိုရင် အယောင်ဆောင်မှုဆိုတာ ပြစ်ဒဏ်ကြီး လေးပါတယ်။ ကျွန်တော့်ကို ခွင့်မလွှတ်ဘူးဆိုရင် ကိုကိုနဲ့ ဖေဖေ ကြိုက်သလို စီရင်ကြပါ။ အခုတော့ ကျွန်တော် ဒီမှာ ဘယ်လိုမှ ဆက်နေလို့ မဖြစ်တော့လို့ မန္တလေးကို ပြန်ပါ တော့မယ်။ မန္တလေးအဆောင်လိပ်စာနဲ့ ဖုန်းနံပါတ်ကိုတော့...

♥ ♥ ♥

ရန်ကုန်မြို့ကြီးက
ဟန်ဆောင်မှုတွေများပြီး
မိတ်ကပ်ခပ်ထူထူနဲ့
ဒစ္စကို ကလပ်မှာ တွေ့ရတဲ့
ကောင်မလေးတစ်ယောက်လိုပဲ။
ကျွန်တော်ကတော့ မန္တလေးမှာပဲ ပျော်တယ်
မန္တလေးကိုပဲ ချစ်တယ်။
မန္တလေးက
အရှက်အကြောက်ကြီးပြီး
ခြေတစ်လှမ်း ကုဋေတစ်သန်းလျှောက်တဲ့
အပျိုကြီးမမနဲ့ တူတယ်။

**မေပြည့်ဆေ**

---

**ရွှေသမင်စာပေ**

၉။

ရင်ခွင်မှာ ပိုက်ထားမိသော သားရေဖုံး စာအုပ်အနက်ကလေးကို ဘယ်နှကြိမ်မြောက်မှန်းမသိ ပြန်ဖွင့်ကြည့်မိပြန်သည်။ ပုလဲလုံးလေးတွေ စုစည်းသီကုံးထားသလို ညီညာလှပနေသော လက်ရေးလေးများ ...။ ထိုလက်ရေးလေးတွေဟာ မျက်ရည်တွေ ဘယ်လောက် စတေးခဲ့ပြီးမှ စာရွက်ပေါ် ရောက်ခဲ့ကြသည် မသိ။ တချို့ စာလုံးတချို့က မျက်ရည်စက်တွေကြောင့် မင်တွေပြန့်လို့ ...။

ပြီးတော့ ... အံဆွဲထဲမှာ စီစီရီရီ ထည့်ထားသော သူပေးခဲ့သည့် ပိုက်ဆံတွေ။ ထိုပိုက်ဆံထုပ်ပေါ်မှာတော့ သုံးစွဲ

ခဲ့သည့် စာရင်းတချို့ကို ရေးမှတ်ထားသော စာရွက်အပိုင်းအစ တစ်ခု။ သူ ပင့်သက်ရှိုက်လိုက်မိသည်။ သူမ အကျိုးစီးပွား၊ သူမ လိုအပ်ချက်အတွက် ဘာတစ်ခုမှ သုံးစွဲမထားခဲ့သူ။ သူ ဆင်ပေးထားခဲ့သော လက်ဝတ် ရတနာတို့သည်လည်း ဒီအတိုင်း။ အဝတ်အစားတို့ကလည်း အသစ်စက်စက် အရာ မယွင်းရှိဆဲ။

သူမနှင့်အတူ ပါလာခဲ့သော ပစ္စည်းပစ္စယ အချို့ကို တော့ ပြင်ဆင်ထုပ်ထားနှင့်ပြီးသား တွေ့ရပါသည်။ ဒါဆိုရင် သူမဟာ မကြာခင် ကာလအတွင်းမှာ ဒီအိမ်ကနေ ထွက်ခွာ သွားဖို့ ပြင်ဆင်ထားပြီးသားပေါ့။ ဖေဖေ တစ်စုံ တစ်ခုဖြစ်လို့ အကျဉ်းအကျပ်ထဲရောက်မှ မလွှဲသာလို့ ဖွင့်ပြောရတာမျိုး လည်း မဟုတ်ခဲ့ဘူးပေါ့။ ဒီမှာ ဆက်နေလို့ မဖြစ်တော့တဲ့ အကြောင်းအရာဟာ ဘာများပါလိမ့်။

သူကိုယ်တိုင်လည်း မသိတော့ပေ။

ဖေဖေ့ကိုပဲ ဆေးရုံမှာ စောင့်အိပ်ပေးမယ်ဆိုတာကြောင့် သူက လိုအပ်တာတွေယူဖို့ အိမ်ကိုပြန်လာခဲ့တာ ဖြစ်ပါသည်။





သူမ ဆေးရုံမှာ စောင့်နေစဉ် ကာလမှာ သူမအတွက် လိုအပ် မယ်ထင်တာတွေကိုပါ ယူသွားပေးဖို့ စိတ်ကူးနှင့် သူမ အခန်း ကို ရောက်ဖြစ်ပြီး သူမ ဗီရိုကို ဖွင့်ဖြစ်ခြင်းပါ။ မထင်မှတ်ဘဲ သူ့အတွက် ရည်ရွယ်ကာ ရေးထားခဲ့သော စာအုပ်ကိုဖတ်ဖြစ် ခဲ့သည်။ စာအုပ်က မဆုံးသေး ...။ သူမ ဘယ်လိုအဆုံးသတ် ဖို့များ ရည်ရွယ်ထားလည်းတော့ မသိ။

လက်ဆွဲအိတ် တစ်အိတ်ထဲကို လိုအပ်တာတွေ ကောက် ထည့်ပြီး အိမ်ရှေ့ဧည့်ခန်းမှာ ချထားလိုက်သည်။ ဖေဖေ စ,ဖြစ်တဲ့ ညဥ့်နက်သန်းခေါင် ကတည်းက အခုချိန်ထိ၊ သူ တစ်ရေးမှ မမေးရသေး။ မျက်လုံးတွေက ကျိန်းစပ်စပ်ဖြစ် လာတာမို့ ဒီအတိုင်း ရေနွေးထဲကို Coffee Mix တစ်ထုပ် ဖောက်ထည့်ကာ သောက်လိုက်သည်။ ဒီနေ့ တစ်နေ့လုံး အိမ်ကို ပြန်လာဖြစ်ဖို့ မသေချာတာမို့ မလိုအပ်သည့် မီးခလုတ် တွေကို လိုက်ပိတ်နေစဉ်မှာပဲ အိမ်ရှေ့က ဘဲလ်သံ ကြားရ လေသည်။

တံခါးဖွင့်ပေးလိုက်တော့ ဖိုးကျော်နှင့် မေ။ ဖေဖေ့

အကြောင်းကို သူ ခုနက အိမ်ရောက်ရောက်ချင်း ဖိုးကျော်ဆီ ကို ဖုန်းဆက်ထားခဲ့တာ။

"ကိုကိုထွဋ် ... အခြေအနေ ကောင်းရဲ့လား"

"အင်း ... စိတ်တော့ချရပြီ ထင်ပါတယ် ... ကိုယ်က လိုတာတွေယူဖို့ ခဏပြန်လာတာ ... ဖေဖေ့ကို သူစောင့်နေ တယ်"

"လပြည့်လား ... တစ်ယောက်တည်း ဖြစ်ပါ့မလား"

ညီမလေး ... ဆိုသော နာမ်စားသည် သူ့နှုတ်က ထွက်မလာ။ တွန့်ဆုတ်၍ နေသည်။ လပြည့်လား ... လို့ မေးတော့လည်း သူ ခေါင်းလည်းမညိတ်နိုင်၊ ခေါင်းလည်းမခါ နိုင်။ မေတို့ မောင်နှမကတော့ ဖေဖေ့ အခြေအနေကြောင့် သူ စိုးရိမ်ကြီးစွာ မူဖျက်နေသည်လို့ ထင်ပါလိမ့်မည်။

"ဖြစ်ပါတယ် ... နာ့စ်လည်း ရှိတယ်၊ ဆရာဝန်တွေ လည်း ချက်ချင်းလာကြည့်ပေးကြပါတယ်"

"အခု ဆေးရုံပြန်သွားမှာ မဟုတ်လား၊ မေတို့လိုက်ခဲ့ မယ်နော်"





ထိုအခိုက် ဘဲလ်က မြည်လာပြန်သည်။ မေက တံခါး သွားဖွင့်သည်။ ပိတောက်ဖြစ်နေပါသည်။

"အခုပဲ အောက်ထပ်ဆင်းတော့ security က တစ် ယောက်က ပြောလိုက်လို့ စိတ်ပူပြီး ပြန်တက်လာတာ ... ဘယ်လိုလဲ ... သက်သာရဲ့လား ကိုကိုသူရိန် ... ဘယ်ဆေးရုံ မှာ တင်ထားလဲ"

"SSC (Shwegondine Specialist Centre) မှာပဲလေ၊ သတိတော့ ရနေပါတယ်"

"ပိတောက် လိုက်ခဲ့မယ်နော် ... ဆေးရုံမှာ လပြည့် တစ်ယောက်တည်း မဟုတ်လား ... ပိတောက် လိုက်ခဲ့ပေးမယ်၊ လိုအပ်တာတွေ ယူပြီးပြီလား ... ဟင် ... ဒီအထုပ်တွေလား ... လိုသေးတယ် ကိုကိုသူရိန်ရဲ့"

ပိတောက်ကတော့ သူမ ရောက်လာပြီးကတည်းက ကိုယ့်အိမ်ကိုယ့်ရာလို တရင်းတနှီး ဝင်ထွက်နေတာမို့ ဆိုးဆိုး ဆတ်ဆတ်နှင့် လုပ်ရဲကိုင်ရဲ ရှိပါသည်။ သူ ယူထားသော ပစ္စည်းတွေကို ပြန်ကြည့်ပြီး ဓာတ်ဘူး လိုသေးတယ်၊ ဖန်ခွက်

လိုသေးတယ်၊ စိပ်ပုတီးလည်း လိုတာပဲ ဆိုပြီး နှုတ်ကလည်း ပြော၊ လူကလည်း အပြေးအလွှား ယူလိုက်၊ ထည့်လိုက်နှင့် အလုပ်ရှုပ်သွားလေသည်။

ဖိုးကျော် ထိုင်နေသည့် နှစ်ယောက်ထိုင် ဆိုဖာကြီးမှာ မေက မထိုင်ချင် ထိုင်ချင် ပုံစံနှင့် ဝင်ထိုင်သည်။ မိန်းကလေးတွေရဲ့ ပြိုင်ဆိုင်မှုကို သိတာမို့ သူက စိတ်ရှုပ်နေရသည့်ကြားထဲမှာ ရယ်ချင်သွားရသေးသည်။

သူမဟာ လပြည့်မဟုတ်ဘူးဆိုတာကိုများ သိသွားကြရင်တော့ ပိုဆိုးကြလိမ့်ဦးမည်။ သူနဲ့ဘာမှ မတော်စပ်ဘဲ၊ လအတော်ကြာ တစ်အိမ်တည်း နေခဲ့ကြတယ်ဆိုပြီး ...။

"... ... ..."

ဖုန်းသံမြည်လာတာမို့ ဘယ်သူမှ မကိုင်ရခင်မှာ မေက အရင်ဦးအောင် ပြေးကိုင်သည်။ အခိက,ကတော့ ပိတောက် မကိုင်ခင် ကိုင်မှန်း၊ သူ သဘောပေါက်သည်။ မိန်းကလေးတွေဟာ တကယ် မလွယ်တာပဲ။

"ဟယ်လို ..."





"... ... ..."

"ရှင် ... မဟုတ်ပါဘူး ... ပြည့်ဝေ ... ဟုတ်လား ... ခဏနော်"

မေက ဇဝေဇဝါနှင့် သူ့ကို လှမ်းကြည့်သည်။

သူ ထိုင်နေရာကနေ ဖုန်းတင်သည့် စင်နားကို ချက်ချင်းရောက်သွားပါသည်။ ပိတောက်ကလည်း ဘာကြောင့်မှန်း မသိ၊ သူ့နားကို ရောက်လာသည်။ သူက မေ့လက်ထဲက ဖုန်းခွက်ကို ပြောင်းယူလိုက်ရင်း ...

"ဟယ်လို"

"... ..."

တစ်ဖက်က ဘာစကားသံမှ မကြားရ၊ အသက်ရှူသံ သဲ့သဲ့ကိုတော့ ကြားနေရသည်၊ မန္တလေးက ဖုန်းဆိုတာ သေချာတာမို့ ...

"ဟယ်လို ... ညီမလေး ... ကိုကိုပါ၊ ညီမလေး ဒီကို အမြန်လိုက်လာခဲ့ပါ၊ ဖေဖေ့ကို ဆေးရုံတင်ထားရတယ်"

ဘေးမှာ ရှိနေသော သုံးယောက်စလုံး၏ တအံ့တသြ အကြည့်တို့က သူ့ထံ ရောက်လာပါသည်။

တစ်ဖက်ကတော့ ဘာမှ မတုံ့ပြန်သေး။ နားထောင်နေတာတော့ သေချာရဲ့။ တအံ့တသြလည်း ဖြစ်သွားပုံပါ။

"ညီမလေး ... အမြန်လိုက်လာခဲ့နော်၊ ဖေဖေ့ကို SSC အခန်း( )မှာ တင်ထားရတယ်"

"ပြည့် ... ပြည့်ဝေရောဟင်"

အသံလေးက တုန်ယင်တိုးညှင်းလှစွာ။ နှစ်ကိုယ့်တစ်စိတ်လို့ သူမ စာထဲမှာ ရေးထားတာ ဟုတ်မှန်နေတာပဲ။ ဖေဖေ့ကို ဆေးရုံတင်ထားရတယ် ဆိုတာတောင်မှ ညီမလေးကလည်း သူမကိုသာ အရင်မေးလေသည်။

"ရှိတယ် ... သူလည်းရှိတယ် ... အခု ဖေဖေ့အနားမှာပဲ ... အားလုံး အဆင်ပြေတယ် ... ညီမလေးသာ အမြန်ဆုံး လာခဲ့တော့"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်တော် လာခဲ့ပါ့မယ်၊ ဒါဆို ဒါပဲနော်"





ဖုန်းချအပြီးမှာတော့ သူ့အပြောကို ငံ့လင့်တွေသေး မျက်လုံးတွေနှင့်။ လောလောဆယ်တော့ သူ ဘာကိုမှ မရှင်း နိုင်သေးပါ။ သူက တမင်ပင် မသိချင်ယောင်ဆောင်နေလို ပါသည်။

"ကဲ ... ဆေးရုံ သွားတော့မယ်၊ ဖိုးကျော်တို့လည် ဆေးရုံသွားမှာ မဟုတ်လား၊ သွားကြမယ်လေ"

♥ ♥ ♥

သူဘာကိုမှ ဖြေရှင်းစကားလည်း မစ,တာကြော ဘယ်သူကမှလည်း စကားမစ,တော့ပါ။ ဖိုးကျော်တို့ မောင် နှမက သူတို့ကားနဲ့ သူတို့ လာတာမို့ ရှေ့ကနေ သွားနှင့်ပါ သည်။ ပိတောက်ကတော့ သူ့ဘေးမှာ ပါလာသည်။ အိမ် ကနေ ကားစ,ထွက်တော့ ဘာမှ မပြောသေး။ လမ်းတစ်ဝက် လောက် ရောက်တော့မှ ပိတောက်သည် ခပ်တိုးတိုးနှင့် ...

"ကိုကိုသူရိန် ဘယ်တုန်းက သိတာလဲ"

ပီတောက်လည်း ဒီကိစ္စကို သိနှင့်ပြီးသား ဖြစ်ပုံ။ အင်း ပေါ့လေ၊ သိနိုင်တာပေါ့။ ပီတောက်က သူနဲ့ သိပ်တွဲတဲ့ဥစ္စာ။ ပီတောက်ကပါ သူမဘက်သား ဖြစ်ပြီး သူ့ကို ဝိုင်းလျှို့ဝှက် ပေးထားတာလား။

"ကိုယ်သိတာ မကြာသေးပါဘူး ... ညတုန်းက ဆေးရုံ ရောက်မှပါ၊ ပီတောက်ရော ... ကိုယ့်ကို ဖုံးကွယ်ထားခဲ့တာ လား"

"ပီတောက် အဲဒီသဘောနဲ့ မဟုတ်ပါဘူး ... ပီတောက် လည်း သိတာ မကြာသေးပါဘူး၊ သူများ မိသားစုကိစ္စကို ဝင်စွက်ဖက်သလို ဖြစ်မှာစိုးလို့ပါ"

"ကိုယ် နားလည်ပါတယ်"

"လပြည့် ...အဲလေ ... မြေပြည့်ဝေက ဘာပြောခဲ့လဲ"

သွေးလှူသည့်ကိစ္စနှင့် ပတ်သက်သည့် အကြောင်းကို သူက အတိုချုံး၍ ပြောပြလိုက်ပါသည်။

"ဒါပေမယ့် သူ့မှာ ဒီကိစ္စ မဖြစ်ခဲ့ရင် ဒီက ထွက်သွား ဖို့ ရည်ရွယ်ချက် ရှိထားပြီးသား ထင်တယ် ပီတောက်ရဲ့"





သူက ဂျာကင်အင်္ကျီအိတ်ထဲ ထည့်ထားသော စာအုပ် လေးကို ပီတောက်ကို လှမ်းပေးလိုက်သည်။ ပီတောက်က တစ်ရွက်စ၊ နှစ်ရွက်စလောက်သာ လှန်ကြည့်ပြီး ....

"အင်း ... အဲဒီလိုပဲ သူဆုံးဖြတ်မှာပေါ့လေ၊ သူထွက် သွားတော့မှာပေါ့၊ သူ့မှာ ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတော့ တာပဲ"

"ကိုယ် သိပ်နားမရှင်းဘူး ပီတောက် ... ဘယ်လို ပြဿနာမျိုးတွေရှိနေလို့ ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတော့ တယ်လို့ ပြောရတာလဲ"

ပီတောက် ပြုံးလိုက်ပါသည်။ မိန်းကလေးတွေရဲ့ အတွင်းစိတ်ကို မိန်းကလေးတွေကသာ အသိဆုံးပါ။ ဘာမှ သွေးမတော် သားမစပ်ကြတဲ့ သူစိမ်းနှစ်ယောက်ဟာ တစ်မိုး အောက်မှာ အချိန်ကာလ တစ်ခုအထိ အတူတကွ နေခဲ့ရတဲ့ နောက်၊ သူကတော့ ညီမလေးဆိုတဲ့ အသိစိတ် ရှိနေတဲ့ သူ့မို့ ဘာမှ မဖြစ်ခဲ့ဘူး ဆိုနိုင်ပေမယ့်၊ ဘာမှ မတော်စပ်မှန်း သိနေခဲ့တဲ့ သူမအနေနဲ့ကတော့ ...။

သူ့ကို အားကိုးတကြီး ကြည့်တတ်သော သူမ မျက်ဝန်းတွေကို ပိတောက် နားလည်ပါသည်။ ပိတောက် ကိုယ်တိုင်လည်း သူ့ကို စိတ်ဝင်စားခဲ့၊ ရင်ခုန်ခဲ့ဖူးတာတော့ ဝန်ခံရပေသည်။ သူ့လို အစစ အရာရာ ပြည့်စုံသူတစ်ယောက်ကို ဘယ်မိန်းကလေးက စိတ်ကူးမယဉ်ဘဲ ရှိပါ့မလဲ။ ဒါပေမယ့် ယောကျ်ားလေးတွေကသာ အချစ်ကို ရွေးချယ်ဖွင့်ဟခွင့်ရှိသည်လေ။ ကိုယ် ဖန်ဆင်းခွင့်မရတဲ့ ပန်းကို ဘယ်သူမှ ခူးလို့ မရတော့အောင်၊ တံချူနဲ့တော့ ကြွေမွသွားအောင် မရိုက်ချင်ပါ။

"ကိုကိုသူရိန် တကယ် မသိဘူးလား၊ မသိချင်ယောင်ဆောင်နေတာလား"

"ကိုယ် တကယ်မသိတာပါ ပိတောက်"

"ကိုယ့်ညီမလေး အရင်း မဟုတ်ဘူးလို့ ကိုယ့်ဘက်ကပဲ တစ်ဖက်သတ် သိထားတဲ့ မိန်းကလေး တစ်ယောက်ကို တကယ့် မောင်နှမရင်းချာတွေလို ဆက်ဆံရတဲ့အခါ၊ အချိန်ကြာလာရင် ကိုကိုသူရိန် ဘယ်လိုခံစားလာရမလဲ"





ပိတောက်က သူ့ကို မေးခွန်းပြန်မေးခဲ့ပြန်သည်။ ဘယ်လိုခံစားလာရမလဲတဲ့။ ငယ်ငယ်ကတည်းက ကိုယ့်ညီမရင်းချာလို မွေးစားခဲ့တယ် ဆိုရင်တော့ တကယ့် မောင်နှမရင်းချာတွေလိုပဲ သဘောထား သတ်မှတ်သွားလိမ့်မည်။ ဘယ်လိုမရိုးမသား စိတ်မျိုးမှ ဖြစ်လာနိုင်မှာ မဟုတ်ပါ။

ဒါပေမယ့် ... သူမကို သိခဲ့ရတာကတော့ အဲဒီလိုပုံစံမဟုတ်။

တကယ့်ကို ညီမလေးအမှတ်နဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေခဲ့ကြပြီးမှ သူမဟာ ကိုယ့်ညီမလေး မဟုတ်မှန်း ရုတ်တရက်သိခဲ့ရတာ။ ကိုယ့်ညီမလေးဆိုပြီး သူမကို ကြင်ကြင်နာနာနဲ့ သိုင်းဖက်ထားဖြစ်ခဲ့တာတွေ၊ သူမ ဖန်ကွဲစ စူးခဲ့တုန်းကလည်း ကလေးတစ်ယောက်လို ချီပိုးခဲ့တာတွေ၊ ပြီးတော့ သူမ အနားမှာ တစ်ညလုံး သူနေပေးခဲ့တာ။

ကိုယ် ဘယ်လိုခံစားလိုက်ရတယ် ဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်တတ်တော့ပါ။

ကားက ဆေးရုံအောက်ကို ရောက်လာသည်အထိ ပိတောက်မေးခဲ့သည့် မေးခွန်းကို သူ မဖြေနိုင်ခဲ့။

ကားကို ပါကင်မှာ ရပ်ပြီး ကားပေါ်က မဆင်းခင်မှာ ပိတောက်က သူ့မျက်လုံးတွေထဲကို တည့်တည့်စိုက်ကြည့်ကာ ...

"ကိုကိုသူရိန် ... ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတော့တယ်ဆိုတဲ့ စကားကို နားရှင်းသွားပြီ မဟုတ်လား"

သူ့ရင်တွေ ပရမ်းပတာ ခုန်သွားခဲ့ပါသည်။

♥ ♥ ♥

ဆေးရုံ၏ အထူးလူနာခန်းလေးထဲမှာ လူတွေများလို့နေပါသည်။ အန်ကယ်မောင်နဲ့ အန်တီလှ၊ ဖိုးကျော်နဲ့မေ၊ ပြီးတော့ ... ပိတောက်။ သူမကတော့ ဖေဖေ့ ခုတင်ခြေရင်းက ခွေးခြေပုလေးမှာ မလှုပ်မယှက် ထိုင်နေခဲ့သည်။ သူကတော့ သူမကို မျက်နှာချင်းဆိုင် မြင်နေရသော ဖေဖေ့ ခုတင်ခေါင်းရင်းနား မကျတကျက နံရံကို မှီရင်း ရပ်နေဖြစ်လေသည်။





ပိတောက် မေးခဲ့တဲ့ မေးခွန်းရဲ့ အဖြေကို သိ မသိတော့သူ မသိ။ သူမ မျက်ဝန်းတွေနှင့် ရင်ဆိုင်လိုက်တိုင်း သူ့ရင်တွေ ပရမ်းပတာ ခုန်လာလေသည်။ သူမကို ရဲရဲ ရင်မဆိုင်ရဲ။ သူမကလည်း သူ့အကြည့်ကို ရင်မဆိုင်ရဲဟန်နှင့် ဖေဖေ့ကိုသာ စူးစူးစိုက်စိုက် အကြည့်ပို့ထားပါသည်။

"ငါတော့ နေမကောင်း ဖြစ်တော့မှပဲ လူစုံတက်စုံတွေ့ရတော့တယ်"

ဖေဖေက အခုတော့လည်း လူကောင်းပကတိနီးပါး ဖြစ်နေပါပြီ။ ပြီးတော့ ... အားလုံးကို ဖေဖေ သိသွားပြီးခဲ့ပြီ။ သူကတော့ ဖေဖေ့ ရောဂါကြောင့် ဖေဖေ့ကို ဖုံးကွယ်ထားလိုက်ဖို့ စဉ်းစား ထားခဲ့တာပါ။ ဖေဖေက အစောကြီးကတည်းက ရိပ်မိနေခဲ့တာ ဖြစ်သတဲ့။ သတိရလာတာနဲ့ ဖေဖေ့ကို သွေးလှူခဲ့တဲ့သူဟာ သူမ မဟုတ်ခဲ့ဘူးဆိုတာ သိခဲ့ရတာနဲ့ သူမဟာ လပြည့် မဟုတ်ဘူးလို့ ဖေဖေ သေချာသိခဲ့ပြီးပြီ။

သူမဟာ လပြည့် မဟုတ်ပေမယ့် သူမ ရောက်လာပြီးမှ သူတို့ မိသားစုလေးဟာ ပျော်ရွှင်စရာတွေနဲ့ စည်ကားလာ

ခဲ့တာ။ အိမ် ဆိုတဲ့ နွေးထွေးတဲ့ အရသာရှိခဲ့တာ။ ဖေဖေက သူမကို တကယ့်သမီးရင်းချာလို သံယောဇဉ် တွယ်နေပြီဖြစ်သည်။

"ဒါပေမယ့် ... တစ်ယောက်တော့ လိုနေသေးတယ်နော် သား" -

"လာတော့မှာပါ၊ ဖုန်းဆက်ထားပြီးပါပြီ ဖေဖေ"

"ကောင်းတာပေါ့ကွာ ... တစ်ခုတော့ ရှိတယ် ... တင်မောင် ... မင်းနဲ့ ငါနဲ့ ခမည်း ခမက် မတော်လို့တော့ မဖြစ်ဘူးနော်"

သူနှင့် သူမ အကြည့်ချင်း ဆုံသွားပါသည်။

သူမ မျက်ဝန်းထဲက အဓိပ္ပာယ်ကို သူ မဖတ်နိုင်သေးခင်မှာ သူမက အရင်ဦးအောင် မျက်လွှာချသွားလေသည်။

♥ ♥ ♥



ကိုကို

ကျွန်တော် မန္တလေးကို ပြန်သွားပါပြီ။

မေပြည့်ဝေ

♥ ♥ ♥

ရှေးလူကြီး ဆိုတာကလည်း အခက်သားပါ။ ... အလမ်း တစ်ခု ရှိပြီဆိုရင် ထိုအစွဲအလမ်းကို ဖျောက်ပ... အင်မတန် ခက်ခဲလေသည်။

အန်ကယ် မောင်နဲ့မှ ခမည်းခမက် တော်ချင်ပါသ... ဆိုသော ဖေဖေ့ တစ်ယူသန် အစွဲအလမ်းကိုပျောက်ဖို့ ... အချိန် နည်းနည်းတော့ ယူရပါဦးမည်။ ကြိုးစားရပါဦးမ...

မန္တလေးကို ချက်ချင်း လိုက်မလာနိုင်ခဲ့သော သူ့... သူမ စိတ်ဆိုးနေမှာတဲ့လား။ ဝမ်းနည်း အားငယ်နေမှာတဲ့လ... စိတ်ပျက် လက်လျှော့သွားမှာတဲ့လား။

ရွှေသမင်စာပေ

မန္တလေးကို မလိုက်လာနိုင်သေးခင် အချိန်မှာ မန္တလေး သူကို တစ်ခုတော့ ပြောထားချင်ပါသည်။

သူ ... သေချာပေါက် မန္တလေးကို လိုက်လာခဲ့ပါမည်။



11:08 AM
21St; AUG; 2002
WEDNESDAY